ရွေးကောက်ပွဲစောင့်ကြည့်ရေး

# ကမ္ဘောဒီးယား – ဒီမိုကရေစီဆီသို့ခြေလှမ်းသစ်တလှမ်း

**ဝင်းမောင်**

ကမ္ဘောဒီးယားနိုင်ငံသည် ဒီမိုကရေစီဆီသို့ တတိယခြေလှမ်း လှမ်းလိုက်ပါချေပြီ။ ဇူလိုင်လ ၂၇ ရက်နေ့တွင် အခြေခံဥပဒေပြဋ္ဌာန်းချက်နှင့်အညီ အစိုးရသစ်တရပ်အတွက် အထွေထွေ ရွေးကောက်ပွဲကို ကျင်းပခဲ့ပေသည်။ ရွေးကောက်ပွဲသည် ဒီမိုကရေစီစနစ်၏ အဓိကကျသော လုပ်ငန်းစဉ်ဖြစ်သည်မဟုတ်ပါလား။ ယခုရွေးကောက်ပွဲမှာ ဆယ်စုနှစ်ကာလတခုအတွင်း တတိယအကြိမ်မြောက်ကျင်းပသော ရွေးကောက်ပွဲဖြစ်သည်။ ကမ္ဘောဒီးယား ပြည်သူလူထုကြီးသည် ၎င်းတို့လိုလားနှစ်သက်သော နိုင်ငံရေးပါတီကို တခဲနက် မဲပေးရွေးချယ်လိုက်ကြသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ ဒီမိုကရေစီစနစ်ဆီသို့ ဦးတည်ချီတက်ခြင်းအား နှေးကွေးလှသည်ဟု ဆိုကောင်းဆိုနိုင်ပါ၏။ သို့သော် ရပ်တန့်နေသည်ဟုကား ဆို၍မရ၊ အမှန်ပင် ချီတက်နေသည်မှာ မြင်သာလှသည်။ အနှစ်သာရနှင့်ပြည့်စုံသည့် ဒီမိုကရေစီစနစ်ဆီသို့ အရှိန်အဟုန်နှင့်ချီတက်ရန် နှောင့်နှေးစေသည့် နိုင်ငံရေးရာသီဥတုကား ရှိနေသေးသည်ဟု ဆိုနိုင်ပါသည်။

## နိုင်ငံရေးနောက်ခံနှင့် ရွေးကောက်ပွဲများ

ကမ္ဘောဒီးယားနိုင်ငံသည် နှစ်ပေါင်းများစွာ ပြင်သစ်ကိုလိုနီနယ် ဖြစ်ခဲ့သည်။ ဒုတိယကမ္ဘာစစ်အပြီး ဂျပန်တို့ ထွက်ခွာရပြီး၊ ပြင်သစ်တို့ ပြန်လည်လာရောက်အုပ်ချုပ်သည့်အခါ ပြင်သစ်ယူနီယံအတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်အဆင့်ပေးကာ အုပ်ချုပ်ခဲ့သည်။ သီဟာနုအား ပြည်နယ်၏ဘုရင်အဖြစ် ထားရှိသည်။ အမျိုးသားပါလီမန်ရွေးကောက်ပွဲများကို ၁၉၄၇ နှင့် ၁၉၅၁ တွင် ကျင်းပခဲ့သည်။ ဒီမိုကရက်ပါတီက အမတ်

အများစုနေရာကို အသာရရှိခဲ့သည်။ လွတ်လပ်ရေး☸ရပြီးသည့်နောက် ၁၉၅၅ ခုနှစ် စက်တင်ဘာလတွင် ပါလီမန်ရွေးကောက်ပွဲကျင်းပရာ မင်းသားကြီးသီဟာနု⌘ဦးဆောင်သည့် (People's Socialist Community) ပါတီမှ အမတ်နေရာ ၈၀ ရာခိုင်နှုန်း ကျော်ကို ရရှိသည်။ ၁၉၅၈၊ ၁၉၆၂၊ ၁၉၆၆ ခုနှစ်များတွင်လည်း သီဟာနုပါတီမှပင် အမတ်နေရာ အားလုံးနီးပါးကို အနိုင်ရရှိခဲ့သည်။

လွတ်လပ်ရေးရပြီးချိန်မှစ၍ နိုင်ငံရေး ရှုပ်ထွေးမှုသည်လည်း တစတစ အရှိန်မြင့်လာခဲ့သည်။ ထို့အပြင် အိမ်နားနီးချင်းနိုင်ငံများ၏ နိုင်ငံရေးဂယက်သည် အနည်းနှင့်အများဆိုသလို ကမ္ဘောဒီးယားနိုင်ငံကို ရိုက်ခတ်ခဲ့သည်။ ဗီယက်နမ်စစ်ရှိန်ကလည်း ကမ္ဘောဒီးယားနိုင်ငံကို လွှမ်းဟပ်ခဲ့သည်။ မြောက် ဗီယက်နမ်အား ထောက်ခံကူညီသည်ဟူသော စွပ်စွဲချက်ဖြင့် ဗီယက်နမ်ကိုတိုက်ခိုက်နေသည့် အမေရိကန်တပ်များက ကမ္ဘောဒီးယားနိုင်ငံကို ဗုံးကြဲတိုက်ခိုက်ခဲ့ရာ ကမ္ဘောဒီးယားပြည်သူများ အမေရိကန်၏ဗုံးကြဲမှုဒဏ်ကို ခံခဲ့ကြရသေးသည်။

လက်ဝဲလက်ယာ နိုင်ငံရေးအားပြိုင်မှုက အဓိက နိုင်ငံရေးအရှုပ်ထွေးဖြစ်သည်။ မြန်မာနိုင်ငံမှာကဲ့သို့ လူမျိုးစု လက်နက်ကိုင်တော်လှန်ရေးတော့မရှိ။ ၁၉၆၇ ခုနှစ်တွင် ကွန်မြူနစ်တို့ဦးဆောင်သော လက်နက်ကိုင်တော်လှန်မှု ပေါ်ပေါက်ခဲ့သည်။ ၁၉၇၀ ခုနှစ်တွင် မင်းသားကြီး သီဟာနု ပြည်ပခရီးထွက်နေစဉ် ဗိုလ်ချုပ်ကြီးလုံနိုးက အာဏာသိမ်း၍ အခြေခံဥပဒေအသစ်တရပ် ရေးဆွဲခဲ့ပြီး ၁၉၇၂ ခုနှစ်၊ မေလ ၂ ရက်နေ့တွင် အခြေခံဥပဒေကို အတည်ပြုခဲ့သည်။ နိုင်ငံနာမည်ကို အခြေခံဥပဒေဖြင့် ဒီမိုကရက်တစ် ရီပတ်ဗလစ် ကန်ပူးချား ဟူ၍ ပြောင်းလဲခဲ့သည်။ ဘုရင်စနစ်အစား သမတ စနစ်အုပ်ချုပ်ရေးကိုပြဋ္ဌာန်းခဲ့သည်။ ဘုရင်စနစ် ယာယီ ချုပ်ငြိမ်းသွားသည်။

သမတ ရွေးကောက်ပွဲကို ၁၉၇၂ ခုနှစ်၊ ဇွန်လ ၄ရက်နေ့တွင်ကျင်းပခဲ့ရာ ဗိုလ်ချုပ်ကြီးလုံနိုးက ၅၅ ရာခိုင်နှုန်းဖြင့် အနိုင်ရခဲ့သည်။ ဥပဒေပြုအထက်လွှတ်တော်နှင့် အောက်လွှတ်တော် ရွေးကောက်ပွဲကို စက်တင်ဘာ ၁၈ ရက်နေ့တွင် ကျင်းပခဲ့ရာ အတိုက်အခံပါတီများက ရွေးကောက်ပွဲ လုပ်ထုံးလုပ်နည်း မမျှတဟုဆိုကာ ရွေးကောက်ပွဲ မဝင်ခဲ့ကြပေ။ ထို့ကြောင့် ဆီးနိတ်အထက်လွှတ်တော်နှင့် အောက်လွှတ်တော်အမတ်နေရာအားလုံးကို အစိုးရ၏ ဆိုရှယ်ဒီမိုကရက်ပါတီကသာ ရရှိခဲ့သည်။ နောက်ပိုင်းတွင် သမတ လုံနိုးက အတိုက်အခံ နိုင်ငံရေးပါတီ အားလုံးကိုလည်း ပိတ်ပင်ပစ်ခဲ့သည်။ ၁၉၇၀ ခုနှစ်နှင့် ၁၉၇၅ ခုနှစ်အကြား ခမာနီလက်နက်ကိုင်အုပ်စု၊ ခမာနီတို့နှင့် မဟာမိတ်ပြုထားသော မင်းသားကြီး သီဟာနု ဦးဆောင်သည့်အုပ်စုတို့နှင့် သမတလုံနိုးအစိုးရတို့အကြား တိုက်ပွဲများပြင်းထန်စွာ ဖြစ်ပွားခဲ့သည်။ ၁၉၇၅ ခု၊ ဧပြီလတွင် သမတလုံနိုး အမေရိကန်သို့ ထွက်ပြေး

☸ ၁၉၅၃ ခုနှစ်၊ နိုဝင်ဘာလတွင် လွတ်လပ်ရေးကြေညာခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် ကုလသမဂ္ဂမှ အသိအမှတ်ပြုခဲ့သည်။

⌘ ဘုရင်သီဟာနုသည် ဖခင်နိုရိုဒွမ် ဆူရာမရစ် အား နန်းအပ်၍ ၎င်းက အိမ်ရှေ့မင်းသားကြီးအဖြစ် ခံယူကာ နိုင်ငံရေးပါတီကို ဦးဆောင်ခဲ့သည်။ ၁၉၆၀ ခုနှစ် ဖခင် နတ်ရွာစံသောအခါမှ နိုင်ငံတော်အကြီးအကဲအဖြစ် ရွေးချယ်ခံခဲ့သည်။

တိမ်းရှောင်သွားရသည်။ ဧပြီလ ၁၇ ရက်နေ့တွင် ခမာနီတို့ ဖနွမ်းပင်မြို့တော်ကို သိမ်းပိုက်နိုင်ခဲ့သည်။ မင်းသားကြီးသီဟာနုအား နိုင်ငံတော်အကြီးအကဲအဖြစ် တင်မြှောက်ခဲ့ကြပြီး ၁၉၇၆ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့တွင် အခြေခံဥပဒေအသစ်တရပ်ကို အတည်ပြုခဲ့ကြပြန်သည်။ နိုင်ငံအမည်ကို အခြေခံဥပဒေအရ ဒီမိုကရက်တစ် ကန်ပူးချားဟု ခေါ်ဝေါ်စေခဲ့သည်။ မတ်လ ၂၀ ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရွေးကောက်ပွဲကို ကျင်းပခဲ့သည်။ မကြာမီ မင်းသားကြီး သီဟာနုက နိုင်ငံတော်အကြီးအကဲရာထူးမှ နုတ်ထွက်ခဲ့ရာ ခယူးဆမ်ဖန်က နိုင်ငံတော်နာယကများအဖွဲ့၏ ဥက္ကဋ္ဌဖြစ်လာပြီး ပိုပေါ့မှာ ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။ ပိုပေါ့အုပ်စိုးမှု ကာလအတွင်း လူမှုရေးဆိုင်ရာအပြောင်းအလဲများကို ဇွတ်လုပ်ခဲ့သည်။ မြို့ပြနေလူထုအား အတင်းအကြပ် ကျေးလက်ဒေသများသို့ ပြောင်းရွှေ့စေကာ လယ်ယာလုပ်ကိုင်ခိုင်းသည်။ ထိုအပြောင်းအလဲကာလအတွင်း လူပေါင်း ၂ သန်းနီးပါးမျှ အသက်ဆုံးရှုံးခဲ့သည်။ သတ်ဖြတ်မှု၊ ညှင်းပန်းနှိပ်စက်မှုနှင့်အစာရေစာ ပြတ်လပ်မှုကြောင့် သေဆုံးကြရခြင်း ဖြစ်သည်။ ပိုပေ့ါအစိုးရလက်ထက်တွင် ဗီယက်နမ်နှင့် နယ်စပ်ပြဿနာ တင်းတင်းမာမာ ဖြစ်ပွားလာခဲ့သည်။ ခမာနီတို့ ကြမ်းကြုတ်စွာ အုပ်ချုပ်မှုဒဏ် မခံနိုင်သူများက ဗီယက်နမ်နယ်စပ်သို့ ထွက်ပြေးကြသည်။ ပိုပေါ့နှင့် သဘောထားမတိုက်ဆိုင်တော့သော လက်ရှိ ဝန်ကြီးချုပ် ဟွန်ဆန်း၊ ဟင်ဆန်မ်ရင်နှင့် ချဲဆင်မ် တို့ကလည်း ဗီယက်နမ်နယ်စပ်တွင် သွားရောက်အခြေစိုက်ကာ အစိုးရကို တော်လှန်တော့သည်။ ဗီယက်နမ် စစ်ရေးအကူအညီဖြင့် ဟင်ဆဲမ်ရင်နှင့် ဟွန်ဆန်းတို့ ဦးဆောင်သော Kampuchean National United Front for National Selvation(CNUFNS)❖ က ၁၉၇၉ ခုနှစ်၊ ဇန်နဝါရီလတွင် ဖနွမ်းပင်မြို့ကို သိမ်းပိုက်နိုင်ခဲ့ပြီး ဟင်ဆဲမ်ရင်ကို သမတတင်မြှောက်ခဲ့သည်။ ထို့အပြင် ပြည်သူ့တော်လှန်ရေး ကောင်စီကိုလည်း ဖွဲ့စည်းနိုင်ခဲ့ကြသည်။ နိုင်ငံ၏ အနောက်မြောက်ပိုင်းတွင် ခမာနီတပ်များ၊ လက်ယာဝါဒီ Khmer Serei (ကမ္ဘောဒီးယား လွတ်လပ်ရေး အင်အားစုများ) နှင့် မင်းသားကြီး သီဟာနုသစ္စာခံ တပ်များက မဟာမိတ်ဖွဲ့ကာ ဟင်ဆဲမ်ရင် အစိုးရကို ခုခံတိုက်ခိုက်ကြသည်။ အစိုးရတပ်များသည် ခမာနီတပ်များကို ထိုင်းနိုင်ငံအတွင်းသို့ လည်းကောင်း၊ ထိုင်းနယ်စပ်ရှိ တောနက်များထဲသို့လည်းကောင်းရောက်အောင် တိုက်ထုတ်ခဲ့သည်။ ဗီယက်နမ် အကူအညီဖြင့် ဖွဲ့စည်းထားသော ဟင်ဆမ်ရင် အစိုးရအား ကုလသမဂ္ဂ အပါအဝင် အနောက်အုပ်စုနိုင်ငံများနှင့် အာရှနိုင်ငံများက အသိအမှတ် မပြုကြပေ။ ၎င်းတို့က ခမာနီအစိုးရကိုသာ ဆက်လက်အသိအမှတ်ပြုနေကြသည်။ ကွန်မြူနစ် နိုင်ငံအချို့နှင့် ကွန်မြူနစ်မဟုတ်သော အိန္ဒိယနိုင်ငံကသာ ဟင်ဆမ်ရင်၏ အစိုးရသစ်ကို အသိအမှတ်ပြုကြသည်။ ဗီယက်နမ်လိုလားသော ဟင်ဆမ်ရင်အစိုးရနှင့် ပီကင်းလိုလားသော ခမာနီအုပ်စုတို့အကြား ပြင်းထန်သော တိုက်ပွဲများ ဆယ်စုနှစ်တခုအထိ ဆက်လက် ဖြစ်ပွားခဲ့ကြသည်။

❖ နောင်တွင် ကမ်ပူးချားပြည်သူ့တော်လှန်ရေးပါတီ (PRPK,People's Revolutionary Party of Kampuchea)ဟုပြောင်းလဲခဲ့သည်။

၁၉၈၇ ခုနှစ်၊ ဒီဇင်ဘာတွင် ပဲရစ်မြို့၌ မင်းသားကြီးသီဟာနုနှင့် ဟွန်ဆန်းတို့ တွေ့ဆုံဆွေးနွေးခဲ့ကြရာမှ ပြည်တွင်းငြိမ်းချမ်းရေး ခြေလှမ်းအစပျိုးခဲ့ပြီးနောက် ၁၉၈၈ ခုနှစ်တွင် အာစီယံနိုင်ငံများနှင့် လာအို၊ ဗီယက်နမ်အပါအဝင် ကမ္ဘောဒီးယား အုပ်စုကွဲများ အကြား ပြန်လည်သင့်မြတ်ရေးဆွေးနွေးပွဲ ကျင်းပခဲ့သည်။ ၁၉၉၁ ခုနှစ်တွင် ကမ္ဘောဒီး ယား၏ အဓိကနိုင်ငံရေးအုပ်စုများ ပဲရစ်ငြိမ်းချမ်းရေးသဘောတူညီချက် လက်မှတ်ရေးထိုး ခဲ့ကြသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ အသွင်ကူးပြောင်းရေး ကုလသမဂ္ဂအာဏာပိုင်အဖွဲ့ (United Nation Transitional Autority in Cambodia, UNTAC) အွန်းတက်၏ ကမကထပြုလုပ်မှုဖြင့် ၁၉၉၃ ခုနှစ်၊ မေလတွင် ရွေးကောက်ပွဲ ကျင်းပနိုင်ခဲ့သည်။ ခမာနီအုပ်စုက ရွေးကောက်ပွဲကို သပိတ်မှောက်ကာ ထိုးစစ်များ ဆက်လက် ဆင်နွှဲခဲ့သည်။ ကြိုးကြားကြိုးကြား အကြမ်းဖက်မှုများကြားက ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပေသည်။ ဒီမိုကရေစီ အုပ်ချုပ်မှုစနစ်ကင်းမဲ့ကာ နှစ်ပေါင်းများစွာ ပါတီ အုပ်စုများအကြား လက်နက်ကိုင်ပဋိပက္ခများဖြင့် ပြည့်နှက်ခဲ့သော ကမ္ဘောဒီးယား နိုင်ငံသည် ၁၉၉၃ ခုနှစ်၊ မေလတွင် ရွေးကောက်ပွဲကျင်းပခြင်းဖြင့် ဒီမိုကရေစီစနစ်ဆီသို့ ခြေလှမ်းစတင်နိုင်ခဲ့ပေသည်။ တောတွင်း၌ကျန်နေသော ခမာနီလက်ကျန်များသည်လည်း အင်အားချည့်နဲ့သွားကြကာ အစိုးရတပ်၏ ချေမှုန်းခြင်းကိုခံကြရသည်။ အချို့လည်း လက်နက်ချခဲ့ကြသည်။ ခမာနီခေါင်းဆောင် ပိုပေ့မှာလည်း ၁၉၉၇ ခုနှစ်တွင် တောတွင်း၌ သေဆုံးသွားခဲ့ပြီးနောက် ခမာနီတော်လှန်ရေး ချုပ်ငြိမ်းသွားခဲ့လေသည်။

၁၉၉၈ခုနှစ်၊ ဇူလိုင်လတွင် ဒုတိယအကြိမ် ရွေးကောက်တင်မြှောက်ပွဲ ကျင်းပခဲ့ကြ သည်။ ဒီမိုကရေစီစနစ် အရှိန်တဆင့်တိုးမြင့်လာကြောင်း သက်သေထူလိုက်ခြင်းဖြစ်သည်။ ယခု ၂၀၀၃ ခုနှစ် ရွေးကောက်ပွဲထပ်မံ၍ ကျင်းပခြင်းအားဖြင့် ဒီမိုကရေစီစနစ်ဆီသို့ ခြေလှမ်းမှန်မှန်ဖြင့် ချီတက်နေပေသည်။

## ရွေးကောက်ပွဲနှင့် အခြေခံဥပဒေ၏အားနည်းချက်

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ကမ္ဘောဒီးယားနိုင်ငံသည် ပြည်တွင်းစစ်နှင့် နှစ်ပေါင်းများစွာ ရင်ဆိုင်ခဲ့ရပြီး အသက်အိုးအိမ်ပေါင်းများစွာ ဆုံးရှုံးခဲ့ကြရသည်။ တိုင်းပြည် လည်း နာလံမထူနိုင်လောက်အောင်ပင် ချွတ်ခြုံကျခဲ့သည်။ ပြည်သူအပေါင်းတို့မှာလည်း နီးရာဓါးကို ကြောက်နေကြရကာ အကြောက်တရားက ပြည်သူတို့အား လွှမ်းမိုးထားလေ သည်။ ဤအနေအထားအောက်မှ နိုင်ငံတကာက အထူးသဖြင့် ကုလသမဂ္ဂ၏ ပံ့ပိုးမှုဖြင့် ကမ္ဘောဒီးယားနိုင်ငံ၏ နိုင်ငံရေး အင်အားစုများအား သဘောထားတင်းမာမှုများ လျော့ပါး စေရန် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြ သည်။

UNTACT နှင့် Supreme National Council တို့ အပါအဝင် မူလ အစိုးရ

ဟောင်းမှကိုယ်စားလှယ်နှင့် အတိုက်အခံအုပ်စုများမှ ကိုယ်စားလှယ်များ အညီအမျှ ပါသော အသွင်ကူးပြောင်းရေး အစိုးရတရပ်ကို ဖွဲ့စည်းခဲ့ကြသည်။ ထိုအစိုးရအဖွဲ့တွင် မင်းသားကြီး သီဟာနုက အကြီးအကဲအဖြစ်ဆောင်ရွက်သည်။

အသွင်ကူးပြောင်းရေးအစိုးရအဖွဲ့က အခြေခံဥပဒေမူကြမ်းရေးဆွဲရေးကို စီစဉ်ဆောင်ရွက်သည်။ ထိုနောက် ၁၉၉၃ ခုနှစ်၊ မေ ၂၅ ရက်နေ့တွင် အထွေထွေရွေးကောက်ပွဲကို ကျင်းပကာ ပါလီမန်ဖွဲ့စည်းပြီး ပါလီမန်က အခြေခံဥပဒေကို အတည်ပြုရန်ဖြစ်သည်။ ရွေးကောက်ပွဲတွင် မင်းသားရာနာရစ် (ဘုရင်သီဟာနု၏သား) ဦးဆောင်သည့် ဖွန်စီပက်ပါတီက မဲ ၄၅ ရာခိုင်နှုန်း အမတ်နေရာ ၅၈ နေရာ၊ ဟွန်ဆင်ဦးဆောင်သည့် စီပီပီပါတီက မဲ ၃၈ ရာခိုင်နှုန်း အမတ်နေရာ ၅၁ နေရာ၊ ဆွန်ဆဲန်၏ ဘီအဲလ်ဒီပီ ပါတီက အမတ်နေရာ ၁၀ နေရာ၊ မိုလီနကာ ပါတီက အမတ်နေရာတနေရာ အသီးသီး ရရှိကြသည်။ ဤတွင် ၁၉၇၉ ကတည်းက အာဏာရလာသော ဟွန်ဆင်း ဦးဆောင်သည့် အင်အားစုများက အာဏာလွှဲပေးရန် ငြင်းဆန်နေသည့်အတွက် ပြည်တွင်းစစ် ထပ်မံဖြစ်တော့မည့် အလားအလာနှင့် ရင်ဆိုင်ရပြန်သေးသည်။

ဘုရင်သီဟာနုက ဖွန်စီပက်ပါတီအား ဟွန်ဆင်းနှင့်ညှိနှိုင်းရန် တိုက်တွန်းသည့်အတွက် မင်းသားရာနာရစ်နှင့် ဟွန်ဆင်းတို့ညှိနှိုင်းကာ ၎င်းတို့နှစ်ဦး ပူးတွဲဝန်ကြီးချုပ်အဖြစ်ပါဝင်သော ယာယီအစိုးရတရပ်ကို ဖွဲ့စည်းရန် သဘောတူခဲ့ကြသည်။ ထိုအစိုးရတွင် ဝန်ကြီးရာထူးများကို ဖွန်စီပက်မှ ၄၅ ရာခိုင်နှုန်း၊ စီပီပီမှ ၄၅ ရာခိုင်နှုန်း နှင့် ဘီအယ်လ်ဒီပီမှ ၁၀ ရာခိုင်နှုန်းဖြင့်သဘောတူခွဲဝေသတ်မှတ်ခဲ့ကြသည်။ ဤသို့ဖြင့် အစိုးရလုပ်ငန်းများစတင်အကောင်အထည်ဖေါ် ဆောင်ရွက်လာနိုင်ကာ အခြေခံဥပဒေကိုလည်း အတည်ပြုလာနိုင်သည့် အခြေအနေသို့ ရောက်လာခဲ့သည်။ သို့ဖြင့် ၁၉၉၃ ခုနှစ် ရွေးကောက်ပွဲသည် လူထုမျှော်လင့်ထားသည့် ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီအစိုးရပေါ်ထွန်းရေးသည့် အထစ်အငေါ့ အဖုအပိန့်များဖြင့် စတင်ခဲ့သည်။ အခြေအနေအရ ဝန်ကြီးချုပ် နှစ်ဦးထားပေးသည့်စနစ်ကို ဖန်တီးပေးခဲ့ရသော်လည်း ဤစနစ်မှာ အစိုးရသက်တမ်း ကာလတခုအတွက်သာဖြစ်သည်။ ဂူတဂူထဲတွင် ခြင်္သေ့နှစ်ကောင် ရေရှည်အတူနေ၍ မဖြစ်နိုင်ပေ။ ထို့ကြောင့် နောက်လာမည့် ရွေးကောက်ပွဲမှစ၍ ဝန်ကြီးချုပ်တဦးသာ ထားရှိရန် အခြေခံဥပဒေတွင် ပြဋ္ဌာန်းပေးထားခဲ့သည်။

ထို့အပြင် အခြေခံဥပဒေအရ ရွေးကောက်ပွဲတွင် မဲသုံးပုံနှစ်ပုံ အနိုင်ရသောပါတီသည်သာ အစိုးရဖွဲ့စည်းနိုင်ပေသည်။ ဤပြဋ္ဌာန်းချက်အရ နိုင်ငံရေးပါတီ တပါတီသည် မဲသုံးပုံနှစ်ပုံအနိုင်ရရန် ခဲယဉ်းသည်ဖြစ်၍ မည်သည့်နည်းနှင့်မဆို ညွန့်ပေါင်းအစိုးရဖွဲ့ရန်သာရှိသည်။ ၁၉၉၃ ခုနှစ်တွင် နိုင်ငံရေးပြဿနာ ပြေလည်ရေးအတွက် ဝန်ကြီးချုပ် ၂ ဦး ထားကာ အုပ်ချုပ်စေခဲ့သော်လည်း အစိုးရသက်တမ်း ၄ နှစ်ပြည့်ရန် လပိုင်းအလိုတွင် ဟွန်ဆင်းသည် မင်းသားရာနာရစ်အား ရာထူးမှဖယ်ရှားခဲ့သည်။ မင်းသားရာနာရစ်သည်လည်း ထိုင်းနိုင်ငံသို့ တိမ်းရှောင်ခဲ့ရသည်။ ဟွန်ဆင်းက မင်းသားရာနာရစ်သည် လက်နက်များ နိုင်ငံခြားမှတရားမဝင်ခိုးသွင်းနေကြောင်း၊ ခမာနီတပ်များနှင့် လျှို့ဝှက်ဆက်သွယ်နေ

ကြောင်းနှင့် တရားမဝင်စစ်ရေးလှုပ်ရှားမှုအတွက် ဆောင်ရွက်နေကြောင်းဖြင့် စွပ်စွဲသည်။ ထိုပြဿနာဖြစ်ပွားစဉ်အတွင်း ဖွန်စီပက်ပါတီမှ ခေါင်းဆောင်များအပါအဝင် ၄၀ ဦး သေဆုံးခဲ့ရကြောင်း၊ ပျောက်ဆုံးနေသူများလည်းရှိကြောင်း သတင်းများထွက်ပေါ်ခဲ့သည်။ ဤသို့ ဝန်ကြီးချုပ်နှစ်ဦးအကြားဖြစ်ပွားသည့်ပြဿနာကြောင့် ကမ္ဘောဒီးယားပြည်သူများနှင့် ကမ္ဘောဒီးယားပြည်သူများကို စာနာကြသည့် နိုင်ငံတကာပြည်သူများအတွက် ကမ္ဘောဒီးယားတွင် ပြည်တွင်းစစ် ထပ်မံဖြစ်လေမလားဟု စိုးရိမ်ကြောင့်ကြ ရတက်မအေးဖြစ်ခဲ့ရသည်။ ဟွန်ဆင်းအနေဖြင့် ၁၉၉၈ ခုနှစ် ရွေးကောက်ပွဲအတွက် လက်ဦးမှုရယူခြင်းဖြစ်ကြောင်း ဝေဖန်သူများကဆိုသည်။ မင်းသားရာနာရစ်အား ခမာနီနှင့် ပူးပေါင်းကြံစည်မှုဖြင့် စွဲချက်တင်ကာ ထောင်ဒဏ်အနှစ် ၃၀ ချခဲ့သည်။

နိုင်ငံတကာအဖွဲ့အစည်းများ၏ ဖိအားပေးမှုကြောင့် ဟွန်ဆင်းသည် ၁၉၉၈ ခုနှစ်တွင် မူလအစီအစဉ်အတိုင်း ရွေးကောက်ပွဲ ကျင်းပပေးမည်ဟုသောကတိကို ပေးခဲ့သည်။ ဂျပန်အစိုးရ၏ ကြားဝင်စေ့စပ်ပေးမှုကြောင့် ဟွန်ဆင်း၏သဘောတူညီချက်ဖြင့် မင်းသားရာနာရစ်အား ဘုရင်သီဟာနုက မတ်လတွင် လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သည်။ ရာနာရစ်အားလည်း ရွေးကောက်ပွဲတွင် ပါဝင်ရွေးချယ်ခံခွင့် ပေးခဲ့သည်။ ဟွန်ဆင်းသည် နိုင်ငံတကာသို့ပေးထားသည့်ကတိနှင့်အညီ ၁၉၉၈ ခုနှစ်၊ ဇူလိုင်လတွင် ပါလီမန် ရွေးကောက်ပွဲကို ကျင်းပခဲ့သည်။ ရွေးကောက်ပွဲတွင် အပြစ်အနာအဆာများ ရှိခဲ့သည်။ စက်တင်ဘာလ ၁ ရက် နေ့တွင် နိုင်ငံတော်ရွေးချယ်တင်မြှောက်ရေးကော်မတီ (National Election Committee) က ရွေးကောက်ပွဲ၏ အပြီးသတ်ရလာဒ်ကို ကြေညာနိုင်ခဲ့သည်။ ဟွန်ဆင်း၏ စီပီပီ ပါတီက ၄၁.၂ ရာခိုင်နှုန်း ဖြင့်လည်းကောင်း၊ ရာနာရစ် ဦးဆောင်သော ဖွန်စီပက်ပါတီ က ၃၁.၅ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ဆာမ်ရိန်းဆီး ပါတီက ၁၄.၂ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ အသီးသီး အနိုင်ရရှိခဲ့ကြသည်။ လွှတ်တော်တွင် အမတ်နေရာအားဖြင့် စီပီပီက ၆၄ နေရာ၊ ဖွန်စီပက်က ၄၃ နေရာ နှင့် ဆာမ်ရိန်းဆီပါတီက ၁၅ နေရာ အသီးသီးရရှိသည်။ အခြေခံဥပဒေအရမူ အမတ်နေရာများ၏ သုံးပုံနှစ်ပုံအနိုင်ရသည့် ပါတီကသာ အစိုးရဖွဲ့နိုင်သည်ဖြစ်၍ စီပီပီ ပါတီက အမတ်နေရာ စုစုပေါင်း၏ သုံးပုံနှစ်ပုံ မပြည့်သောကြောင့် အစိုးရဖွဲ့နိုင်ရန် အခွင့်အလမ်းမရခဲ့ပေ။ စီပီပီပါတီသည် ဆာမ်ရိန်းဆီပါတီနှင့် ပေါင်းလျှင်ပင် အမတ်နေရာ၏ သုံးပုံနှစ်ပုံမပြည့်သောကြောင့် ညွန့်ပေါင်းအစိုးရဖွဲ့နိုင်ဦးမည်မဟုတ်ပေ။ ဖွန်စီပက်နှင့် ဆာမ်ရိန်းဆီးပါတီ ပေါင်း၍လည်း သုံးပုံနှစ်ပုံမပြည့်သောကြောင့် အစိုးရဖွဲ့နိုင်ချေမရှိပေ။ အခြေခံဥပဒေအရ အမတ်များ၏ သုံးပုံနှစ်ပုံ သဘောတူညီချက်ဖြင့် အစိုးရဖွဲ့ဖို့ဆိုလျှင် စီပီပီပါတီနှင့် ဖွန်စီပက်ပါတီတို့ ပေါင်းရန်သာ ရှိတော့သည်။

ဤတွင် ပြဿနာကား ဖွန်စီပက်နှင့် ဆာမ်ရိန်းဆီ ပါတီတို့က စီပီပီသည် မဲလိမ်ညာမှု၊ ခြိမ်းခြောက်မှု တို့ဖြင့် ရွေးကောက်အနိုင်ရထားသည်ဟုဆိုကာ ရွေးကောက်ပွဲကို သပိတ်မှောက်လျက်ရှိသည်။ ဖနွမ်းပင်မြို့တော်တွင်လည်း လူထုဆန္ဒပြမှုက တနေ့တခြား ကြီးထွားလာခဲ့သည်။ ရွေးကောက်ပွဲရလာဒ် အသိအမှတ်ပြုခြင်းနှင့်စပ်လျဉ်းကာ နိုင်ငံရေး

အကြပ်အတည်းကား ရှေ့မတိုးသာ နောက်မဆုတ်သာ အနေအထားသို့ ရောက်ရှိခဲ့သည်။ အခြေအနေက ပိုမိုတင်းမာလာသည့်အတွက် နိုင်ငံတကာအစိုးရများနှင့် အိမ်နားနီးချင်းနိုင်ငံများမှ အစိုးရများက အဆိုပါ ၃ ပါတီခေါင်းဆောင်များအား ဖျောင်းဖျ၊ အကြံပေးမှုများ ပြုလုပ်ခဲ့ရသေးပေသည်။ နိုင်ငံတကာခေါင်းဆောင်များနှင့် ဘုရင်သီဟာနုတ်၏ မေတ္တာရပ်ခံနေသော်လည်း ရွေးကောက်ပွဲတွင် အနိုင်ရထားသော ၃ ပါတီ တို့၏ တင်းမာမှုမှာ အချိန် ၃ လမျှ ကြာမြင့်ခဲ့သည်။

နိုဝင်ဘာလ ၁၆ ရက်နေ့တွင် ဟွန်ဆင်းနှင့် ရာနာရစ်တို့အကြား နားလည်မှုတစုံတရာ ရသွားကြသည်။ ဟွန်ဆင်းက ဝန်ကြီးချုပ်ရာထူး တာဝန်ယူပြီး၊ ရာနာရစ်က ပါလီမန်ဥက္ကဋ္ဌတာဝန်ကို ယူခဲ့ကြသည်။ နှစ်ပါတီညှိနှိုင်းကာ အစိုးရဖွဲ့နိုင်ခဲ့သည်။ ဆာမ်ရိန်းဆီးပါတီမှာ ပါလီမန်တွင် အတိုက်အခံအဖြစ် ကျန်ရှိနေသည်။

ဖွန်ဆီပက်ပါတီနှင့် ဆာမ်ရိန်းဆီးပါတီတို့က ရွေးကောက်ပွဲရလာဒ်ကို ကန့်ကွက်နေခဲ့ခြင်းသည် လက်တွေ့တွင် ရွေးကောက်ပွဲ၏ အားနည်းချက်ကြောင့် ဖြစ်သည်။ အကယ်၍ ရွေးကောက်ပွဲ၏ အားနည်းချက်ကို ဖြေရှင်းနိုင်သည်ထားဦး၊ ဖွန်ဆီပက်ပါတီက စီပီပီပါတီနှင့် ညွန့်ပေါင်းအစိုးရဖွဲ့ရန် ငြင်းဆန်မည်ဆိုပါက အစိုးရဖွဲ့စည်းနိုင်ရန် လွှတ်တော်တွင် အမတ်ဦးရေထောက်ခံမှု သုံးပုံနှစ်ပုံ ရရှိနိုင်မည်မဟုတ်ပေ။ ဤကား အခြေခံဥပဒေပြဿနာဖြစ်ပေသည်။

ဖွန်ဆီပက်ပါတီခေါင်းဆောင် ရာနာရစ်သည် ဖခင်ဘုရင်ကြီး၏ ဖျောင်းဖျမှု၊ တိုင်းပြည်တွင်း၌ အကြမ်းဖက် သွေးထွက်သံယိုမှုများ ထပ်မံမဖြစ်ပွားစေလို၍ အောင့်သက်သက်နှင့် အစိုးရအဖွဲ့တွင် အစိုးရသက်တမ်းကုန်ဆုံးသည်အထိ တာဝန်များကို ယူခဲ့ရပုံပေါက်သည်။ နောင်လာမည့် ရွေးကောက်ပွဲတွင် ယခုကြုံတွေ့ရသော အခက်အခဲမျိုးကို ရှောင်နိုင်ရှားနိုင်ရန် တွေးတောကြမည်မှာ အမှန်ပင်။ သို့သော် လက်တွေ့တွင်ကား ထိုအခြေအနေမျိုးကို ရှောင်လွဲနိုင်မည့် အခြေခံဥပဒေ ပြင်ဆင်ရေးကို ဆောင်ရွက်နိုင်ခဲ့ကြခြင်းမရှိပေ။

## ပြဿနာတကျော့ပြန်လည်လာခြင်း

ဇူလိုင်လ ၂၇ ရက်နေ့တွင် အထွေထွေရွေးကောက်ပွဲကို တနိုင်ငံလုံးတွင် တပြိုင်နက်ရွေးကောက်ပွဲကိုကျင်းပရာ ပါဝင်ယှဉ်ပြိုင်သော နိုင်ငံရေးပါတီပေါင်း ၂၃ ပါတီ ရှိသည်။ ထိုပါတီများအနက် ၁၉၉၈ ခုနှစ် ရွေးကောက်ပွဲကျင်းပစဉ်ကကဲ့သို့ စီပီပီ၊ ဖွန်စီပက်နှင့် ဆမ်ရိုင်းဆီးပါတီများသည် အဓိကထင်ရှားသော ပါတီများ ဖြစ်သည်။ ရွေးကောက်ပွဲတွင် မဲဝယ်မှု၊ ခြိမ်းခြောက်မှုများရှိကြောင်း လေ့လာသူများကဆိုသည်။ သို့သော် ယခင်ကထက် ပြည်သူများ ပိုမိုပွင့်လင်းမှုရှိလာကြောင်း၊ နိုင်ငံရေးအားပြိုင်မှုတွင် ပြင်းထန်သော ပဋိပက္ခအတွက် စိုးရိမ်ကြောင့်ကြမှုများ လျော့ပါးလာကြောင်းလည်း လေ့လာသူများက ဆိုကြသည်။

ယခုရွေးကောက်ပွဲတွင် စီစီပီပါတီက ၄၇. ၃၅ ရာနိုင်နှုန်း၊ ဆမ်ရိန်းဆီးပါတီက ၂၁. ရာခိုင်နှုန်းနှင့် ဖွန်စီပက်ပါတီက ၂၀.၇၅ ရာခိုင်နှုန်း အသီးသီး အနိုင်ရကြကြောင်း နိုင်ငံတော် ရွေးကောက်ပွဲကော်မတီက ဩဂုတ်လ ၈ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ ရွေးကောက်ပွဲ ရလဒ်ကို ဆမ်ရိန်းဆီးပါတီနှင့် ရာနာရစ်ပါတီတို့က ဤရွေးကောက်ပွဲသည် တရားမျှတမှု မရှိဟုဆိုကာ ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုရန် ငြင်းဆန်နေကြသည်။ ရွေးကောက်ပွဲ ထပ်မံပြုလုပ်ပေးရန် တောင်းဆိုနေပေသည်။

အကယ်၍ ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုနိုင်သည် ထားဦးတော့ စီပီပီနှင့် ညွန့်ပေါင်းအစိုးရ မဖွဲ့နိုင်ကြောင်းဆိုသည်။ ဤပြဿနာမျိုး ၁၉၉၈ ခုနှစ် ရွေးကောက်ပွဲ ကာလက တွေ့ကြုံခဲ့လင့်ကစား ထိုပြဿနာကို အခြေခံဥပဒေပြင်ဆင်ခြင်းအားဖြင့် ရှောင်လွှဲနိုင်သော်လည်း မပြင်ဆင်ခဲ့ခြင်းမှာ ကမ္ဘောဒီးယား နိုင်ငံရေးပါတီများ၏ အားနည်း ချက်ဖြစ်ပေသည်။

မည်သို့ပင်ဖြစ်စေ ၁၉၉၈ ခုနှစ်ကလည်း ထိုအကြပ်အတည်းကို နည်းလမ်းရှာနိုင်ခဲ့ ကြသည်ဖြစ်ရာ ယခုတကြိမ် ပြဿနာတွင်လည်း နည်းလမ်းရှာနိုင်လိမ့်မည်ဟု မျှော်လင့် ရပေသည်။

မြန်မာနိုင်ငံ၏ နိုင်ငံတော်အေးချမ်းသာယာရေးအဖွဲ့ စစ်အစိုးရသည် ဒီမိုကရေစီ လမ်းကြောင်းကို ချီတက်နေသည်ဟု ကြွေးကြော်နေသော်လည်း လက်တွေ့တွင် ဒီမိုကရေစီ ခြေလှမ်းလှမ်းရန် ခြေထောက်ကြွသည့်အဆင့်၌ပင်လျှင် မရှိသေးပေ။ ဒီမိုကရေစီ၏ အခြေခံဖြစ်သော ရွေးကောက်ပွဲဆိုသည့်အသံကို ငှက်ဆိုးထိုးသံသဖွယ် သဘောထားကာ ကြောက်ရွံ့နေပေသည်။ ၎င်းတို့ အာဏာလက်လွှတ်ရမည်ကို အလွန်အမင်းစိုးရိမ်သည့် အတွက် လွှတ်တော်တွင် ပြည်သူတို့ လက်မခံနိုင်သော စစ်တပ်ခွဲတမ်း (ကိုတာ) ဆိုသည် ကိုရရန် အခြေခံဥပဒေတွင် ဇွတ်အတင်းထည့်သွင်းရန် ကြိုးပမ်းနေပေသည်။ မြန်မာ စစ်ဗိုလ်ချုပ်ကြီးများသည် ကတိဖျက်ရမည်ကိုလည်း မကြောက် မရှက်ပေ။ တိုင်းပြည်ဆင်းရဲ ချွတ်ခြုံကျနေသည်ကိုလည်း ဂရုမစိုက်၊ ၎င်းတို့အာဏာချုပ်ကိုင်ရေးတခုတည်းကိုသာ အလေးထားပေသည်။ ကမ္ဘောဒီးယားနှင့် ယှဉ်ကြည့်ပါက ပြည်တွင်းစစ်ဒဏ်ခံရခြင်းလည်း တူသည်။ ဆင်းရဲမွဲတေ ချွတ်ခြုံကျသည်မှာလည်းတူသည်။ ကမ္ဘောဒီးယားနိုင်ငံသည် ပြည်တွင်းစစ်ကို ပြေငြိမ်းအောင် ဆောင်ရွက်စွမ်း ရှိခဲ့ပြီး၊ အခြေခံဥပဒေနှင့်အညီ ဒီမိုကရေစီ လမ်းကြောင်းပေါ် တက်လှမ်းလာသည့်အတွက် ပြည်သူများဘဝ တိုးတက်မှုအလား အလာ ရှိလာသည်ကို တွေ့မြင်နိုင်ရသော်လည်း မြန်မာနိုင်ငံအဖို့မူ စစ်အာဏာရှင်များ၏ အာဏာယစ်မူးမှုအောက်တွင် ဒီမိုကရေစီအရိပ်အယောင်ကင်းမဲ့နေကာ ပြည်သူတို့ဘဝ မှာ ချွတ်ခြုံကျ ဆိုးရွားသည်ထက် ဆိုးရွားလာနေပေသည်။

မည်သို့ပင်ဖြစ်စေ ကမ္ဘောဒီးယား နိုင်ငံရေးပါတီအုပ်စုများသည် နိုင်ငံတကာသို့ ပေးထားသည့် ကတိ၊ ပြည်သူသို့ပေးထားသည့် ကတိ (အခြေခံဥပဒေပြဋ္ဌာန်းချက်အတိုင်း) ရွေးကောက်ပွဲကို အချိန်မှန်မှန်ကျင်းပကာ ဒီမိုကရေစီလမ်းကြောင်းကိုတော့ လျှောက်

လျက်ရှိပေသည်။ ထို့ကြောင့်လည်း နိုင်ငံစီးပွားရေးအလားအလာမှာ ဦးမော့လာနေကာ ပြည်သူများ၏ လူနေမှုအဆင့်အတန်းမှာ တိုးတက်သည့် အရိပ်အယောင်များ တွေ့မြင်နေရပေသည်။ ။ ( ၁၅ ရက်၊ ဩဂုတ်လ၊ ၂၀၀၃)

အခြေခံဥပဒေရေးရာ

# လွတ်လပ်သည့်တရားစီရင်ရေး

**မင်းလွင်ဦး**

ယနေ့မြန်မာနိုင်ငံတွင် လိုက်နာကျင့်သုံးနေသော ဥပဒေအများစုမှာ အင်္ဂလိပ်လက်ထက်က ပြဌာန်းခဲ့သော ဥပဒေ အများစုဖြစ်သည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (နဝတ) တက်လာပြီးသည့်နောက်ပိုင်း မြန်မာနိုင်ငံအတွင်း ယခင်လိုက်နာကျင့်သုံးခဲ့သည့် ဥပဒေများအနက် အချို့သည် ခေတ်စံနစ်နှင့် မလျော်ညီတော့သည့်အတွက်ကြောင့်လည်းကောင်း၊ လိုက်နာကျင့်သုံးခြင်း မရှိသည်မှာ အချိန်ကြာမြင့်ပြီဖြစ်သဖြင့်လည်းကောင်း စသည့် အကြောင်းပြချက်များဖြင့် ဥပဒေအချို့ကို ဖျက်သိမ်းခဲ့သည်။ ထို့နောက် ယခင် ဥပဒေတားမြစ်ချက်များကို ပြင်ဆင်ပြောင်းလဲ၍ ဥပဒေအသစ်များကို ပြင်ဆင် ပြဌာန်းခဲ့သည်။ မူအားဖြင့် ဥပဒေများကို ရေးဆွဲရာတွင်သော်လည်းကောင်း၊ ဥပဒေများကို ပြင်ဆင်ရာတွင်သော်လည်းကောင်း၊ ဥပဒေများကို ထပ်မံ ဖြည့်စွက်ရာတွင်သော်လည်းကောင်း၊ ဥပဒေပြုပိုင်ခွင့်ရှိသော အဖွဲ့အစည်းမှ ဥပဒေကို ရေးဆွဲ၍ ပြည်သူတို့၏ ကိုယ်စားလှယ်များပါဝင်သည့် ပါလီမန် သို့မဟုတ် ပြည်သူ့လွှတ်တော်သို့ တင်ပြအတည်ပြုချက် ရယူပြီးမှသာလျှင် ပြင်ဆင်၊ ဖြည့်စွက်၊ ဖျက်သိမ်းနိုင်ပေသည်။

ဥပဒေများကို ရေးဆွဲပြဌာန်းရာတွင် သက်ဆိုင်ရာနိုင်ငံတနိုင်ငံ၏ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနှင့် အစိုးရ၏ မူဝါဒလမ်းညွှန်ချက်များ စသည်တို့အပေါ် အခြေပြု၍ ဥပဒေများကို လိုအပ်သလို ရေးဆွဲပြဌာန်းရပေသည်။ ထိုသို့ ရေးဆွဲပြဌာန်းသည့် ဥပဒေသည် အများပြည်သူတို့အား အကျိုးဖြစ်ထွန်းစေပြီး အမှန်တကယ် ဥပဒေအရ ပြည်သူလူထု၏ အကျိုးစီးပွားကို အကာအကွယ်ပေးနိုင်ရန် လိုအပ်ပေသည်။ ထိုကဲ့သို့မဟုတ်ဘဲ အုပ်စိုးသူ အစိုးရကိုသာ အကျိုးပြုစေပြီး ပြည်သူလူထုကို နစ်နာစေသည့် ဥပဒေများဖြစ်ပါက ထိုဥပဒေများ ပြဌာန်းထားခြင်းကို ဖျက်သိမ်းပစ်ရန် လိုအပ်သည့် အခြေအနေသို့ ရောက်ရှိလာသည်။ ယခင် အင်္ဂလိပ်ကိုလိုနီအဖြစ် ကျရောက်နေစဉ်ကာလတွင်ပင် မြန်မာနိုင်ငံ၌

အခြေခံလူ့အခွင့်အရေးများကို ထိခိုက်နစ်နာစေသည့် ဥပဒေများကို မပြဋ္ဌာန်းခဲ့ပေ။ သို့သော် လွတ်လပ်ရေးရပြီးသည့် နောက်ပိုင်း ၁၉၅၀ ခုနှစ်သို့ ရောက်သည့်အခါမှ ၁၉၅၀ အရေးပေါ် စီမံမှုအက်ဥပဒေကို ပြဋ္ဌာန်း၍ ဗမာပြည်ကွန်မြူနစ်ပါတီ၊ အခြားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကို ဖြိုခွဲရန် ရည်ရွယ်၍ စတင်ပြဋ္ဌာန်း ကျင့်သုံးလာခဲ့သည်။ တဖန် ၁၉၆၂ ခုနှစ်တွင် တပ်မတော်က အာဏာသိမ်းပြီး နောက် နိုင်ငံရေးပါတီများနှင့် အခြားအသင်းအဖွဲ့များကို ဖျက်သိမ်းနိုင်ရန် ၁၉၆၄ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ကာကွယ်သည့်ဥပဒေပြဋ္ဌာန်း၍ နိုင်ငံရေးပါတီများနှင့် အခြား အသင်းအဖွဲ့များကို ဖျက်သိမ်းခဲ့သည်။ တဖန် ၁၉၇၅ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် (၃) နိုင်ငံတော်အား နှောက်ယှက်ဖျက်ဆီးသူများ၏ အန္တရာယ်မှကာကွယ်သည့် ဥပဒေ တို့ကို ပြဋ္ဌာန်း၍ နိုင်ငံသားများ၏ မူလအခွင့်အရေးကို ကန့်သတ်နိုင်ရန် ပြဋ္ဌာန်းခဲ့သည်။ ထိုကဲ့သို့သော ဥပဒေများ ပေါ်ပေါက်လာရခြင်းသည် လတ်တလော နိုင်ငံရေးအခြေခံ အကြပ်အတည်းများပေါ်တွင် အခြေခံ၍ပေါ်ပေါက်လာသည့် ဥပဒေများပင် ဖြစ်သည်။ ပြည်သူလူထု၏ အကျိုးစီးပွားနှင့် လုံခြုံမှုရှိစေရေးတို့ကို အကာအကွယ်ပေးသည့် ဥပဒေ များမဟုတ်ဘဲ အုပ်စိုးသူအစိုးရတို့အနေဖြင့် နိုင်ငံသားတဦးအား မလိုလျှင် မလိုသလို အရေးယူ အပြစ်ပေးနိုင်စေရန် အစိုးရကိုအကာအကွယ်ပေးထားသည့် ဥပဒေများဖြစ် သည်ကို တွေ့ရှိနိုင်သည်။

နဝတ၊ နအဖ လက်ထက်တွင် ဥပဒေအသစ်များ ပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့် စွက်ခြင်း၊ ပယ်ဖျက်ခြင်းစသည်တို့ကို လုပ်ဆောင်ရာတွင် အများပြည်သူလူထု၏ သဘော ထားမပါ၊ ၎င်းတို့ အာဏာတည်မြဲစေရေးအတွက် ဆောင်ရွက်ရာတွင် လွတ်လပ်စွာ အဟန့်အတားမရှိ ဆောင်ရွက်နိုင်စေရန်အတွက် ဥပဒေများကို လိုသလိုထုတ်ပြန် ပြဋ္ဌာန်းနေခြင်းသာ ဖြစ်သည်။ ဥပဒေ ပြဋ္ဌာန်းချက်များကို လိုက်နာအကောင်အထည် ဖေါ်ဆောင်ပေးရသည့် တရားစီရင်ရေးစနစ် တွင်လည်း ပြဋ္ဌာန်းထားသည့် ဥပဒေများ၏ ရည်ရွယ်ချက်ကောင်းပါမှ မှန်ကန်၍ တရားမျှတသည့် ဆုံးဖြတ်ချက်များကို ချမှတ်ပေးနိုင်မည် ဖြစ်သည်။ ယနေ့ မြန်မာနိုင်ငံအတွင်းရှိ တရားရုံးများသည် လွတ်လပ်သော တရားစီရင်ရေးကို မဖေါ် ဆောင်နိုင်၊ စစ်ထောက်လှမ်းရေးနှင့် အာဏာပိုင်များ၏ အလိုကျသာ အမှုများကို စစ်ဆေးစီရင် ကြားနာရသည်။ အထူးသဖြင့် ပြစ်မှုဆိုင်ရာအမှုများတွင် ပြဋ္ဌာန်း ဥပဒေပါ ပြဋ္ဌာန်းချက်များကို လျစ်လျူရှု၍ စစ်ဆေးစီရင် ဆုံးဖြတ်နေရသည့် သာဓကများကိုလည်း တွေ့ရှိရသည်။

**ယနေ့ မြန်မာနိုင်ငံ အတွင်းရှိ တရားရုံးများသည် လွတ်လပ်သော တရား စီရင်ရေးကို မဖေါ်ဆောင်နိုင်၊ စစ်ထောက်လှမ်းရေး နှင့် အာဏာပိုင်များ၏ အလိုကျသာ အမှုများကို စစ်ဆေး စီရင်ကြားနာရသည်။ အထူးသဖြင့် ပြစ်မှုဆိုင်ရာ အမှုများတွင် ပြဋ္ဌာန်းဥပဒေပါ ပြဋ္ဌာန်းချက်များကို လျစ်လျူရှု၍ စစ်ဆေးစီရင် ဆုံးဖြတ်နေရသည့် သာဓကများကိုလည်း တွေ့ရှိရသည်။**

ဥပမာအားဖြင့် – ရန်ကုန်တိုင်းတရားရုံး၊ ရာဇဝတ်တရားရုံးတော်၌ စွဲဆိုတင်ပို့ခဲ့

သည့် ရာဇဝတ် ကြီးမှု အမှတ် ၂၄/ ၂၀၀၀ တွင် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင် ဥပဒေ ပုဒ်မ ၁၇/၂၀ အရ စွဲဆိုသော ဒု–ရဲမှူးလှမြင့်နှင့် ဦးအေးကြူ (ခ) မုံရွာအောင်ရှင် ပါ –၅ ဦး အမှုတွင် ရန်ကုန်တိုင်းတရားရုံး၊ တွဲဖက်တိုင်းတရားသူကြီး (၄) ဦးဘကျော်၏ စီရင်ချက်နှင့် အမိန့်ကို လေ့လာကြည့်ပါက ဥပဒေပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိဘဲ လွန်စွာ လွဲမှားနေသည်ကို တွေ့ရှိရပါသည်။

## အမှုဖြစ်အကြောင်းအရာအကျဉ်းချုပ်၊

အမှုမှာ ဦးအေးကြူ ခေါ် မုံရွာ အောင်ရှင်၊ ဦးအောင်မြင့်၊ ဦးထွန်းမြင့်၊ ဦးစောနိုင်းနိုင်း (ခ) ဦးနိုင်းတို့သည် ၁၀–၉–၂၀၀၀ ရက်နေ့တွင် ဦးနိုင်းနိုင်း၏ နေအိမ်တွင် စုဝေးတွေ့ဆုံ၍ ဒေါ်အောင်ဆန်းစုကြည်နှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်လူကြီးများ နေအိမ်တွင် ထိမ်းသိမ်းထားခြင်းမှ လွှတ်ပေးရေး၊ ဖမ်းဆီးခံထားရသော အဲန်အယ်လ်ဒီ အဖွဲ့ဝင်များအား အမြန်ပြန်လွှတ်ပေးရန်၊ ဌာနချုပ်ရုံးနှင့် တိုင်းရုံးများ ပိတ်ထားမှုကို အမြန်ပြန်ဖွင့်ပေးရန်၊ စစ်အစိုးရ၊ အဲန်အယ်လ်ဒီနှင့် တိုင်းရင်းသားအဖွဲ့ဝင်များပါသော ၃–ပွင့်ဆိုင် တွေ့ဆုံဆွေးနွေးရေးကို အမြန်ဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဥပဒေမဲ့လုပ်ဆောင်ချက်များကို ရှုတ်ချရန် (၁၂–၉–၂၀၀၀) ရက်စွဲပါ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်၊ အဖွဲ့ဝင်များ၏ သဘောထားကြေညာချက်ကို ဝိုင်းဝန်းတိုင်ပင်ခြင်း၊ ရေးသားခြင်း၊ ကွန်ပျူတာရိုက်နှိပ်ခြင်း၊ အမေရိကန်သံရုံးမှတဆင့် ဗွီအိုအေ အသံလွှင့်ဌာနသို့ အသံလွှင့်နိုင်ရန် သွားရောက် ပေးပို့ခြင်းများ လုပ်ဆောင်ခဲ့ရာ ယင်းသို့ ရေးသား ရိုက်နှိပ် ဖြန့်ဝေခဲ့ခြင်းများသည် သက်ဆိုင်ရာခွင့်ပြုချက် တစုံတရာမရှိဘဲ လုပ်ဆောင်ခြင်းဖြစ်သည့်အတွက် ၎င်းတို့ ၆ ဦးအပေါ် ၁၉၆၂ ခုနှစ်၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင် ဥပဒေ ပုဒ်မ ၁၇/၂၀ ဖြင့်အမှုဖွင့် အရေးယူပေးပါရန် သတင်းတပ်ဖွဲ့မှ ဒု–ရဲမှူး ဦးလှမြင့်က တိုင်တန်းရာမှ ပေါ်ပေါက်လာသော အမှုဖြစ်သည်။

ထိုအမှုတွင် တရားလိုများဘက်မှ ဒု– ရဲမှူးလှမြင့်(လိုပြ – ၁)၊ ရဲအုပ် ဇော်မင်း (လိုပြ–၂) ဦးကျော်စိုးနှင့် ဦးတင်ထွဋ် (လိုပြ ၃ နှင့် ၄)နှင့် အမှုစစ် အရာရှိ ရဲအုပ် ကျော်ကျော်လှိုင် တို့ကို စစ်ဆေးခဲ့သည်။ တိုင်ချက်ကို သက်သေခံ(က) နှင့် (က–၁) တို့အရ၎င်း၊ ရှာဖွေပုံစံကို သက်သေခံ (ခ) အဖြစ်၎င်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များ၏ သဘောထားကြေငြာချက်ကို သက်သေခံ (ခ–၁) အရလည်းကောင်း၊ အဆိုပါ ကြေညာချက်ကို ကွန်ပြူတာရိုက်နှိပ်ထားသည့် စာရွက်ကို သက်သေခံ (ခ–၂) အရ လည်းကောင်း၊ အမှုစစ်ဆေးစဉ် တင်ပြခဲ့သဖြင့် တရားရုံးမှ လက်ခံခဲ့သည်။ **ထို့အပြင် ဦးအေးကြူ (ခ) မုံရွာဦးအောင်ရှင်တို့(၆) ဦးက ထောက်လှမ်းရေးအရာရှိ ထံတွင် ၎င်းတို့ပြစ်မှုကျူးလွန်မှုနှင့်ပတ်သက်၍ ထွက်ဆိုအစစ်ခံချက်များ၊ စစ်ကြောချက်များကို သက်သေခံ (ဂ) မှ (ဆ) အထိလည်းကောင်း၊ လက်ခံခဲ့သည်။**

## ဥပဒေပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပါယ် ဖွင့်ဆိုခြင်းနှင့်ပတ်သက်၍ သုံးသပ်ချက်များ။

တရားလိုဘက်ကို စစ်ဆေးစဉ်တွင် တရားလိုဘက်မှ သက်သေများ၊ အမှုနှင့် စပ်ဆိုင်သည့် သက်သေခံချက်များကို သက်သေခံဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ တရားရုံးသို့ တင်သွင်းနိုင်သည်ဆိုသည့်အချက်ကို အငြင်းမပွားလိုပေ။ သို့သော် သက်သေခံဥပဒေတွင် စာတမ်းအမှတ်အသားသက်သေခံအဖြစ် တရားရုံးက လက်ခံနိုင်သည့် ပြဋ္ဌာန်းချက်များ၊ လက်မခံသင့်သည့်အချက်များကို သက်သေခံဥပဒေတွင် အတိအလင်း ဖေါ်ပြထားပေသည်။ သက်သေခံဥပဒေတွင် ရဲအရာရှိထံတွင် ထွက်ဆိုသည့် ထွက်ဆိုချက်များကို တရားရုံးက အမှုကိုစစ်ဆေးစီရင်ဆုံးဖြတ်ရာတွင် ထည့်သွင်းစဉ်းစားခြင်းမပြုပေ၊ တရားရုံး၏ရှေ့မှောက်တွင် ထွက်ဆိုသော သက်သေထွက်ချက်များကိုသာလျှင် အဓိက ထား၍ အမှုကိုစစ်ဆေးစီရင်ရာတွင် ထည့်သွင်းစဉ်းစားသွားမည်ဖြစ်သည်။

ယခုအမှုတွင် တရားခံများဖြစ်သော ဦးအေးကြူ ပါ–၅ ဦးတို့ကို အဓိကအပြစ်ပေးခဲ့သော အထောက်အထားတခုမှာ အမျိုးသားထောက်လှမ်းရေးအဖွဲ့ထံတွင် ထုတ်ဖေါ် ပြောဆိုသည့် အစစ်ခံချက်ဖြစ်သည်ကို တွေ့ရှိရသည်။ ရန်ကုန်တိုင်းတရားရုံး တွဲဖက်တိုင်းတရားသူကြီး ၄ တရားသူကြီးဦးဘကျော်က အမျိုးသားထောက်လှမ်းရေးအဖွဲ့ထံ တရားခံတို့၏ ပြစ်မှုကျူးလွန်မှုနှင့်ပတ်သက်၍ ထုတ်ဖေါ်အစစ်ခံချက်များသည် သက်သေခံဥပဒေ ပုဒ်မ၂၄တွင် ဖေါ်ပြထားသော သွေးဆောင်ခြင်း၊ ကတိထားခြင်း၊ ခြိမ်းခြောက်ခြင်းတို့ ကျူးလွန်ကြောင်း ပေါ်လွင်ထင်ရှားခြင်းမရှိလျှင် ၎င်းတို့က တပ်မတော်ထောက်လှမ်းရေး အဖွဲ့ထံတွင်ပေးခဲ့သော စစ်ကြောချက်များကို လက်မခံနိုင်စရာအကြောင်းမရှိချေဟူ၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဦးရဲနောင်ပါ–၂ အမှုကို ရည်ညွှန်းကာ သက်သေခံ အဖြစ်လက်ခံပြီး ထိုသက်သေခံချက်အပေါ် အဓိကထား၍ တရားခံဖြစ်သူများအပေါ် ပြစ်မှု ထင်ရှားစီရင်ခဲ့ခြင်းဖြစ်သည်ကို တွေ့ရှိရပေသည်။ ထို့ကြောင့် အမျိုးသားထောက်လှမ်းရေး၊ တပ်မတော်ထောက်လှမ်းရေးတို့ထံတွင် တရားခံဟု စွပ်စွဲခံရသည့်သူများ၏ ထွက်ဆိုချက်များသည်၊ အခွင့်အာဏာရှိသော တရားရုံးတရားသူကြီးများ၏ ရှေ့မှောက်တွင် တရားခံ ကိုယ်တိုင် မိမိပြစ်မှုကျူးလွန်ကြောင်း လာရောက်၍ဝန်ခံထွက်ဆိုသည့် ဖြောင့်ချက်ကဲ့သို့ သဘော သက်ရောက်နေသည်ကို တွေ့ရသည်။ အမျိုးသားထောက်လှမ်းရေး၊ တပ်မတော် ထောက်လှမ်းရေးတို့ထံတွင် သက်သေခံဥပဒေပုဒ်မ ၂၄ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တရားခံများကိုယ်တိုင် ထွက်ဆိုခြင်းဖြစ်ကြောင်း၊ တပ်မတော်ထောက်လှမ်းရေး၊ အမျိုးသား ထောက်လှမ်းရေးစသည်တို့မှ တရားခံများ၏ထွက်ချက်များကို ရေးမှတ်သူများကိုယ်တိုင် တရားရုံးတွင် လာရောက်အစစ်ခံပါက ၎င်းဖြောင့်ချက်ကို သက်သေခံအဖြစ် ရုံးတော်သို့ တင်သွင်းနိုင်ပါသည်။ ထိုသို့တင်သွင်းသည့်အခါ တရားခံဖက်မှ လိုက်ပါဆောင်ရွက်သည့် အကျိုးဆောင်များက သက်သေခံဥပဒေပုဒ်မ ၂၄ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရယူထားသည့် ဖြောင့်ချက်ဟုတ်၊ မဟုတ်ကို တရားရုံးရှေ့မှောက်တွင် ပြန်လှန်မေးခွန်းမေးမြန်းခြင်းဖြင့် ဖေါ်ထုတ်နိုင်မည် ဖြစ်ပါသည်။ သို့သော် ယခုအမှုတွင် ထိုသို့လာရောက်ထွက်ဆို

မည့် တပ်မတော်ထောက်လှမ်းရေး၊ အမျိုးသားထောက်လှမ်းရေးမှပုဂ္ဂိုလ်များအား တရားလိုပြသက်သေအဖြစ် တင်ပြစစ်ဆေးထားခြင်းမရှိသည်ကို တွေ့ရှိရသဖြင့် ဥပဒေနှင့်အညီ ရယူထားသည့် ထွက်ဆိုချက်များဟု ယူဆရန် ခဲယဉ်းပေသည်။

တပ်မတော်နည်းဥပဒေ ၂၂ (၂) (၃) (၄) အရ တပ်မတော်ထောက်လှမ်းရေးအဖွဲ့ထံတွင်ထွက်ဆိုသည့် ထွက်ဆိုချက်များကို စစ်ဘက်ဆိုင်ရာတရားရုံးများတွင် အသုံးပြုနိုင်သော်လည်း၊ သက်သေခံဥပဒေပုဒ်မ ၂၄ အရ အရပ်ဘက်တရားရုံးများတွင် သက်သေခံအဖြစ် အသုံးမပြုနိုင်ပေ။

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ သက်သေခံဥပဒေနှင့် တရားရုံးများလက်စွဲတို့တွင် ထိုသို့ ဖြောင့်ချက်ရယူခြင်းများနှင့်ပတ်သက်၍ အသေးစိတ် ပြဋ္ဌာန်းထားပါသည်။ ထိုသို့ ပြဋ္ဌာန်းထားရခြင်းမှာ တရားခံဟုစွပ်စွဲခံရသူများ၏ အခွင့်အရေးမဆုံးရှုံးစေဘဲ မျှတသည့် တရားခွင်ကိုဖေါ်ဆောင်နိုင်ရန် ရည်ရွယ်၍ ပြဋ္ဌာန်းထားခြင်းဖြစ်သည်။

သက်သေခံဥပဒေပုဒ်မ ၂၆ ၌ ရဲထံတွင်အချုပ်ခံနေရစဉ်အတွင်း တရားခံ၏ဖြောင့်ချက်ကို ၎င်းအပေါ်တွင် သက်သေခံတင်ပြခြင်းမပြုရဟု ပြဋ္ဌာန်းထားသည်။ မည်သူမဆို ရဲထံတွင် အချုပ်ခံနေရစဉ်အတွင်း ပြုလုပ်သောဖြောင့်ချက်သည် ရာဇဝတ်တရားသူကြီးရှေ့မှောက်တွင် ဖြောင့်ဆိုခြင်းမဟုတ်လျှင် ထိုသူအပေါ်တွင် သက်သေခံတင်ပြခြင်း၊ မပြုရဟု အတိအလင်း ပြဋ္ဌာန်းထားပါလျက်နှင့် သက်သေခံဥပဒေပြဋ္ဌာန်းချက်ကို လျစ်လျူရှု၍ စစ်ဆေးစီရင်ဆုံးဖြတ်ရာရောက်ပါသည်။

တပ်မတော်ထောက်လှမ်းရေးနှင့် အမျိုးသားထောက်လှမ်းရေးတို့အနေဖြင့် တရားခံဟုစွပ်စွဲခံရသူများထံမှ ပြစ်မှုကျူးလွန်ကြောင်းရယူထားသည့် စစ်ကြောချက်များ၊ ဝန်ခံချက်များသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၁၆၄/၃၆၄ အရ နည်းလမ်းတကျ မှတ်တမ်းတင်ထားသည့် ဖြောင့်ချက်များ၊ ဝန်ခံချက်များဖြစ်သည်ဟု ယူဆရန် အလွန်ပင် ခဲယဉ်းလှပေသည်။ ဥပဒေပြဋ္ဌာန်းချက်များတွင် တရားသူကြီးမဟုတ်သော်လည်း၊ အာဏာရှိသောပုဂ္ဂိုလ် **(Person in authority)** ထံ ဖြောင့်ဆိုချက်ပေးလျှင် ထိုဖြောင့်ချက်သည် မည်သည့်အခါမျှ သက်သေခံမဝင်ပါ။ ဥပမာ– ရဲအရာရှိသည် လူတဦးတယောက်အား ဖမ်းဆီးခြင်းနှင့် တရားစွဲဆိုနိုင်သည့် အခွင့်အာဏာရှိသူဖြစ်၍ ရဲအရာရှိ (သို့မဟုတ်) အလားတူ အခွင့်အာဏာရှိသောသူများထံပေးသော ဖြောင့်ဆိုချက်သည် မည်သည့်အခါမျှ သက်သေခံမဝင်ကြောင်း ဥပဒေပြဋ္ဌာန်းချက်များက အတိအလင်းပြဆိုသည်။ သက်သေခံဥပဒေ ပုဒ်မ ၂၆ တွင် ရဲအချုပ် **( In Custody)** ဆိုသော စကားကို အသုံးပြုထားရာ ထိုစကားအရ ရဲက တရားခံများအား တရားဥပဒေနှင့်အညီ ဖမ်းဆီးထားခြင်း **(arrest)** ရှိရန် မလိုပေ။ ရဲ၏လက်တွင်းသို့ရောက်ရှိနေ၍ မိမိသွားလိုသည့်အတိုင်း လွတ်လပ်စွာသွားလာနိုင်ခွင့်မရှိလျှင် အချုပ်ခံနေရခြင်း **(In Custody)** တွင်ရှိသည်ဟု ယူဆရမည်ဖြစ်သည်။ တရားခံအဖြစ်စွပ်စွဲခံရသူများသည် တပ်မတော်ထောက်လှမ်းရေး၊ အမျိုးသားထောက်လှမ်းရေးတို့၏လက်သို့မရောက်မီ ရဲအချုပ်တွင်ရှိနေသလား၊ သို့မဟုတ် တပ်မတော်ထောက်လှမ်းရေးနှင့် အမျိုးသားထောက်လှမ်းရေးတို့က၊ ရဲ၏လက်သို့

လွှဲပြောင်းပေးသလားဆိုသည်မှာ သံသယဖြစ်ဘွယ်ရှိပေသည်။ တပ်မတော်ထောက်လှမ်းရေးနှင့် အမျိုးသားထောက်လှမ်းရေးတို့တွင် ဖမ်းဆီးထားသည့်အချိန်ကာလအတွင်း၊ သွေးဆောင်ခြင်း၊ ဖြားယောင်းခြင်း၊ ကတိပြုခြင်း၊ ခြိမ်းခြောက်ခြင်းစသည်တို့မရှိဘဲ တရားခံများ၏ လွတ်လပ်သည့်သဘောဆန္ဒဖြင့်ပေးသည့် စစ်ကြောချက်များဖြစ်သည်ဆိုသော အချက်မှာလည်း လွန်စွာမှပင် သတိထားဆုံးဖြတ်ရမည့် အချက်ပင်ဖြစ်သည်။

သက်သေခံဥပဒေ ပုဒ်မ ၂၆။ ရဲထံတွင် အချုပ်ခံနေရစဉ်အတွင်း တရားခံ၏ ဖြောင့်ချက်ကို ၎င်းအပေါ်တွင် သက်သေခံတင်ပြခြင်းမပြုရဆိုသည့် ပြဋ္ဌာန်းချက်နှင့်ပတ်သက်၍ မည်သူမဆို ရဲထံတွင်အချုပ်ခံနေရစဉ်အတွင်း ပြုလုပ်သောဖြောင့်ချက်သည် ရာဇဝတ်တရားသူကြီးရှေ့မှောက်တွင် ဖြောင့်ဆိုခြင်းမဟုတ်လျှင် ထိုသူအပေါ်တွင် သက်သေခံတင်ပြခြင်းမပြုရဟူ၍ အတိအလင်း ပြဋ္ဌာန်းထားပါသည်။ သို့သော် ယခုအမှုတွင် တပ်မတော်ထောက်လှမ်းရေးနှင့် အမျိုးသားထောက်လှမ်းရေးတို့၏ စစ်ကြောချက်များကို တရားရုံးတရားသူကြီးများ၏ရှေ့မှောက်တွင် တရားဝင်ရယူထားသည့် ဖြောင့်ချက်များ၊ ဝန်ခံချက်များအဖြစ် ထည့်သွင်းစဉ်းစား၍ တရားခံများအပေါ် ပြစ်ဒဏ်များ ချမှတ်ခဲ့သည်ကို တွေ့မြင်ရပါသည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေနှင့် တရားရုံးများလက်စွဲတို့တွင် ဖေါ်ပြထားသည့် ပြဋ္ဌာန်းချက်များကို လျစ်လျူရှုပြီး တရားခံများအား အပြစ်ပေးနိုင်ရေးကိုသာ အဓိကထား၍ သုံးသပ်ဆုံးဖြတ်ခဲ့သည်ကို တွေ့ရှိရပါသည်။

တရားခံများက ပြစ်မှုကျူးလွန်ခြင်းမရှိကြောင်းငြင်းပယ်၍ ခုခံချေပခဲ့သည်။ တွဲဖက်တိုင်းတရားရုံး (၄) တရားသူကြီး ဦးဘကျော်က အောက်ပါအတိုင်းသုံးသပ်၍ တရားခံများကို ပြစ်ဒဏ်များ အသီးသီးချမှတ်ခဲ့သည်။ တရားခံများက ထောက်လှမ်းရေးအဖွဲ့ထံပေးခဲ့သော စစ်ကြောချက်များနှင့် လိုပြသက်သေ ရဲအုပ် ဦးလှမြင့်၊ ရဲအုပ်ဇော်မင်း၊ အမှုစစ်ရဲအရာရှိ ကျော်ကျော်လှိုင်တို့၏ ရှာဖွေပုံစံသက်သေတို့၏ အစစ်ခံချက်များအရ၊ ဦးအောင်ရှင်ပါ –၆ ဦးတို့သည် အမျိုးသားဒီမိုကရေစီအဖွဲ့ဝင်များ၏ သဘောထားကြေငြာချက်ကို ဝိုင်းဝန်းတိုင်ပင်ဆွေးနွေးရေးသားခြင်း၊ ကွန်ပြူတာရိုက်နှိပ်ခြင်းဖြစ်ကြောင်း ပေါ်ပေါက်သည်။ အမေရိကန်သံရုံးမှတဆင့် ဗွီအိုအေသတင်းဌာနသို့ အသံလွှင့်စေရန် ပေးပို့ထားကြောင်း အထောက်အထား ထင်ထင်ရှားရှား မတွေ့ရပေ။ ဦးအောင်ရှင်တို့က မိမိတို့သည် အဆိုပါသဘောထားကြေငြာချက်ကို နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးထံပေးပို့ရန် ရည်ရွယ်ချက်ဖြင့် ရေးသားရိုက်နှိပ်ထားသည်ဆိုသော်လည်း သဘောထားကြေငြာချက်တွင် ဗိုလ်ချုပ်မှူးကြီးထံလိပ်မူထားသည့် အထောက်အထားမတွေ့ရသည့်အပြင် သဘောထားကြေငြာချက်ပါစာသားများမှာလည်း ဗိုလ်ချုပ်မှူးကြီးထံပေးပို့ရန်ရည်ရွယ်ချက်ဖြင့် ရေးသားထားခြင်းမဟုတ်ကြောင်း တွေ့ရှိရသည်။

ဦးအောင်ရှင်တို့သည် သဘောထားကြေငြာချက်ကို သက်ဆိုင်ရာ၏ ခွင့်ပြုချက်တောင်းခံခြင်းမရှိကြောင်းလည်း ပေါ်ပေါက်သည့်အတွက် ၎င်းတို့သည် ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများဥပဒေ ပုဒ်မ ၁၇ အရနှင့်၊ ယင်းဥပဒေပုဒ်မ ၂၀ အရ ပြစ်မှုကျူးလွန်ကြောင်း ပေါ်ပေါက်သည်ဟု တရားသူကြီး ဦးဘကျော်က သုံးသပ်ထားသည်ကို တွေ့ရပေသည်။ ထို့အပြင်တရားခံများက မိမိတို့လုပ်ဆောင်သောလုပ်ဆောင်ချက်သည် တခုတည်းသာဖြစ်သည့်အတွက် ပြစ်မှုတခုတည်းဖြင့်သာ စကားရပ်များဥပဒေပုဒ်မ ၂၂ အရ အပြစ်

ပေးရန် သို့မဟုတ် ပြစ်ဒဏ်ကိုလျော့ပေးရန် တင်ပြလျှောက်လဲကြသည်။ ထိုလျှောက်လဲချက်အပေါ်တွင် တရားခံများသည် ရည်ရွယ်ချက်ခြင်းမတူသော သီးခြားပြစ်မှုများကို ကျူးလွန်ကြခြင်းဖြစ်သည်။ **၁၉၅၀ ပြည့်နှစ် အရေးပေါ်စီမံမှုအက်ဥပဒေ ပုဒ်မ ၅ (ည) သည် ပြည်သူ့တရားသူကြီးအဖွဲ့ ညွှန်ကြားချက်အမှတ် (၉) တွင်ဖေါ်ပြထားသော နိုင်ငံတော်လုံခြုံရေးကို ထိပါးစေသော ပြစ်မှုအမျိုးအစား**တွင် ပါဝင်သည်။ ထို့ကြောင့် တရားခံများ၏ တင်ပြချက်ကို လက်မခံနိုင်ကြောင်း ဖေါ်ပြသုံးသပ်ခဲ့သည်ကို ထပ်မံတွေ့ရှိရပြန်သည်။

အထက်ဖေါ်ပြပါ သုံးသပ်ချက်များသည် တည်ဆဲဥပဒေပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိဘဲ သုံးသပ်ဆုံးဖြတ်ထားကြောင်းကို အောက်ဖေါ်ပြပါအချက်များအရ တွေ့ရှိနိုင်ပါသည်။

၁။ သက်သေခံ(ခ–၁) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရ တရားဝင် မှတ်ပုံတင် ဖွဲ့စည်းပြီး ၁၉၉၀ ရွေးကောက်ပွဲတွင် အနိုင်ရထားသည့် နိုင်ငံရေးပါတီတခုဖြစ်သည်မှာ အငြင်းမပွားနိုင်သည့်အချက်ဖြစ်ပါသည်။ နိုင်ငံရေးပါတီတခုအနေဖြင့် မိမိပါတီဝင်များ၏ ဆန္ဒသဘောထားကြေညာချက်ကို ထုတ်ပြန်ရာတွင် မည်သည့်အဖွဲ့အစည်း၏ခွင့်ပြုချက်ကိုမှ တောင်းခံရန်မလိုပါ။ နအဖထံ တင်ပြပြီးသဘောထားတောင်းခံရမည်ဆိုပါက မည်သည့်အခါမျှ ထုတ်ပြန်နိုင်တော့မည်မဟုတ်ပါ။ နိုင်ငံရေးပါတီတခု၏ ဖွဲ့စည်းတည်ရှိမှု၊ လွတ်လပ်စွာ တင်ပြပြောဆိုပိုင်ခွင့်ကို ကန့်သတ်ရာရောက်ပါသည်။

**ဥပဒေအရ တရားဝင် မှတ်ပုံတင် ဖွဲ့စည်းထားသည့် နိုင်ငံရေးပါတီတခုအနေဖြင့် မိမိပါတီဝင်များ၏ ဆန္ဒသဘောထားကြေညာချက်ကို ထုတ်ပြန်ရာတွင် မည်သည့်အဖွဲ့အစည်း၏ ခွင့်ပြုချက်ကိုမှ တောင်းခံရန်မလိုပါ။ နအဖထံတင်ပြပြီး သဘောထား တောင်းခံရမည်ဆိုပါက မည်သည့်အခါမျှ ထုတ်ပြန်နိုင်တော့မည်မဟုတ်ပါ၊ နိုင်ငံရေးပါတီတခု၏ ဖွဲ့စည်း တည်ရှိမှု၊ လွတ်လပ်စွာတင်ပြပြောဆိုပိုင်ခွင့်ကို ကန့်သတ်ရာ ရောက်ပါသည်။**

၂။ သက်သေခံ (ခ–၂) အဖြစ် တရားရုံးကလက်ခံထားသည့် ကွန်ပြူတာဖြင့် ရိုက်နှိပ်ထားသည့် စာရွက်စာတမ်းသည် တရားဝင်ရပ်တည်ခွင့်ရှိသည့် နိုင်ငံရေးပါတီတခု၏သဘောထားကို ရိုက်နှိပ်ထားခြင်းသာဖြစ်သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် မတရားအသင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးကို ထိခိုက်စေသည့် လုပ်ရပ်များကို လုပ်ဆောင်နေသဖြင့် တရားဝင်နိုင်ငံရေးပါတီအဖြစ်မှ ပယ်ဖျက်ထားခြင်းခံရသည့် နိုင်ငံရေးပါတီမဟုတ်ပါ။ နိုင်ငံရေးပါတီတခုအနေဖြင့် လွတ်လပ်စွာပြောဆိုခွင့်၊ လွတ်လပ်စွာထုတ်ဖေါ်ခွင့်ရှိရမည်ဖြစ်သည်။ သက်ဆိုင်ရာအဖွဲ့အစည်းများထံသို့ ခွင့်ပြုချက်တောင်းဆိုပြီးမှသာ ရိုက်နှိပ်ရမည်ဆိုပါက အထက်တွင်ဖေါ်ပြခဲ့သည့် လွတ်လပ်ခွင့်များ မည်သို့မျှ ရရှိခံစားရမည်မဟုတ်ပါ။

၃။ ၁၉၆၂ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေ ပုဒ်မ ၆ တွင် ဤဥပဒေတွင် အခြားနည်းပြဋ္ဌာန်းထားသည်မှတပါး၊ ပုံနှိပ်သူတိုင်းသည် သို့မဟုတ် ထုတ်ဝေသူတိုင်းသည် ပုဒ်မ ၃ အရ ဝန်ခံချက်ကို လက်မှတ်ရေးထိုးပြီးနောက်၊ မိမိ၏ လုပ်ငန်းကို သက်ဆိုင်ရာမှတ်ပုံတင်အရာရှိထံတွင် သတ်မှတ်ထားသည့်လျှောက်လွှာပုံစံဖြင့် သတ်မှတ်သည့်ကာလအပိုင်းအခြားအတွင်း မှတ်ပုံတင်ရန် လျှောက်ထားရမည်။ ဤဥပဒေအရ ထုတ်ပေးသည့် မှတ်ပုံတင်သက်သေခံလက်မှတ်နှင့် ထိုလက်မှတ်ပါ စည်းကမ်းချက်များ သို့မဟုတ် လိုအပ်ချက်များအရမှတပါး၊ မည်သူမျှ ပုံနှိပ်သည့် လုပ်ငန်းကိုသော်လည်းကောင်း၊ ထုတ်ဝေသည့်လုပ်ငန်းကိုသော်လည်းကောင်း၊ မဆောင်ရွက်ရဟု ပုံနှိပ်သူများနှင့် ထုတ်ဝေသူများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၆ (၂) တွင် ပြဋ္ဌာန်းထားသည်။ ကမ္ဘာနှင့်အဝှမ်း သတင်းပညာခေတ်တွင် ကွန်ပြူတာကို လူတိုင်းအသုံးပြုနိုင်သည့်ကာလသို့ ရောက်ရှိနေပြီဖြစ်သည်။ ကွန်ပြူတာနှင့်အတူ ပုံနှိပ်စက်ကို အတူတကွ ပူးတွဲရောင်းချနေသည်မှာ မည်သူမျှအငြင်းမပွားနိုင်သည့် အချက်ဖြစ်သည်။ ကွန်ပြူတာဖြင့် စာတစောင်ရိုက်ထုတ်လိုက်တိုင်း စီစစ်ရေးအဖွဲ့သို့ တင်ပြရမည့်သဘော သက်ရောက်နေပါသည်။ ယခုအမှုတွင် အဖွဲ့ချုပ်အဖွဲ့ဝင်များ၏ သဘောထားကြေညာချက်ကိုရိုက်နှိပ်ထားသည့်ကွန်ပြူတာကို သက်သေခံအဖြစ် တင်ပြထားခြင်းမရှိပါ၊ ထို့အတူ ကွန်ပြူတာရိုက်နှိပ်သူကိုလည်း အမှုတွင် ထည့်သွင်း စွဲဆိုထားခြင်းမရှိပါ။

၄။ တရားလိုဘက်မှ တင်ပြထားသည့် သက်သေများသည်လည်း လွတ်လပ်သော သက်သေများ တဦးမျှမပါဝင်သည်ကို တွေ့ရှိနိုင်ပါသည်။ ရှာဖွေပုံစံတွင် လက်မှတ်ရေးထိုးသည့်သက်သေများ၊ ရဲအရာရှိများကိုသာ အဓိကစစ်ဆေးထားသည်ကို တွေ့ရှိရသည်။ တရားခံများကိုယ်တိုင်ကလည်း အမှုစစ်ရဲအုပ် ဦးကျော်ကျော်လှိုင်အား ပြန်လည်ခေါ်ယူစစ်ဆေးရာတွင် ကွန်ပြူတာရိုက်နှိပ်သည့်ကိစ္စကိုလည်း နိုင်ငံတော် အကြီးအကဲထံပေးပို့ရမည့်စာဖြစ်နေသည့်အတွက် ကွန်ပြူတာရိုက်နှိပ်ခြင်းဖြစ် ကြောင်း၊ သို့သော်လည်း ထိုကိစ္စကိုမိမိတို့မသိကြောင်း မေးမြန်းချက်ကို ဦးကျော် ကျော်လှိုင်မှ မမှန်ကြောင်းငြင်းဆိုခဲ့သည်။ သို့သော် စာကိုရိုက်နှိပ်သည့် ကွန်ပြူတာ ကိုမူ သက်သေအဖြစ် တင်ပြနိုင်ခြင်းမရှိသည်ကို တွေ့ရသည်။ ဦးအောင်ရှင်၏ ခုခံချေပ ချက်ကို တရားခံဦးအောင်မြင့်၊ ဦးစိုးဟန်၊ ဦးထွန်းမြင့်နှင့် ဦးနိုင်းနိုင်း (ခ) စောနိုင်းနိုင်းတို့ ကလည်း (၁၀–၉–၂၀၀၀) ရက်နေ့တွင် ဦးစိုးဟန်မှအပ တိုင်ပင်ခဲ့ကြောင်း၊ ၁၂–၉– ၂၀၀၀ ရက်နေ့တွင် ဦးစိုးဟန်အပါအဝင် မိမိတို့ ဦးနိုင်းနိုင်းနေအိမ်တွင် ထပ်မံ တွေ့ဆုံ ကြပြီး ဦးအောင်ရှင်စာကြမ်းရေးသားခြင်းကို ပြုလုပ်သည်ကိုသာသိပါကြောင်း၊ သို့သော် ကွန်ပြူတာရိုက်နှိပ်သည့်ကိစ္စကို မိမိတို့မသိပါကြောင်း ဦးအောင်ရှင်၏ ငြင်းဆိုခုခံချေပချက်ကို ထောက်ခံထွက်ဆိုခဲ့သည်။ တရားရုံးတရားသူကြီးအနေဖြင့် တရားခံဖြစ်သူများ၏ ခုခံချေပချက်တစုံတရာကို အမှုတွင်ထည့်သွင်းစဉ်းစားခြင်း

မရှိဘဲ တပ်မတော်ထောက်လှမ်းရေး၊ အမျိုးသားထောက်လှမ်းရေးတို့တွင် ထွက်ဆိုခဲ့သည့် စစ်ကြောချက်များကိုသာ အဓိကထား ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်းကို အထင်အရှား တွေ့ရှိရပေသည်။ ကွန်ပြူတာရိုက်နှိပ်သည့်ကိစ္စကိုလည်း အထင်အရှား သက်သေတင်ပြနိုင်ခြင်းမရှိဘဲနှင့် တရားခံများကို ယခုကဲ့သို့ အပြစ်ပေးထားခြင်းမှာ တရားခံများကို လွန်စွာမှပင် နစ်နာစေပါသည်။

၅။ သက်သေခံဥပဒေတွင် သက်သေပြရန်တာဝန်သည် တရားလိုပေါ်တွင် အစဉ်အမြဲကျရောက်သည်။ တရားလိုဘက်မှ အမှုကိုစွဲဆိုရုံနှင့်မပြီး၊ အပြစ်ကျူးလွန်ကြောင်းကို သက်သေအထင်အရှားပြသရန်လိုသည်။ သက်သေထင်ရှားပြသနိုင်ခြင်းမရှိက စွပ်စွဲခံရသူတရားခံများအား သံသယ၏အကျိုးကို ခံစားခွင့်ပေးရမည်ဖြစ်သည်။ ယခုအမှုတွင် ကွန်ပြူတာဖြင့် မည်သူကရိုက်နှိပ်သည်ဆိုသည်ကို တရားလိုဘက်မှ အတိအကျ သက်သေမပြနိုင်ခဲ့ပေ၊ ကွန်ပြူတာကိုလည်း သက်သေအဖြစ် ဖမ်းဆီးတင်ပြထားခြင်းလည်း မရှိပေ။ မည်သည့်စက်ဖြင့် ပုံနှိပ်ထုတ်ယူသည်ကိုလည်း အတိအကျမဖော်ပြနိုင်ပေ။ ထို့အတူ အမှုနှင့်ပတ်သက်၍ တရားလိုအဖြစ်စွဲဆိုသူများနှင့် တရားလိုပြသက်သေအဖြစ်ထွက်ဆိုသူများသည် ဒု–ရဲမှူး၊ ရဲအုပ်နှင့် အမှုစစ်ရဲအရာရှိတို့ဖြစ်ကြပြီး လွတ်လပ်သည့်သက်သေများ မဟုတ်ကြပါ။ အမှုတခုလုံးကို အဓိကအပြစ်ပေးနိုင်ရန်သုံးသပ်သည့် သုံးသပ်ချက်မှာလည်း တပ်မတော် ထောက်လှမ်းရေးနှင့် အမျိုးသားထောက်လှမ်းရေးတို့ထံတွင် ထွက်ဆိုခဲ့သည့်စစ်ကြောချက်များ၊ ထွက်ချက်များကိုသာ ထည့်သွင်းစဉ်းစားခဲ့ခြင်းသည် ဥပဒေကြောင်းအရ လွန်စွာမှပင် လွဲမှားနေသည့်အချက်ဖြစ်ကြောင်း ပေါ်လွင်ထင်ရှားနေပါသည်။

> **တရားလိုဘက်မှ အမှုကို စွဲဆိုရုံနှင့်မပြီး၊ အပြစ်ကျူးလွန်ကြောင်း သက်သေအထင်အရှား ပြသရန် လိုသည်။ သက်သေထင်ရှား ပြသနိုင်ခြင်းမရှိက စွပ်စွဲခံရသူ တရားခံများအား သံသယ၏ အကျိုးကို ခံစားခွင့် ပေးရမည်ဖြစ်သည်။ ယခုအမှုတွင်မူ ……**

## ပြစ်ဒဏ်ချမှတ်ခြင်းနှင့်သက်ဆိုင်သည့် သုံးသပ်ချက်များ။

ရန်ကုန်တိုင်းတရားရုံး၊ တွဲဖက်တိုင်းတရားသူကြီး (၄) ဦးဘကျော်၏ ပြစ်ဒဏ်ပေးခြင်းနှင့်ပတ်သက်၍ "တရားခံများသည် ရည်ရွယ်ချက်ခြင်းမတူသော သီးခြားပြစ်မှုများကို ကျူးလွန်ကြခြင်းဖြစ်သည်၊ ၁၉၅၀ ပြည့်နှစ် အရေးပေါ်စီမံမှု အက်ဥပဒေ ပုဒ်မ ၅ (ည) သည် ပြည်သူ့တရားသူကြီးအဖွဲ့ညွှန်ကြားချက်အမှတ် ၉ တွင် ဖော်ပြထားသော နိုင်ငံတော်လုံခြုံရေးကို ထိပါးစေသော ပြစ်မှုအမျိုးအစားတွင် ပါဝင်သည်။" ဟုသုံးသပ်ကာ တရားခံများ၏တင်ပြချက်ဖြစ်သော မိမိတို့လုပ်ဆောင်ချက်သည် တခုတည်းသာဖြစ်သည့်အတွက် ပြစ်မှုတခုတည်းဖြင့်သာ စကားရပ်များဥပဒေပုဒ်မ ၂၂ အရ အပြစ်ပေးရန် သို့မဟုတ် ပြစ်ဒဏ်လျော့ပေးရန်တင်ပြချက်ကို လက်မခံဘဲ ငြင်းပယ်ခဲ့သည်။

ပြည်သူ့တရားသူကြီးအဖွဲ့၏ ညွှန်ကြားချက်အမှတ် ၉ သည် ၁၉၇၅ ခု၊ ဇူလိုင်လ ၁၂ ရက်နေ့စွဲဖြင့် ထုတ်ပြန်ထားသည့် ညွှန်ကြားချက်ဖြစ်ပြီး၊ ထိုညွှန်ကြားချက်တွင်ပါရှိသည့် နိုင်ငံတော်လုံခြုံရေးကိုထိပါးစေသောပြစ်မှုများမှာ–

(၁) နိုင်ငံတော်သစ္စာဖေါက်ဖျက်ပုန်ကန်မှုများ၊

(၂) နိုင်ငံတော်အားအကြည်ညိုပျက်အောင်ပြုလုပ်မှုများ၊

(၃) မတရားအသင်းအက်ဥပဒေအရအမှုများ၊

(၄) လက်နက်မှုများ၊

(၅) မီးရှို့မှုများ၊

(၆) နိုင်ငံခြားသို့ခိုးထွက်မှုနှင့် နိုင်ငံခြားမှခိုးဝင်မှုများ၊

(၇) နိုင်ငံခြားသားမှတ်ပုံတင်အရ အရေးယူမှုများ ဖြစ်သည်။

ထိုသို့ညွှန်ကြားသည့် ညွှန်ကြားလွှာ အမှတ် ၉ တွင် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ခြင်းဥပဒေအရ ဖြစ်ပွားသည့်အမှုများကိုဖေါ်ပြထားခြင်းမရှိပေ။ သို့သော် ပညာရှိတရားသူကြီးမင်း ဦးဘကျော်က ပုံနှိပ်သူများနှင့် ထုတ်ဝေသူများမှတ်ပုံတင်ခြင်း အက်ဥပဒေအရ စွဲဆိုထားသည့်အမှုကို နိုင်ငံတော်အားအကြည်အညိုပျက်အောင် ပြုလုပ်မှုများသို့ရောက်အောင် သုံးသပ်ခဲ့သည်ကိုတွေ့ရသည်။ စွဲဆိုထားသည့်ပုဒ်မနှင့် ပြစ်ဒဏ်ပေးရန် ထည့်သွင်းစဉ်းစားသော တရားသူကြီး၏သုံးသပ်ချက်များသည် တရားခံများကို ကြီးလေးသော ပြစ်ဒဏ်ပေးနိုင်ရန် တမင်ရည်ရွယ်၍ ထည့်သွင်းသုံးသပ်ခြင်းဖြစ်ကြောင်းကို ထင်ရှားစွာတွေ့ရှိနိုင်သည်။ ပြည်သူ့တရားသူကြီးအဖွဲ့သည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာသည့် တရားစီရင်ရေးအဖွဲ့ဖြစ်သည်။ ၁၉၈၈ ခုနှစ် နောက်ပိုင်းအသစ်ပြန်လည်ဖွဲ့စည်းခဲ့သော တရားစီရင်ရေးအဖွဲ့မဟုတ်ပါ၊ ထို့အတူ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီလည်းမရှိတော့ပါ၊ သို့သော် နအဖ လက်ထက်တွင် ၎င်းတို့၏ အကျိုးစီးပွားကိုအကာအကွယ်ပေးနိုင်သည့်အမိန့်များ၊ ညွှန်ကြားချက်များ၊ အမိန့်များကို ဖျက်သိမ်းခြင်းမပြုသေးဘဲ ဆက်လက်ကျင့်သုံးနေသည်ကို အထက်ပါညွှန်ကြားချက်ကို လက်ခံကျင့်သုံးခြင်းဖြင့် ထင်ရှားစေသည်။

**လွတ်လပ်သော တရားစီရင်ရေးကို မပေါ်ဆောင်နိုင်သရွေ့ တရားမျှတ၍ဘက်လိုက်မှုကင်းသော မျှတသည့်တရားခွင် မည်သည့်အခါမှ ပေါ်ဆောင်နိုင်မည်မဟုတ်။ တရားရေးဆိုင်ရာ အခမ်းအနားများတွင် ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ တရားသူကြီးချုပ် ဦးအောင်တိုးတို့၏ အမှာစကားများသည် လှကြားကောင်းအောင် ပြောဆိုသည့် ပြောဆိုချက်များဖြစ်ပြီး လက်တွေ့ အမှန်တကယ်ကျင့်သုံးနေသည့်မှုမှာ ဥပဒေပြဌာန်းချက်များကို အသာထား၊ အမ်အိုင်၏ ညွှန်ကြားချက် မမှိတ်မသုန် လက်ခံ၍ ကြိုက်သလို ဆုံးဖြတ်၊ အပြစ်များများပေးနိုင်လေ ကောင်းလေဆိုသည့်မူကိုသာ လက်ခံကျင့်သုံးလျက်ရှိကြောင်း ..................**

ပြည်သူ့တရားသူကြီးအဖွဲ့က ထုတ်ပြန်သည့် ညွှန်ကြားလွှာသည် ထိုအချိန်က ဖွဲ့စည်းတည်ထောင်ခဲ့သည့် ပြည်သူ့တရား ပြည်သူကသာစီရင်မည်ဆိုသည့် ရည်ရွယ်ချက်ဖြင့် လုပ်သား

ပြည်သူများအတွင်းမှ ပြည်သူများရွေးချယ်သည့် တရားသူကြီးများဖြစ်ရာ တရားစီရင်ရေးဆိုင်ရာအတွေ့အကြုံများနည်းပါးခြင်းနှင့် ဥပဒေပညာတတ်ကျွမ်းမှုမရှိခြင်းစသည့် အားနည်းချက်များကြောင့် ထိုအချိန်က ပြည်သူ့တရားသူကြီးအဖွဲ့မှ ထိုကဲ့သို့ ညွှန်ကြားလွှာများထုတ်ဆင့်ညွှန်ကြားခဲ့ရခြင်းဖြစ်သည်။ ၁၉၈၈ နောက်ပိုင်းတွင် နဝတမှအာဏာလွှဲပြောင်းရယူပြီးနောက် အမိန့် အမှတ် ၅/၈၈ ဖြင့် ပြည်သူ့တရားသူကြီးအဖွဲ့အားဖျက်သိမ်းပြီး တရားရုံးချုပ်တရားရုံးများ ဖွဲ့စည်းတည်ထောင်ပြီးစီးကြောင်း ထုတ်ပြန်ကြေညာ၍ တရားသူကြီးများကို ရွေးချယ်ခန့်အပ်ခဲ့သည်။ ယခင်တရားရေးဝန်ထမ်း၊ တရားရေးအကြံပေးများအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် တရားရေးဝန်ထမ်းများအား ရာထူးနှင့်လုပ်သက်များအလိုက် တရားရုံးချုပ်တရားသူကြီးများ၊ ပြည်နယ်နှင့်တိုင်းတရားသူကြီးများ၊ မြို့နယ်တရားသူကြီးများအဖြစ် ရွေးချယ်ခန့်ထားသည်ကို တွေ့ရှိရသည်။ ထိုသို့ ရွေးချယ်ခန့်အပ်ခြင်းခံရသည့် တရားသူကြီးများအနေဖြင့် ပြစ်မှုဆိုင်ရာအမှုများ၊ တရားမမှုများ၊ စီမံခန့်ခွဲရေးဆိုင်ရာ အမှုများကို လွတ်လပ်စွာဥပဒေပြဋ္ဌာန်းချက်များအတိုင်း စစ်ဆေးစီရင်နိုင်ခြင်းမရှိဘဲ၊ စစ်ထောက်လှမ်းရေး၊ အမျိုးသားထောက်လှမ်းရေးစသည်တို့က ဖမ်းဆီးစွဲဆိုလာသည့်အမှုများတွင် ၎င်းတို့၏အလိုကျ တရားခံများပြစ်ဒဏ်ကျစေရန်ကို အဓိကထားဆုံးဖြတ်ခဲ့သည်ကို တွေ့ရှိနိုင်ပေသည်။ လွတ်လပ်သောတရားစီရင်ရေးကိုမဖေါ်ဆောင်နိုင်သရွေ့ တရားမျှတ၍ ဘက်လိုက်မှုကင်းသော မျှတသည့်တရားခွင်သည် မည်သည့်အခါမှ ဖေါ်ဆောင်နိုင်မည်မဟုတ်ပေ။ တရားရုံးချုပ်ရှေ့နေများအဖြစ် အသိအမှတ်ပြု လက်မှတ်ပေးအပ်သည့် အခမ်းအနားများနှင့် တရားသူကြီးများအား အခါအားလျော်စွာ ပို့ချပေးနေသည့် မွမ်းမံသင်တန်းဆင်းပွဲများတွင် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ တရားရုံး တရားသူကြီးချုပ် ဦးအောင်တိုးတို့၏ အမှာစကားများသည် လူကြားကောင်းအောင်ပြောဆိုနေသည့် ပြောဆိုချက်များဖြစ်ပြီး လက်တွေ့တွင်အမှန်တကယ်ကျင့်သုံးနေသည့်မှုမှာ ဥပဒေ ပြဋ္ဌာန်းချက်များကို အသာထား၊ တပ်မတော်ထောက်လှမ်းရေး၏ညွှန်ကြားချက်ကို မမိုတ်မသုန်လက်ခံ၍ ကြိုက်သလိုဆုံးဖြတ်၊ အပြစ်များများပေးနိုင်လေ ကောင်းလေဆိုသည့်မှုကိုသာ လက်ခံကျင့်သုံးလျက်ရှိကြောင်း တင်ပြလိုက်ရပေသည်။

## အားကိုးအားထားပြုစာရွက်စာတမ်းများ။


၁။ ဒု–ရဲမှူး လှမြင့် နှင့် ဦးအေးကြူ (ခ) မုံရွာအောင်ရှင် ပါ– ၅၊ ၂၀၀၀ ပြည့်နှစ် ရာဇဝတ်ကြီးမှုအမှတ် –၂၄၊ ရန်ကုန်တိုင်းတရားရုံး၊ တွဲဖက်တိုင်း တရားသူကြီး (၄) ၏ စီရင်ချက်နှင့်အမိန့် မိတ္တူမှန်။

၂။ သက်သေခံဥပဒေ

၃။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ

၄။ ၁၉၆၂ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ခြင်းဥပဒေ။တော်လှန်ရေးကောင်စီလက်ထက် ပြဋ္ဌာန်းသည့် ဥပဒေများ။

၅။ တရားရုံးများလက်စွဲ

၆။ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဦးရဲအောင်ပါ (၂) ၁၉၉၁ မြန်မာနိုင်ငံတရားစီရင်ထုံး စာ ၆၃– ၆၉

အခြေခံဥပဒေရေးရာ

# တရားမျှတမှုသို့ သွားကြရာဝယ်

**လှရွှေ**

ဥပဒေလောကမှာ ဆိုစကားတခုရှိပါတယ်။ အဲ့တာကတော့ ဥပဒေဆိုတာ ရာဇ်ဟော်တယ် (Ritz Hotel) လိုဘဲ ဆင်းရဲချမ်းသာမခွဲ အားလုံးအတွက် ဖွင့်ပေးထားပါတယ်တဲ့၊ ဝိတိုရိယခေတ် (Victorian era) အင်္ဂလိပ်တရားသူကြီးတဦးရဲ့ ဂန္တဝင်တွင်ခဲ့တဲ့ မှတ်ချက် စကားလေးပါ။ သူဆိုလိုတာက ရာဇ်ဟော်တယ်မှာ ချမ်းသာတဲ့သူမှသာ ဝင်ရောက်စားသောက်ခွင့်ရှိပြီး၊ ဆင်းရဲတဲ့သူတွေ ဝင်ရောက်စားသောက်ခွင့်မရှိ ဆိုတဲ့ စည်းကမ်းချက်မျိုးမရှိပါဘူး။ ဘယ်သူမဆို ဝင်ရောက်စားသောက်ခွင့်ရှိပါတယ်၊ အားလုံးကိုအညီအမျှ ဆက်ဆံပါတယ်။ ဒါပေမဲ့ လက်တွေ့မှာတော့ ရာဇ်ဟော်တယ်တက်ဖို့အတွက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ကုန်ကျမဲ့အဆောင်အယောင်၊ အခကြေးငွေစတာတွေက ဆင်းရဲသားတွေကို ဟော်တယ်နားမသီနိုင်အောင် ဟန့်တားထားပါတယ်။

> **ဥပဒေရှေ့မှောက်မှာ လူအားလုံး အညီအမျှဖြစ်တယ်လို့ ဆိုကြပေမဲ့ လက်တွေ့ကျင့်သုံးနေတဲ့ဥပဒေစနစ်ရဲ့ လုပ်ထုံးလုပ်နည်းတွေက ဆင်းရဲတဲ့လူနဲ့ ချမ်းသာတဲ့လူကြား တရားမျှတမှုသို့ သွားရာလမ်းမှာ ကွာဟချက်တွေဖြစ်စေတာကြောင့် ဆင်းရဲတဲ့လူတွေဟာ ဥပဒေကပေးတဲ့ တရားမျှတမှုကို ရရှိခံစားဘို့အတွက် အခွင့်အလမ်း နည်းပါးလှပါတယ်။**

ဒီလိုပါဘဲ ဥပဒေရဲ့ရှေ့မှောက်မှာအားလုံးညီမျှကြတယ်လို့ဆိုကြပေမဲ့လည်း တရားမျှတမှုသို့ သွားရာလမ်း (access to justice) ဖြစ်တဲ့ တရားရေးလုပ်ငန်းစဉ်မှာ ရှေ့နေငှားနိုင်သူတွေ၊ အရည်အသွေးပိုပြည့်တဲ့ရှေ့နေငှားနိုင်သူတွေဟာ ရှေ့နေမငှားနိုင်သူတွေ၊ အရည်အသွေးမပြည့်မှီတဲ့ရှေ့နေလောက်သာငှားနိုင်သူတွေထက် တရားရုံးမှာ ပိုမိုပြည့်စုံကောင်းမွန်တဲ့ လျှောက်လဲချက်တွေ တင်ပြနိုင်မှာဖြစ်တဲ့အတွက် သူ့ဘက်က အသာစီးရမယ့်ဆုံးဖြတ်ချက်တွေရရှိဘို့ အခွင့်အလမ်းတွေ ပိုများနေပါလိမ့်မယ်။ သဘောတရားအရ ဥပဒေရှေ့မှောက်မှာ လူအားလုံးအညီအမျှ

ဖြစ်တယ်လို့ဆိုပေမဲ့ လက်တွေ့ကျင့်သုံးနေတဲ့ ဥပဒေစနစ်ရဲ့လုပ်ထုံးလုပ်နည်းတွေက ဆင်းရဲတဲ့လူနဲ့ ချမ်းသာတဲ့လူကြား တရားမျှတမှုသို့သွားရာလမ်းမှာ ကွာဟချက်တွေဖြစ်စေတာကြောင့် ဆင်းရဲတဲ့လူတွေဟာ ဥပဒေကပေးတဲ့တရားမျှတမှုကို ရရှိခံစားဘို့အတွက် အခွင့်အလမ်း နည်းပါးလှပါတယ်လို့ ဆိုလိုပါတယ်။ ဒီမှတ်ချက်ဟာ ဥပဒေကပေးထားတဲ့ ကိုယ်ရဲ့အခွင့်အရေးကိုကာကွယ်ရာမှာ ဒါမှမဟုတ် တောင်းဆိုရာမှာ ငွေကြေးချို့တဲ့သူတွေ ကျော်လွှန်စွမ်းဆောင်နိုင်စွမ်းမရှိတဲ့ အခွင့်အလမ်း (opportunity) ကွာဟချက်ကို ဖေါ်ပြလိုက်တာဖြစ်သလို တရားမျှတမှုသို့သွားရာလမ်းမှာ အရေးပါတဲ့အပိုင်းတပိုင်းဖြစ်တဲ့ ဥပဒေအကျိုးဆောင်လုပ်ငန်း (ရှေ့နေလုပ်ငန်း) ရဲ့ အနေအထားကို ဝေဖန်စောကြောလိုက်တာလည်း ဖြစ်ပါတယ်။

ယေဘုယျအားဖြင့်ဆိုရရင် ဥပဒေအကျိုးဆောင်လုပ်ငန်းဟာ အသက်မွေးဝမ်းကျောင်းလုပ်ငန်း (စီးပွားရေးလုပ်ငန်း) တခုပါဘဲ။ ဒါပေမဲ့ တခြားသောအသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေလို သဘောထားလို့တော့ မသင့်ပါဘူး။ ငွေကြေးတတ်နိုင်သူတွေဟာ ပိုမိုကုန်ကျခံနိုင်တာကြောင့် အိမ်တွေ၊ ကားတွေ၊ စားကောင်းသောက်ဖွယ်တွေကို ဝယ်ယူသုံးဆောင်သလို ဥပဒေအကျိုးဆောင်မှုကိုလည်း ဝယ်ယူသုံးဆောင်ခြင်းဖြစ်တယ်လို့ယူဆခဲ့ရင်– အဲ့ဒီယူဆချက်ဟာ ဒီနေ့ ယဉ်ကျေးတဲ့လူ့အဖွဲ့အစည်းကလက်ခံထားတဲ့ စံတွေ၊ တန်ဖိုးတွေနဲ့ သဟဇာတဖြစ်ရဲ့လားလို့ စောဒကတက်ဖွယ်ရှိလာပါတယ်။ တောင်အာဖရိကမှ (?)

ဩစတေးလျ တရားရုံးချုပ်ရဲ့ တရားသူကြီးချုပ်အဖြစ် ဆောင်ရွက်ခဲ့တဲ့ မစ္စတာကင်း က ၁၉၈၄ ခုနှစ်မှာ တရားမျှတမှုသို့သွားရာလမ်းနှင့်စပ်လျဉ်းလို့ မှတ်ချက်ချထားတာကတော့ “နိုင်ငံသားအားလုံးဟာ သူတို့ရဲ့ဥပဒေအခွင့်အရေးတွေကို ထိထိရောက်ရောက် မကာကွယ်နိုင်ခဲ့ရင်၊ အခိုင်အမာမပြောဆိုနိုင်ခဲ့ရင်၊ ဒ့ါအပြင် အဲ့ဒီလိုကိုယ့်ရဲ့ဥပဒေအခွင့်အရေးကိုကာကွယ်ဘို့ ရည်ရွယ်ချက်အတွက် တရားရုံးသို့သွားရာလမ်းကြောင်းမရှိခဲ့ရင် တရားဥပဒေစိုးမိုးရေး (rule of law) ရဲ့ ပြီးပြည့်စုံတဲ့ အဓိပ္ပါယ်ဖေါ်ပြချက်အရ တရားဥပဒေ စိုးမိုးရေးအောက်မှာနေထိုင်ခြင်းဖြစ်တယ်လို့ မပြောနိုင်ဘူး။ ကျွန်ုပ်တို့ရဲ့ ဥပဒေစံနစ်အောက်မှာ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်တဲ့ထောက်ပံ့မှု လိုအပ်ချက်ရှိပါတယ်။ တကယ်လို့ ကိုယ်ရဲ့ဥပဒေဆိုင်ရာအခွင့်အရေးကိုကာကွယ်ဘို့၊ အခိုင်အမာပြောဆိုဖို့အတွက် ဥပဒေကျွမ်းကျင်မှုဆိုင်ရာ ထောက်ပံ့မှုကို ကျိုးကြောင်းဆီလျော်စွာလိုအပ်နေတဲ့ နိုင်ငံသားတယောက်ဟာ အဲ့ဒီကျွမ်းကျင်မှုဆိုင်ရာ ထောက်ပံ့မှုမရရှိနိုင်ခဲ့ရင် လူ့အဖွဲ့အစည်းအတွင်းမှာရှိနေတဲ့ တရားဥပဒေစိုးမိုးရေးအတိုင်းအတာဟာ ချို့တဲ့နေပြီဖြစ်တယ်” လို့ မှတ်ချက်ပြုခဲ့ပါတယ်။ တရားဥပဒေစိုးမိုးရေး

**တရားဥပဒေစိုးမိုးရေး (rule of law) ဆိုတာ ဒီမိုကရေစီစံနစ်ရဲ့ လက္ခဏာတရပ်ဖြစ်သလို လူတယောက်ခြင်းစီရဲ့ လွတ်လပ်မှု၊ လုံခြုံမှုကို အာမခံနိုင်ဖို့အတွက် မရှိမဖြစ်လိုအပ်ချက်လည်းဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေးအတိုင်းအတာချို့တဲ့နေပြီဆိုရင် အဲ့ဒီချို့တဲ့မှုအတိုင်းအတာအလျောက် လူတယောက်ခြင်းစီရဲ့ လွတ်လပ်မှု၊ လုံခြုံမှုတို့ဟာ ခြိမ်းခြောက်ခံနေရပြီ ဖြစ်ပါတယ်။**

(rule of law) ဆိုတာ ဒီမိုကရေစီစံနစ်ရဲ့ လက္ခဏာတရပ်ဖြစ်သလို လူတယောက်ခြင်းစီရဲ့ လွတ်လပ်မှု၊ လုံခြုံမှုကို အာမခံနိုင်ဖို့အတွက် မရှိမဖြစ်လိုအပ်ချက်လည်း ဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေးအတိုင်းအတာချို့တဲ့နေပြီဆိုရင် အဲ့ဒီချို့တဲ့မှုအတိုင်းအတာအလျောက် လူတယောက်ခြင်းစီရဲ့လွတ်လပ်မှု၊ လုံခြုံမှုတို့ဟာ ခြိမ်းခြောက်ခံနေရပြီ ဖြစ်ပါတယ်။ အထက်မှာတင်ပြခဲ့သလို ဒီမိုကရက်တစ်လူ့အဖွဲ့အစည်းမှာလည်း လက်တွေ့ကျင့်သုံးနေတဲ့ လုပ်ထုံးလုပ်နည်းကြောင့် တရားဥပဒေစိုးမိုးရေးချို့တဲ့မှုတွေဟာ ရှိလည်းရှိခဲ့တယ်၊ ရှိနေဆဲလည်း ဖြစ်ပါတယ်။ ဒီချို့ယွင်းချက်ကို ဘယ်လိုပြန်တည့်မတ်မလဲဆိုတာဟာ ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းတခုအနေနဲ့ မလွဲမသွေစဉ်းစားရမဲ့ ပြဿနာတခုဖြစ်လာပါတယ်။ ဒီမိုကရက်တစ် လူ့အဖွဲ့အစည်းတွေမှာ အထက်ကအခြေအနေကို ကျော်လွှားနိုင်ဖို့ အားထုတ်ကြိုးပမ်းတဲ့အနေနဲ့ ဥပဒေဆိုင်ရာထောက်ပံ့မှု အစီအစဉ် (legal aid scheme) ဆိုတာတွေကို အကောင်အထည်ဖေါ် ဆောင်ရွက်လာကြပါတယ်။

## Legal aid ဆိုရာမှာ

Legal aid ရဲ့အဓိပ္ပါယ်ကို ဥပဒေက ပေးအပ်ထားတဲ့ ကိုယ်ရဲ့အခွင့်အရေးကို လက်တွေ့ကျင့်သုံးနိုင်စေဖို့ ရည်ရွယ်ချက်နဲ့ ဆင်းရဲတဲ့သူတွေ၊ လူ့အဖွဲ့အစည်းရဲ့ အားနည်းတဲ့ အစိတ်အပိုင်း (weaker section of the society) တွေကို အခမဲ့ ဥပဒေဆိုင်ရာ အကူအညီပေးခြင်းလို့ ယေဘုယျအားဖြင့် ဆိုနိုင်ပါတယ်။ ဒီအဓိပ္ပါယ်အရဆိုရင် legal aid ဆိုတာ သိပ်ခက်ခဲတဲ့ကိစ္စမဟုတ်ဘူးလို့ ထင်မှတ်ရပေမဲ့ လက်တွေ့ကျင့်သုံးဆောင်ရွက်ရာမှာ legal aid ရဲ့ အဝန်းအဝိုင်းဟာ အလွန်ကျယ်ပြန့်တဲ့ အသွင်ရှိလာသလို နောက်ဆက်တွဲစဉ်းစားရမဲ့ကိစ္စများလည်း ပေါ်ပေါက်လာပါတယ်။

တရားရုံးတွေမှာရင်ဆိုင်ကြတဲ့ အမှုကိစ္စအများစုဟာ ပြစ်မှုဆိုင်ရာအမှုနဲ့ တရားမမှုတွေသာ ဖြစ်ကြပါတယ်။ ပြစ်မှုတွေကို တရားရုံးက စစ်ဆေးတဲ့အခါမှာ စွပ်စွဲခံရသူ (accused person) ကို ပြစ်မှုဆိုင်ရာလုပ်ထုံးလုပ်နည်း (criminal procedure) မူသဘောအရ သူ့ကိုစွပ်စွဲထားတဲ့စွဲချက်ကို ခုခံထုချေဖို့ အခွင့်အရေးအပြည့်အဝ ပေးရပါတယ်။ လက်တွေ့မှာ ပြစ်မှုဆိုင်ရာလုပ်ထုံးလုပ်နည်းရဲ့ ဆိုခဲ့တဲ့မူသဘောဖြစ်မြောက်စေဖို့ အတွက်ဆိုရင် စွပ်စွဲခံရသူဟာ ဥပဒေနဲ့သက်ဆိုင်တဲ့အထောက်အကူ လိုအပ်လာပါတယ်။ ဒါကြောင့် စွပ်စွဲခံရသူဟာ သူ့ကိုဥပဒေဆိုင်ရာအကြံပေးဖို့၊ တရားရုံးမှာ သူ့ကိုယ်စားတင်ပြလျှောက်လဲဖို့အတွက် ရှေ့နေရရှိဖို့အခွင့်အရေး ရှိရပါမယ်။ ပြစ်မှုနဲ့စပ်လျဉ်းတဲ့ စဉ်းစားချက်လိုဘဲ ငှားရမ်းနေထိုင်နေတဲ့အိမ်ကနေ အိမ်ရှင်ရဲ့ မတရားသဖြင့်နှင်ထုတ်ခြင်းခံရတဲ့၊ အကြွေးရောင်းတဲ့ကုမ္ပဏီတွေက မတန်တဆဈေးတင်ပြီးရောင်းချတဲ့ ကုန်ပစ္စည်းတွေကို ဝယ်ယူနေရတဲ့ စတဲ့ စတဲ့ တရားမျှတမှုမရှိတဲ့အခြေအနေများကို ရင်ဆိုင်နေရတဲ့ မရှိဆင်းရဲသားတွေဟာ တရားရုံးမှာ သူတိုရဲ့နစ်နာမှုများကို ကုစားနိုင်ရပါမယ်။ အဲ့ဒီလို ကုစားနိုင်ဖို့အတွက်ဆိုရင် လက်တွေ့မှာ သူတို့ကို ဥပဒေဆိုင်ရာအကြံပေးခြင်း သူတို့ကိုယ်စား တရားရုံးမှာ တင်ပြလျှောက်ထားခြင်းတို့ရှိရပါမယ်။ ဒါ့အပြင် ဥပဒေနဲ့ဆိုင်တဲ့ကိစ္စ

အများအပြားဟာ တရားရုံးရဲ့ပြင်ပမှာ ရှိနေပါသေးတယ်။ တရားမဥပဒေအပိုင်းမှာ စာချုပ်စာတမ်းများရေးဆွဲတာ၊ ပစ္စည်းလွှဲပြောင်းတာစသဖြင့် ဥပဒေဆိုင်ရာလုပ်ငန်း အတော်များများကို တရားရုံးပြင်ပမှာ လုပ်ခဲ့ကြတာဖြစ်ပါတယ်။ ပြစ်မှုပိုင်းမှာလည်း ရဲစခန်းမှာချုပ်နှောင်ခြင်းလို တရားရုံးမရောက်သေးတဲ့ ဥပဒေဆိုင်ရာကိစ္စရပ်များ ရှိနေပါတယ်။ ဒီလိုတရားရုံးပြင်ပမှာလုပ်ဆောင်တဲ့ ဥပဒေဆိုင်ရာလုပ်ဆောင်မှုများမှာ လည်း ဥပဒေဆိုင်ရာအခွင့်အရေးတွေ တည်ရှိနေပါတယ်။ ဥပမာ– ရဲစခန်းမှာချုပ်နှောင်ခံရ တဲ့အခါ ရဲကမေးမြန်းတာကို မဖြေဘဲနေနိုင်ခွင့်၊ ဘာကြောင့်ဖမ်းတယ်ဆိုတာမေးခွင့်၊ မေးမြန်းမှတ်သားထားတဲ့ မှတ်တမ်းတခုခုမှာ လက်မှတ်ထိုးခိုင်းတာကို ငြင်းဆန်ခွင့်စသဖြင့် ဥပဒေကပေးထားတဲ့အခွင့်အရေးများ ရှိနေပါတယ်။ ဆိုရရင် ပြစ်မှု၊ တရားမမှုနယ်ပယ် နှစ်ရပ်စလုံးမှာ အမှုကိစ္စကြီးသည်ဖြစ်စေ ငယ်သည်ဖြစ်စေ၊ တရားစွဲဆိုသည်ဖြစ်စေ တရားစွဲ ဆိုခံရသည်ဖြစ်စေ၊ တရားရုံးပြင်ပမှာဆောင်ရွက်တဲ့ ဥပဒေဆိုင်ရာလုပ်ဆောင်မှုဖြစ်သည် ဖြစ်စေ ဥပဒေဆိုင်ရာအခွင့်အရေးဟာ ဆက်စပ်ပတ်သက်လာပါတယ်။ legal aid ဆိုတာ ကိုယ်ရဲ့ဥပဒေဆိုင်ရာအခွင့်အရေးကိုကာကွယ်ဖို့၊ အခိုင်အမာပြောဆိုဖို့မတတ်နိုင်တဲ့ သူတွေကို ဥပဒေဆိုင်ရာအကူအညီပေးဖို့ ရည်ရွယ်တာဖြစ်တဲ့အတွက် legal aid scheme ဟာ အထက်ကတင်ပြခဲ့တဲ့ အနေအထားအားလုံးကို လွှမ်းခြုံမှုရှိရပါမယ်။ ဆိုရရင် legal aid အဝန်းအဝိုင်းဟာ တရားရုံးရှေ့ရောက်နေတဲ့အမှုတင်မကဘဲ၊ တရားရုံးပြင်ပရှိ ဥပဒေ ဆိုင်ရာလုပ်ငန်းတွေအထိ ကျယ်ဝန်းပါတယ်။

တရာရုံးပြင်ပရှိ ဥပဒေဆိုင်ရာလုပ်ဆောင်မှုများကိုတင်ပြခဲ့ရာမှာ တရားစီရင်ရေး အပိုင်းနဲ့ဆိုင်တဲ့ legal aid အဝန်းအဝိုင်းကိုသာ တင်ပြခဲ့ရပါသေးတယ်၊ ဥပဒေပြဋ္ဌာန်းမှု အပိုင်းနဲ့ ဆက်စပ်နေတဲ့ legal aid အဝန်းအဝိုင်းကိုတင်ပြဖို့ ကျန်ရှိနေပါတယ်။ ဥပဒေတွေ ဟာ တခြားသူတွေထက်စာရင် ငွေကြေးချမ်းသာသူတွေနဲ့ ဩဇာအာဏာရှိသူတွေကို ပိုပြီးကိုယ်စားပြုတယ်ဆိုတဲ့ ဝေဖန်မှုတွေကို မကြာမကြာ ကြားမိပါလိမ့်မယ်။ မမှား ဘူးလို့ပြောရမဲ့ ဝေဖန်ချက်တွေ ဖြစ်ပါ တယ်။ ဒီမိုကရေစီစနစ်ကိုကျင့်သုံး တဲ့နိုင်ငံတွေမှာ ဥပဒေတွေကို ပါလီမန်ကနေ ပြဋ္ဌာန်းပါ တယ်။ အဲဒီဥပဒေပြဋ္ဌာန်းမှု လုပ်ငန်းစဉ်မှာ ပါလီမန်အမတ် တွေက ဥပဒေကြမ်းတင်သွင်းခြင်း၊ ဥပဒေကြမ်းနဲ့စပ်လျဉ်းလို့ ဆွေးနွေး ခြင်း၊ ဥပဒေကြမ်းကိုအတည်ပြုဖို့သင့်၊ မသင့် ဆန္ဒမဲပေးခြင်းစတာတွေကို လုပ်ဆောင်ရပါတယ်။ ပါလီမန်ကနေ ဥပဒေအသစ်တခု ကို ဆွေးနွေးသုံးသပ်တဲ့အခါတွေမှာ ငွေကြေးကြွယ်ဝသူတွေဟာ သူတို့အကျိုးစီးပွားကို

**ဥပဒေတွေဟာ တခြားသူတွေထက်စာ ရင် ငွေကြေးချမ်းသာသူတွေနဲ့ ဩဇာ အာဏာရှိသူတွေကိုပိုပြီး ကိုယ်စားပြုတယ်လို့ ဝေဖန်မှုတွေကို မကြာမကြာ ကြားမိပါလိမ့်မယ်။ မမှား ဘူးလို့ပြောရမဲ့ ဝေဖန်ချက်တွေဖြစ်ပါတယ်။ တရားဥပဒေ ရှေ့မှောက်မှာ လူတိုင်းညီမျှကြတယ် ဆိုတာရဲ့အဓိပ္ပါယ်ကို လေးလေး နက်နက် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်စေချင်တယ်ဆိုရင် ဥပဒေ ပြုခြင်းအပိုင်းမှာ ဓနဥစ္စာကြွယ်ဝသူတွေရနေတဲ့ အခွင့် အလမ်း (opportunity) မျိုးကို ဆင်းရဲသား တွေလည်း ရရှိခံစားနိုင်ဖို့ လိုပါလိမ့်မယ်။**

ထိခိုက်မဲ့ဥပဒေများ မပြဌာန်းလာအောင် ဒါမှမဟုတ် သူတို့အကျိုးစီးပွားကို ထောက်ကူမဲ့ ဥပဒေများ ပေါ်ပေါက်လာအောင် ပါလီမန်အမတ်များ၊ နိုင်ငံရေးသမားများကို မကြာခဏ ဆိုသလို ဆွဲဆောင်သိမ်းသွင်းလေ့ရှိပါတယ်။ အဲဒီလို ဆွဲဆောင်နိုင်ဘို့အတွက် လိုအပ်တဲ့ ဥပဒေဆိုင်ရာအချက်အလက်များရယူနိုင်တဲ့ နည်းလမ်းတွေ၊ အထောက်အကူတွေလည်း ငွေကြေးချမ်းသာသူတွေမှာ ရှိနေပါတယ်။ တရားဥပဒေရှေ့မှောက်မှာ လူတိုင်းညီမျှကြ တယ် ဆိုတာရဲ့အဓိပ္ပါယ်ကို လေးလေးနက်နက် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်စေချင်တယ်ဆိုရင် အထက်မှာဖေါ်ပြခဲ့တဲ့ ဥပဒေပြုခြင်းအပိုင်းမှာ ဓနဥစ္စာကြွယ်ဝသူတွေရနေတဲ့အခွင့်အလမ်း (opportunity)မျိုးကို ဆင်းရဲသားတွေလည်း ရရှိခံစားနိုင်ဖို့ လိုပါလိမ့်မယ်။ တနည်းပြောရ ရင် ဆင်းရဲသားတွေအနေနဲ့ သူတို့ရဲ့ဘုံအကျိုးစီပွားနဲ့သက်ဆိုင်တဲ့ ဥပဒေတွေကိုပြဌာန်း ရာမှာ ဥပဒေပြုအမတ်တွေကို ဆွဲဆောင်သိမ်းသွင်းနိုင်ဖို့အတွက် လိုအပ်တဲ့ ဝန်ဆောင်မှု လုပ်ငန်း service ဟာ legal aid အဝန်းအဝိုင်းနဲ့ ဆက်နွယ်လာပါတယ်။ ဩစတေးလျမှာ Aborigine တွေကို ဥပဒေအထောက်အကူပေးနေတဲ့ Aboriginal Legal Service အဖွဲ့ ဟာ ဆိုခဲ့တဲ့ရည်ရွယ်ချက်မျိုးနဲ့ ဖွဲ့ထားတဲ့အဖွဲ့ဖြစ်ပါတယ်။ အဲဒီအဖွဲ့က ဥပဒေပြုတဲ့အပိုင်း မှာ အကျိုးသက်ရောက်မှုများဖြစ်လာစေဖို့ ပုလိပ်နဲ့ပြည်သူ့ဝန်ထမ်းအရာရှိများမှ Aborigine တွေအပေါ် တဘက်သတ် ခွဲခြားဆက်ဆံမှုကျင့်သုံးခြင်း (discriminatory practices) နဲ့သက်ဆိုင်တဲ့ကိစ္စရပ်များကို ဖေါ်ထုတ်ပါတယ်။

legal aid အဝန်းအဝိုင်းမှာ နောက်ထပ်တင်ပြလိုတဲ့ ကိစ္စရပ်ကတော့ legal aid ရဲ့ အရည်အသွေးဆိုင်ရာကိစ္စဖြစ်ပါတယ်။ ငွေကြေးကြွယ်ဝသူတွေအနေနဲ့ သက်ဆိုင်ရာ ဥပဒေနယ်ပယ်မှာအထူးကျွမ်းကျင်တဲ့ ရှေ့နေတွေကို ရွေးချယ်နိုင်သလို ပြဿနာနဲ့ ဆက်နွယ်နေတဲ့ ဥပဒေနဲ့ပါတ်သက်ပြီး ကျွမ်းကျင်သူတွေရဲ့ အကြံပေးချက်များကိုလည်း ရယူနိုင်ပါတယ်။ တကယ်လို့ legal aid ကပေးတဲ့ဝန်ဆောင်မှုဟာ ကြွယ်ဝချမ်းသာသူ တွေရရှိနိုင်တဲ့ ဝန်ဆောင်မှုထက် အရည်အသွေးနိမ့်နေမယ်ဆိုရင် legal aid ရဲ့ မူလ ရည်ရွယ်ချက်များကိုထိခိုက်မဲ့ အခြေအနေများ ဖြစ်ကောင်းဖြစ်လာနိုင်ပါတယ်။ ဒါကြောင့်မို့ legal aid ရဲ့ ဝန်ဆောင်မှုကို ငွေကြေးချမ်းသာတဲ့သူတွေရရှိနိုင်တဲ့ ဥပဒေဆိုင်ရာဝန်ဆောင် မှုနဲ့ ယှဉ်နိုင်တဲ့အမျိုးအစားဖြစ်ဖို့ လိုလာပါတယ်။ ဒါပေမဲ့ သက်ဆိုင်ရာဥပဒေမှာအထူး ကျွမ်းကျင်တဲ့ဝန်ဆောင်မှုကို စီစဉ်ဖို့ဆိုတဲ့ကိစ္စကို လက်တွေ့အကောင်အထည်ဖေါ်ရာမှာ အကန့်အသတ်များစွာ ရှိနေပါလိမ့်မယ်။ တချို့နိုင်ငံတွေမှာ အမှုသည်က ကိုယ်လိုချင်တဲ့ ရှေ့နေကို အကန့်အသတ်ဖြင့် ရွေးချယ်ခွင့်ပြုတာတွေလည်း တွေ့ရပါတယ်။ ဥပမာ – နယ်သာလန်မှာ ရှေ့နေတယောက်ရဲ့ ဥပဒေနယ်ပယ်တခုမှာ အထူးကျွမ်းကျင်မှုရှိခြင်းကို ဥပဒေအထောက်အပံ့ရယူတဲ့အမှုသည်က ထူးကဲစွာလိုအပ်ရင် LA council က စီမံပေး နိုင်ခွင့်ရှိပါတယ် *(LA Law 1993 law no. 775 article 13 (Nether-lands))*။ ယေဘုယျ အားဖြင့်တော့ ဥပဒေနယ်ပယ်အာလုံးမဟုတ်ဘဲ အိမ်ငှားရမ်းခြင်းဆိုင်ရာ ဥပဒေ (tenancy law) လူမှုဖူလုံရေးဆိုင်ရာဥပဒေ (social security law) တို့လို ဆင်းရဲသားတွေနဲ့

အများဆုံးပတ်သက်နေတဲ့ ဥပဒေမျိုးနဲ့သက်ဆိုင်တဲ့ အထူးကျွမ်းကျင်သူများ ရှိသင့်တယ်လို့ ယူဆကြပါတယ်။

## Legal aid ပုံသဏ္ဍာန်များ

Legal aid ရဲ့ အဝန်းအဝိုင်းဟာ အထက်မှာတင်ပြခဲ့သလို နယ်ပယ်ကျယ်ဝန်းလွန်းတဲ့အတွက် legal aid အဖွဲ့အစည်းများရဲ့ ပုံသဏ္ဍာန်များမှာလည်း ဦးတည်တဲ့ပရိသတ်၊ လုပ်ငန်းရည်မှန်းချက်၊ နိုင်ငံတော်မူဝါဒစတဲ့ အချက်တွေအပေါ်မူတည်ပြီး ပုံသဏ္ဍာန်အမျိုးမျိုးရှိနေပါတယ်။ အဲ့ဒီလို ထွေပြားနေတဲ့အသွင်အမျိုးမျိုးကို နိုင်ငံတော်အပိုင်းကဆောင်ရွက်တဲ့ legal aid နဲ့ ပုဂ္ဂလိကပိုင်းကဆောင်ရွက်တဲ့ legal aid ဆိုပြီး နှစ်ပိုင်းခွဲချဉ်းကပ်ရင် လေ့လာမှုလွယ်ကူသွားမယ်လို့ ထင်ပါတယ်။

## (၁) နိုင်ငံတော်ပိုင်းက ဆောင်ရွက်သော legal aid

အစောဆုံး legal aid လှုပ်ရှားမှုဟာ ၁၈၅၁တွင် ပြင်သစ်နိုင်ငံမှာ ဆင်းရဲသားများကို ဥပဒေဆိုင်ရာအထောက်အကူပေးခြင်းနဲ့သက်ဆိုင်တဲ့ ဥပဒေပြဋ္ဌာန်းလိုက်တဲ့အချိန်ကစတယ်လို့ ဆိုကြပါတယ်။ တနည်းအားဖြင့် နိုင်ငံတော်အနေနဲ့ အဲ့ဒီအချိန်ကစတင်ပြီး ဥပဒေအထောက်အကူပေးခြင်းမှာ ပါဝင်ဆက်နွယ်လာတယ်လို့ ဆိုနိုင်ပါလိမ့်မယ်။ ဒီနေ့ကာလမှာတော့ နိုင်ငံအတော်များများရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတွေမှာ legal aid နဲ့ဆက်နွယ်တဲ့ပြဋ္ဌာန်းချက်တွေကို တွေ့ရပါတယ်။ ရေးဆွဲထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမရှိတဲ့ ဗြိတိန်နိုင်ငံမှာတော့ ၁၉၄၉ ခုနှစ် မှာ *Legal Aid and Advice Act* ကိုပြဋ္ဌာန်းပြီး နိုင်ငံတော်အနေနဲ့ ဥပဒေအထောက်အကူပေးခြင်းမှာ ဆက်စပ်ပါဝင်လာပါတယ်။

> **အစောဆုံး legal aid လှုပ်ရှားမှုဟာ ၁၈၅၁ ခုနှစ် ပြင်သစ်နိုင်ငံမှာ ဆင်းရဲသားများကို ဥပဒေဆိုင်ရာအထောက်အကူပေးခြင်းနဲ့သက်ဆိုင်တဲ့ဥပဒေပြဋ္ဌာန်းလိုက်တဲ့အချိန်ကစတယ်လို့ ဆိုကြပါတယ်။ ဒီနေ့ကာလမှာတော့ နိုင်ငံအတော်များများရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတွေမှာ legal aid နဲ့ ဆက်နွယ်တဲ့ ပြဋ္ဌာန်းချက်တွေကိုတွေ့ရပါတယ်။**

ဥပဒေအထောက်အကူပေးခြင်းမှာ တရားရုံးပြင်ပပိုင်း (ဥပဒေအကြံပေးခြင်း၊ ဥပဒေဆိုင်ရာစာရွက်စာတမ်းများ ရေးဆွဲပေးခြင်း၊ အမှုစွဲဆိုရန်ပြင်ဆင်ခြင်းစသဖြင့်)နဲ့ တရားရုံးရှေ့မှာဆောင်ရွက်တဲ့အပိုင်းဆိုပြီး အဓိကကျတဲ့အပိုင်းနှစ်ပိုင်းရှိတာကို အထက်မှာတင်ပြခဲ့ပါတယ်။ နိုင်ငံတော်ကစီစဉ်တဲ့ legal aid scheme တွေဟာ ယေဘုယျအားဖြင့် ဆိုခဲ့တဲ့အပိုင်းနှစ်ပိုင်းလုံးကို လွှမ်းခြုံအောင် စီမံထားလေ့ရှိတာကို တွေ့ရပါတယ်။ ခြွင်းချက်ထားရမဲ့နိုင်ငံတချို့တော့ရှိပါတယ်။ ဥပမာ – ဂရိနိုင်ငံ (Greece) ရဲ့ legal aid scheme မှာ ဥပဒေအကြံပေးတဲ့အပိုင်း မပါတာကို တွေ့ရပါတယ်။

ဥပဒေအကြံပေးတဲ့အပိုင်းမှာ legal aid အာဏာပိုင်အဖွဲ့(Board/committee စသည်ဖြင့်)က တည်ထောင်ထားတဲ့ ဌာနတွေ၊ ရုံးတွေက ဥပဒေအကြံပေးခြင်းကိုဆောင်

ရှက်တဲ့ပုံစံကို အများဆုံးတွေ့ရပါတယ်။ တချို့နိုင်ငံတွေမှာ အထက်ကပုံစံကို တိုးချဲ့ပြီး ဆောင်ရွက်ကြတာကိုလည်း တွေ့ရပါတယ်။ ဥပမာ– နယ်သာလန်မှာ အထက်ကပုံစံကို တိုးချဲ့ပြီး LA council က လစာပေးခန့်ထားတဲ့ ရှေ့နေတွေအပြင် LA council မှာ မှတ်ပုံတင်ထားတဲ့ ပုဂ္ဂလိကရှေ့နေ (private lawyer) ထံမှာလည်း ဥပဒေအကြံရယူနိုင်ပါတယ်။ နော်ဝေနိုင်ငံမှာ ဥပဒေအကြံရယူခြင်းကို အထက်ကတင်ပြခဲ့သလို လခစားရှေ့နေနဲ့ legal aid scheme အရ ဥပဒေအကြံပေးဖို့ရွေးချယ်ထားတဲ့ ပုဂ္ဂလိကရှေ့နေတွေထံက ရယူနိုင်တဲ့အပြင် ရှေ့နေအားလုံးဟာ legal aid လျှောက်ထားသူကို ဥပဒေအကြံရယူနိုင်တဲ့နေရာတွေကိုပြောပြဖို့ သတ်မှတ်ထားပါတယ်။ (နော်ဝေနိုင်ငံတွင် ဥပဒေကျောင်းများနှင့် Bar Council တို့မှလည်း အခမဲ့ဥပဒေအကြံပေးခြင်းများလုပ်ဆောင်) ဥပဒေအကြံပေးခြင်းအပိုင်းမှာ နိုင်ငံတော်အနေနဲ့ LA scheme အရမဟုတ်ဘဲ ဆောင်ရွက်တဲ့ပုံစံတခုကိုလည်း တွေ့ရပါတယ်။ အဲ့ဒါကတော့ အစိုးရဌာနများက သူတို့ရဲ့လုပ်ငန်းနဲ့သက်ဆိုင်တဲ့အပိုင်းအတွက် ဥပဒေအကြံပေးဌာနများဖွင့်လှစ်ပြီး ဆောင်ရွက်တဲ့ပုံစံဖြစ်ပါတယ်။ အဲ့ဒီပုံစံကို အင်္ဂလန်မှာဥပဒေပြဋ္ဌာန်းပြီး ဆောင်ရွက်နေတာတွေ့ရပါတယ်။ အင်္ဂလန်မှာ ၁၉၉၁ မှာပြဋ္ဌာန်းတဲ့ Citizens' Charter အရ အစိုးရဌာနများ (ဒေသန္တရအစိုးရဌာနများအပါအဝင်)ဟာ သူတို့ဌာနနဲ့သက်ဆိုင်တဲ့ အကြောင်းကိစ္စတွေမှာ ဥပဒေဆိုင်ရာအကြံပေးခြင်းများ လုပ်လာရပါတယ်။ ဂျာမဏီ၊ ဖိလစ်ပိုင်စသဖြင့် နိုင်ငံအတော်များများမှာလည်း အစိုးရဌာနများက သူတို့နဲ့သက်ဆိုင်တဲ့အကြောင်းကိစ္စတွေမှာ ဥပဒေအကြံပေးတဲ့ပုံစံကို တွေ့ရပါတယ်။

တရားရုံးရှေ့ဆောင်ရွက်တဲ့အပိုင်း legal aid ကို အဓိကအားဖြင့် ပြစ်မှုဆိုင်ရာဥပဒေအထောက်အပံ့ (criminal legal aid) နဲ့ တရားမမှုဆိုင်ရာ ဥပဒေအထောက်အပံ့ (civil legal aid) ဆိုပြီး နှစ်ပိုင်းခွဲ စီမံဆောင်ရွက်ကြပါတယ်။ တရားရုံးပြင်ပပိုင်းဖြစ်စေ၊ တရားရုံးရှေ့မှောက်အပိုင်းဖြစ်စေ legal aid လျှောက်ထားသူဟာ ဥပဒေအထောက်အပံ့ရရှိဖို့ လိုအပ်တဲ့အချက်အလက်များနဲ့ ကိုက်ညီဖို့လိုပါတယ်။ legal aid ရနိုင်ဖို့ လိုအပ်တဲ့အရည်အချင်း (အချက်အလက်) သတ်မှတ်ချက်များဟာ နိုင်ငံအလိုက်အသေးစိတ်အချက်အလက်များမှာ ကွဲပြားပေမဲ့ လိုအပ်တဲ့အရည်အချင်းစစ်ဆေးတဲ့အခြေခံပုံစံနဲ့ ပြစ်မှုဆိုင်ရာအမှုများဟာ တရားမမှုဆိုင်ရာအမှုများထက် legal aid ရနိုင်ဖို့အခွင့်အလမ်းပိုရှိတဲ့အချက်နှစ်ချက်မှာတော့ တူညီကြပါတယ်။ ပြစ်မှုဆိုင်ရာဥပဒေအထောက်အပံ့နဲ့ပါတ်သက်လို့ ဥပမာ– နယ်သာလန်မှာ တရားရုံးရှေ့ရောက်ရှိနေတဲ့အမှုဖြစ်ပြီး စွပ်စွဲခံရသူဟာအချုပ်ကျနေရင် (သို့) ခံဝန်ခြေချုပ်ကျနေရင် (သို့) ရှေ့နေငှားဖို့မတတ်နိုင်ရင် ဆင်းရဲခြင်းရှိ၊ မရှိဆိုတဲ့အချက်ကို ထည့်သွင်းမစဉ်းစားဘဲ ဒေသဆိုင်ရာ LA အရာရှိ (သို့) ခရိုင်တရားရုံးရုံးပုံငွေအဖွဲ့က စွပ်စွဲခံရသူဖက်က လိုက်ပါဆောင်ရွက်မဲ့ရှေ့နေခန့်ထားပေးပါလိမ့်မယ်။ နော်ဝေနိုင်ငံမှာ တရားရုံးကစစ်ဆေးနေတဲ့အမှုဖြစ်ပြီး အမှုဟာလည်း အသေးအဖွဲမှု (minor case) မဟုတ်ခဲ့ရင် စွပ်စွဲခံရသူ (accused person) ဟာ legal aid ရခွင့်ရှိပါတယ်။ ဆိုရရင် ပြစ်မှုဆိုင်ရာဥပဒေအထောက်အပံ့ပေးရာမှာ လိုအပ်တဲ့

အရည်အချင်း မသတ်မှတ်သလောက်နီးနီးပုံစံလို့ ဆိုရပါမယ်။ ဒါပေမဲ့ နိုင်ငံအများစုမှာတော့ ပြစ်မှုဆိုင်ရာဥပဒေအထောက်အပံ့ဟာ တရားမဆိုင်ရာဥပဒေအထောက်အပံ့ထက် ရရှိဖို့ အခွင့်အလမ်းပိုများပေမဲ့ legal aid လျှောက်ထားသူရှိရမဲ့ အရည်အချင်းသတ်မှတ်ထား ချက်တော့ရှိပါတယ်။

နိုင်ငံတော်ကစီစဉ်တဲ့ legal aid scheme တွေဟာ လူထုရဲ့ဘဏ္ဍာငွေမှ ဥပဒေ အကူအညီလိုအပ်သူကို ထောက်ပံ့တာဖြစ်လို့ စီစစ်မှုတွေ တိတိကျကျလုပ်ဖို့လိုတယ် လို့ယူဆကြတဲ့အတွက် သတ်မှတ်ထားတဲ့အရည်အချင်းနဲ့ကိုက်ညီတဲ့သူကိုသာ ပေးပါ တယ်။ စီစစ်မှုမှာ အဆင့်နှစ်ဆင့်ရှိပါတယ်။ ပထမအဆင့်က လျှောက်ထားသူဟာ ဆင်းရဲ တယ်လို့သတ်မှတ်ထားတဲ့ဘောင်အတွင်း အကြုံးဝင်ခြင်းရှိ၊ မရှိ စီစစ်ခြင်းဖြစ်ပါတယ်။ Means Test လို့ခေါ်ပါတယ်။ ဒီစီစစ်မှုကိုအောင်မြင်ရင် legal aid ရပါမယ်။

Means Test စစ်ဆေးရာမှာ ဆင်းရဲတယ်လို့သတ်မှတ်တဲ့ဘောင်ကို ဝင်ငွေအပေါ် အခြေပြုတွက်ကြပါတယ်။ ဥပမာ – တလ အသားတင်ဝင်ငွေ ဘယ်လောက်ရဲ့ အောက်မှာ ဆိုရင် ဆင်းရဲတယ်ဆိုတဲ့ဘောင်မှာအကြုံးဝင်တယ်ဆိုတာမျိုး ဖြစ်ပါတယ်။ ဒီသတ်မှတ်ချက် ပုံစံဟာ ယေဘုယျသဘောကို ပြောခြင်းဖြစ်ပါတယ်။ ဖွံ့ဖြိုးပြီးနိုင်ငံနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံကြားမှာ၊ အရှေ့တိုင်းနဲ့ အနောက်တိုင်းကြားမှာ Mean Tests စီစစ်တဲ့အပိုင်းမှာ ကွာဟချက်ကြီးကြီး မားမားရှိနေတာကို တွေ့ရပါတယ်။ ဖွံ့ဖြိုးပြီးနိုင်ငံတွေ၊ အနောက်တိုင်းနိုင်ငံတွေမှာတည်ရှိတဲ့ အဓိကပြဿနာ က ဆင်းရဲချမ်းသာကွာဟတဲ့ ပြဿနာ သာဖြစ်ပါတယ်။ အရှေ့တိုင်းနိုင်ငံတွေ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာတော့ ဆင်းရဲချမ်းသာကွာဟတဲ့ ပြဿနာတင်မကတော့ဘဲ စီးပွားရေးဆိုင်ရာ၊ လူမှုရေးဆိုင်ရာအပိုင်းတွေမှာ ဖွံ့ဖြိုးမှု ကွာဟတဲ့ ပြဿနာများ ရှိနေပါတယ်။ ဖိလစ်ပိုင်နိုင်ငံရဲ့ legal aid scheme မှာ ဆင်းရဲ တယ်လို့သတ်မှတ်နိုင်မဲ့ဝင်ငွေကို မနီလာ၊ အခြားမြို့ကြီးများနဲ့ ယင်းတို့မှအပဖြစ်တဲ့ ဒေသများဆိုပြီး ကွဲပြားခြားနားတဲ့ဝင်ငွေများ သတ်မှတ်ထားတာကို တွေ့ရပါတယ် (မနီလာ မှာ P 6000(US$150)၊ တခြားမြို့တွေမှာ P 5500(US$137.5)၊ ယင်းတို့မှအပ ဖြစ်သော ဒေသများမှာ P 5000(US$125) ထက်မကျော်ရင် ဆင်းရဲတယ်လို့သတ်မှတ်) အနောက် တိုင်းမှာ အဲ့ဒီလိုခွဲခြားသတ်မှတ်ထားတာ မတွေ့ရသလို တောနဲ့မြို့ ဖွံ့ဖြိုးမှုမကွာတာကြောင့် သတ်မှတ်ဖို့လည်း လိုမှာမဟုတ်ပါဘူး။ အိန္ဒိယရဲ့ legal aid scheme မှာလည်း Means Test ကို ဝင်ငွေတခုတည်းအပေါ်အခြေမပြုဘဲ သူ့နိုင်ငံအတွင်းတည်ရှိနေတဲ့ ဖွံ့ဖြိုးမှုမညီတဲ့

> **နိုင်ငံတော်ကစီစဉ်တဲ့ legal aid scheme တွေဟာ လူထုငွေထဲမှ ဥပဒေ အကူအညီလိုအပ်သူကို ထောက်ပံ့တာဖြစ်လို့ စီစစ်မှု တွေတိတိကျကျလုပ်ဖို့လိုတယ်လို့ ယူဆကြတဲ့အတွက် အဆင့်နှစ်ဆင့်ရှိတဲ့စီစစ်မှုနဲ့ သတ်မှတ်ထားတဲ့ အရည်အချင်းနဲ့ ကိုက်ညီတဲ့သူကိုသာ ပေးပါတယ်။ Means Test လို့ခေါ်တဲ့ ပထမအဆင့်က လျှောက်ထားသူဟာ ဆင်းရဲတယ်လို့သတ်မှတ်ထားတဲ့ ဘောင်အတွင်း အကြုံးဝင်ခြင်းရှိ၊ မရှိ စီစစ်ခြင်းဖြစ်ပြီး၊ ပထမ အဆင့်မအောင်မြင်ခဲ့ရင် Merits Test လို့ခေါ်တဲ့ အမှုရဲ့ အနေအထားကိုစစ်ဆေးတဲ့ နောက်ထပ်စစ် ဆေးမှုကို ဆက်လျှောက်ထားနိုင်ပါတယ်။**

ပြဿနာ၊ ဇာတ်ခွဲခြားမှုပြဿနာအစရှိတဲ့ စီးပွားရေး၊ လူမှုရေးပြဿနာတွေအပြင် သဘာဝဘေးအန္တရာယ်အထိ လွှမ်းခြုံအောင် Means Test ရဲ့ အဝန်းအဝိုင်းချဲ့ထွင်ထားရတာကို တွေ့ရပါတယ် (*1987 Legal Service Authorities Act Section 12 (India)*)။ ဒါကြောင့်မို့ ဆင်းရဲမှုဆိုတာရဲ့အဓိပ္ပါယ်ကို ငွေကြေးချို့တဲ့ခြင်းတခုတည်းအပေါ် အခြေပြုခြင်းဟာ ပြီးပြည့်စုံတဲ့အချက်မဟုတ်ဘူးလို့ ပြောရပါလိမ့်မယ်။

တကယ်လို့ ဥပဒေအထောက်အပံ့လျှောက်ထားသူဟာ Means Test ကို မအောင်မြင်ရင် နောက်ထပ်စီစစ်မှုတခုကို ဆက်လျှောက်နိုင်ပါတယ်။ အဲဒါကိုတော့ Merits Test လို့ခေါ်ပါတယ်။ ဒီစီစစ်မှုကတော့ အမှုသည်ရဲ့အနေအထားကို စစ်ဆေးတာမဟုတ်ဘဲ အမှုရဲ့အနေအထားကို စစ်ဆေးတာဖြစ်ပါတယ်။ ပြစ်မှုဆိုင်ရာအမှုတွေမှာ တရားမျှတမှုအကျိုးစီးပွါး (the interest of justic) ဆိုတဲ့အချက်အပေါ် အခြေခံပြီး စီစစ်လေ့ရှိပါတယ်။ ဆိုရရင် ဝင်ငွေက သတ်မှတ်ထားတာထက်ကျော်နေလို့ Means Test & legal aid မရနိုင်ဘူး၊ ဒါပေမဲ့ legal aid မရတဲ့အတွက် တရားမျှတမှုတိမ်းစောင်းဖို့ အကြောင်းရှိနေတယ်ဆိုရင် merit test လျှောက်ထားနိုင်ပါတယ်။ တရားမမှုများမှာတော့ အဓိကအားဖြင့် အမှုဟာ သင့်တင့်လျောက်ပတ်မှု (reasonableness) ရှိ၊ မရှိ ဆိုတဲ့အချက်အပေါ် မူတည်ပြီး legal aid ခွင့်ပြု၊ မပြု ဆုံးဖြတ်ပါတယ်။

နိုင်ငံတော်မှဆောင်ရွက်တဲ့ ဥပဒေထောက်ပံ့မှုအစီအစဉ်တွေဟာ အထက်မှာ တင်ပြခဲ့သလို တိကျတဲ့သတ်မှတ်ချက်များနဲ့ ဆောင်ရွက်တာဖြစ်တဲ့အတွက် တင်းကျပ်လွန်းပြီး အမှန်တကယ်အထောက်အပံ့လိုနေသူတချို့ အစီအစဉ်နဲ့အကြုံးမဝင်ဘဲ ကြွင်းကျန်နေတယ်။ ပုဂ္ဂလိက legal aid အဖွဲ့များကတော့ ၎င်းတို့ဆောင်ရွက်နေသော နယ်ပယ်နှင့်ဆက်နွယ်လာလျှင် ထောက်ပံ့ကူညီတာဖြစ်တဲ့အတွက် ဥပဒေအထောက်အပံ့လိုနေသူများအတွက် ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်တယ်လို့ အချို့သူများက ယူဆကြပါတယ်။

## (၂) ပုဂ္ဂလိကပိုင်းမှဆောင်ရွက်သော legal aid

ပုဂ္ဂလိက Legal aid အဖွဲ့အစည်းများမှာ ပထမဆုံးတွေ့ရတဲ့ ပုံစံကတော့ ဥပဒေနယ်ပယ်နဲ့ ဆက်စပ်နေတဲ့ အဖွဲ့အစည်းများမှဆောင်ရွက်တဲ့ ဥပဒေအထောက်အကူ အစီအစဉ်ဘဲဖြစ်ပါတယ်။ အဲ့ဒီပုံစံမှာလည်း Bar council ကလုပ်တဲ့ ဥပဒေအထောက်အကူအစီအစဉ်နဲ့ ဥပဒေကျောင်း (law school) ကလုပ်တဲ့ ဥပဒေထောက်ပံ့မှု အစီအစဉ်ဆိုပြီး နှစ်မျိုးတွေ့ရပါတယ်။ ဥပဒေလုပ်ငန်းနဲ့ ဆက်စပ်နေတဲ့ အဖွဲ့အစည်းများကလုပ်တဲ့ ဥပဒေအထောက်အကူပေးတဲ့ပုံစံမှာ ဥပဒေကျောင်းများအနေနဲ့ ဥပဒေအကြံပေးတဲ့အပိုင်းနဲ့ ဥပဒေပညာပေးတဲ့လုပ်ငန်းသာ အများဆုံးလုပ်ကိုင်ကြတာကို တွေ့ရပါတယ်။ လိုအပ်တဲ့ အရည်အချင်းပြည့်စုံမှုမရှိဘဲ ရှေ့နေလုပ်ငန်းမလုပ်ရဆိုတဲ့သဘောတရားအပေါ် အခြေခံပြီး ရှေ့နေလိုက်ခွင့်နဲ့စပ်လျဉ်းတဲ့ ဥပဒေများပြဋ္ဌာန်းချက်များဟာ နိုင်ငံတိုင်းမှာ ရှိပါတယ်။ ဥပဒေကျောင်းများရဲ့ legal aid programme တွေဟာ ဥပဒေကျောင်းသားတွေကို အခြေပြု

လုပ်ရတာဖြစ်တဲ့အတွက် ဥပဒေအရအကန့်အသတ်ရှိလို့ အမှုလိုက်ပါဆောင်ရွက်ခြင်းကို ခြွင်းချန်ခဲ့ကြတာဖြစ်ပါတယ်။ ဥပဒေကျောင်းများရဲ့ ဆိုခဲ့တဲ့အခက်အခဲကို ဖြေရှင်းတဲ့အနေနဲ့ ဖိလစ်ပိုင်မှာ ပုံစံတခုကျင့်သုံးနေတာကို တွေ့ရပါတယ်။ ၁၉၈၆ ခုနှစ်မှာ ဖိလစ်ပိုင်တရားရုံးချုပ်က ဥပဒေကျောင်းသားများ အမှုလိုက်ပါဆောင်ရွက်ခြင်း စည်းမျဉ်းဥပဒေ (Law Student Practice Rule) ကို ပြဋ္ဌာန်းလိုက်ပါတယ်။ အဲ့ဒီဥပဒေအရ တရားရုံးချုပ်က အတည်ပြုထားတဲ့ ဥပဒေကျောင်းရဲ့ legal aid အစီအစဉ်မှာစာရင်းသွင်းထားတဲ့ စတုတ္ထနှစ် ဥပဒေကျောင်းသားဟာ ဥပဒေကျောင်းကလက်ခံသဘောတူတဲ့ ဆင်းရဲသားအမှုသည်ကို ဘယ်တရားရုံးမှာမဆို ပြစ်မှု၊ တရားမမှု၊ စီမံခန့်ခွဲရေးဆိုင်ရာအမှုတို့ကို အခကြေးငွေမယူဘဲ ဥပဒေကျောင်းမှ နည်းလမ်းတကျစေလွှတ်တဲ့ရှေ့နေ၏ တိုက်ရိုက်ကြီးကြပ်မှုအောက်မှာ ရှေ့နေအဖြစ်ဖြင့် အမှုလိုက်ပါဆောင်ရွက်နိုင်ပါတယ်။

ဒုတိယတွေ့ရတဲ့ပုံစံကတော့ ဥပဒေအထောက်အပံ့လိုအပ်နေသူတွေကို သက်ဆိုင်ရာအပိုင်းအလိုက် ကူညီထောက်ပံ့ဖို့ ဖွဲ့စည်းထားတဲ့ ဥပဒေအဖွဲ့များ ( Alternative Law Groups (ALGs)) ဖြစ်ပါတယ်။ အဲ့ဒီအဖွဲ့တွေမှာ ရှေ့နေတင်မကဘဲ လူမှုလုပ်သား (social worker)လို ရှေ့နေမဟုတ်သူများလည်း ဝန်ဆောင်မှုပေးပါတယ်။ ALG တခုချင်းစီအနေနဲ့ သူတို့စိတ်ဝင်စားတဲ့ ဥပဒေအမျိုးအစားနဲ့သက်ဆိုင်တဲ့နယ်ပယ် (သို့) လူ့အဖွဲ့အစည်း (community) တခုခုကို ဦးတည်ပြီးဥပဒေဝန်ဆောင်မှုပေးတဲ့ပုံစံ ကျင့်သုံးလေ့ရှိကြပါတယ်။ ဥပမာ–ဖိလစ်ပိုင်နိုင်ငံရှိ The Free Legal Assistance Group လိုအဖွဲ့မျိုးဖြစ်ပါတယ်။ အဲ့ဒီအဖွဲ့က နိုင်ငံရေးအကျဉ်းသားတွေနဲ့ သေဒဏ်ချမှတ်ခံထားရသူတွေကိုဦးတည်ပြီး ဥပဒေအထောက်အကူပေးပါတယ်။ ALGs တွေဟာ လူတယောက်ခြင်းရဲ့ပြဿနာထက် လူအစုလိုက်ခံစားနေရတဲ့ ဥပဒေပြဿနာများအပေါ် ပိုပြီး အာရုံစိုက်တာကိုတွေ့ရပါတယ်။ သူတို့အာရုံစိုက်တဲ့ ဥပဒေကိစ္စရပ်များကို ချဉ်းကပ်ရာမှာလည်း ဘက်ပေါင်းစုံကချဉ်းကပ်တဲ့ပုံစံကို သုံးကြပါတယ်။ ဥပမာအားဖြင့် ဥပဒေအထောက်အပံ့ပေးရာမှာ ယေဘုယျသဘောမဟုတ်ဘဲ မြို့ပြနေဆင်းရဲသားများ အများဆုံးရင်ဆိုင်ရတဲ့ အိမ်ငှားခြင်း ဥပဒေဆိုင်ရာအမှုကိစ္စများကိုသာ တိတိကျကျသတ်မှတ်၍ ဆောင်ရွက်ခြင်းမျိုးဖြစ်ပါတယ်။ ဆောင်ရွက်ရာမှာလည်း အိမ်ရှင် အိမ်ငှားကြားတွင်ဖြစ်သော အမှုများမှာကိုသာ ဥပဒေအထောက်အကူပေးတာမဟုတ်ဘဲ အိမ်ငှားရမ်းခြင်းနဲ့ဆိုင်တဲ့ ပြဿနာတစုံလုံးကို ဘက်ပေါင်းစုံမှချဉ်းကပ်ပြီး အိမ်ငှားများ၏အခြေအနေတိုးတက်လာအောင်ဆောင်ရွက်တဲ့ပုံစံမျိုးဖြစ်ပါတယ်။ ဒါကြောင့်မို့ ALGs တွေရဲ့ ဥပဒေအထောက်အကူအစီအစဉ်တွေဟာ တရားစွဲဆိုတဲ့အမှုများမှာ ရပ်တန့်မနေဘဲ အခြေခံလူထုကို ပညာပေးခြင်းနဲ့ မူဝါဒများ ပြုပြင်ပြောင်းလည်းရေး လုပ်ငန်းများအထိ ကျယ်ပြန့်တာကို တွေ့ရပါတယ်။

နောက်ဆုံးတွေ့ရတဲ့ ပုံစံကတော့ သီးသန့်လူ့အဖွဲ့အစည်းတခုက သူ့ရဲ့အဖွဲ့ဝင်များကို ဖြည့်ဆည်းပေးတဲ့ ဥပဒေအထောက်အပံ့အစီအစဉ်များဘဲ ဖြစ်ပါတယ်။ ပုံစံအားဖြင့်

ကားအသင်းတခုက သူ့ရဲ့အဖွဲ့ဝင်များကို ကားနဲ့ပတ်သက်လို့ဖြစ်လာတဲ့ ဥပဒေပြဿနာများမှာ ကူညီခြင်းမျိုးဖြစ်ပါတယ်။ ဒီပုံစံ ဥပဒေအထောက်အပံ့က လူတိုင်းနဲ့မဆိုင်သလို ဥပဒေပြဿနာအားလုံးကိုလည်း မကူညီပါဘူး၊ သူနဲ့သက်ဆိုင်တဲ့ ဥပဒေပြဿနာများကိုသာ ကူညီပါတယ်။ ယခု ဆယ်စုနှစ်အတွင်းမှာ ခေတ်စားလာတဲ့ စားသုံးသူအခွင့်အရေးအဖွဲ့တွေဟာ ဒီပုံစံ အဖွဲ့အစည်းများဖြစ်ပါတယ်။

## legal aid ၏အကန့်အသတ်များ

ဥပဒေအထောက်အပံ့အစီအစဉ်များဆောင်ရွက်တဲ့ပုံစံနဲ့ ဆောင်ရွက်နေတဲ့နယ်ပယ်အကျယ်အဝန်းကို အထက်မှာ ဆွေးနွေးတင်ပြခဲ့ပါတယ်။ အဲ့ဒီဆွေးနွေး တင်ပြချက်တွေအပေါ်မှ ကောက်ချက်ဆွဲယူရရင် ဥပဒေထောက်ပံ့မှု အစီအစဉ်တွေဟာ တရားမျှတမှုသို့သွားရာလမ်းမှာ ဆင်းရဲသူတွေနဲ့ ချမ်းသာသူတွေကြား ကွာဟနေတဲ့အခွင့်အလမ်းမညီမျှမှုကို ကျဉ်းမြောင်းဖို့ လုံလောက်တဲ့အစီအစဉ်တွေဖြစ်တယ်လို့ ယူဆနိုင်ဖွယ်ရှိပါတယ်။ ဒါပေမဲ့ အပြစ်အနာလွတ် စင်းလုံးချောအရာကိစ္စဆိုတာ ရှားပါးပစ္စည်းဖြစ်တာမို့ ဥပဒေထောက်ပံ့မှုအစီအစဉ်တွေနဲ့စပ်လျဉ်းလို့ ထောက်ပြဝေဖန်မှုများဟာ သဘာဝကျစွာဘဲ ပေါ်ပေါက်လာပါတယ်။

ဝေဖန်သူတွေက Means Test အောင်မြင်နိုင်ဖို့အတွက်လိုအပ်တဲ့ ဆင်းရဲမှုအခြေအနေနဲ့ဆိုင်တဲ့ သတ်မှတ်ချက်တွေဟာ တင်းကျပ်လွန်းတဲ့အတွက် ဥပဒေအထောက်အကူအခမဲ့ပေးသင့်တဲ့လူအများအပြားဟာ Means Test မှာကျရှုံးပြီး ဥပဒေအထောက်အပံ့မရနိုင်တဲ့အခြေအနေမှာရှိနေတယ်လို့ထောက်ပြကြပါတယ်။ ဩစတေးလျနိုင်ငံမှာ ဥပဒေထောက်ပံ့မှုရဲ့ပုံစွေနဲ့ပါတ်သက်လို့ အဓိကကျတဲ့လေ့လာမှု (major study) တခုကို ၁၉၇၄ ခုနှစ်မှာ လုပ်ခဲ့ပါတယ်။ အဲ့ဒီ လေ့လာမှုမှာ New South Wales အစိုးရရှေ့နေရုံးက Means Test အတွက် လိုအပ်တဲ့အရည်အချင်းနဲ့မညီညွတ်လို့ ဥပဒေအထောက်အပံ့မပေးဘဲ ချန်လှပ်ထားခဲ့သူအများအပြားဟာ Henderson Commission က သတ်မှတ်ထားတဲ့ ဆင်းရဲမှုမျဉ်း (poverty line ) ရဲ့ အောက်ပိုင်းမှာရှိသူတွေဖြစ်နေတာကို တွေ့ရတယ်လို့ ဆိုပါတယ်။ ဒါကြောင့်မို့ ဝေဖန်သူတွေက လူအများအပြားဟာ ဥပဒေအထောက်အပံ့ရနိုင်လောက်တဲ့ အခြေအနေအထိလည်း မဆင်းရဲ၊ ဥပဒေဝန်ဆောင်မှုကို ကိုယ့်ဖာသာစီစဉ်နိုင်လောက်အောင်လည်းမချမ်းသာဖြစ်နေတဲ့အတွက် လူတယောက်ဟာ အရမ်းရင်လည်းချမ်းသာမှ ဒါမှမဟုတ် အရမ်းရင်လည်းဆင်းရဲမှ ဥပဒေဆိုင်ရာဝန်ဆောင်မှု (legal service) ကို ရယူနိုင်လိမ့်မယ်လို့ ဝေဖန်ကြပါတယ်။ ဒီဝေဖန်ချက်ဟာ ဆင်းရဲသူနဲ့ချမ်းသာသူကြား တရားမျှတမှုသို့သွားရာလမ်းမှာ အခွင့်အလမ်းကွာဟနေတာကို ကျဉ်းမြောင်းသွားစေဖို့ဆိုတဲ့ရည်ရွယ်ချက်ကို legal aid scheme တွေက အမှန်တကယ် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ပါ့မလားဆိုတဲ့မေးခွန်းကို ဖြစ်လာစေပါတယ်။

အထက်က သံသယနဲ့ပါတ်သက်လို့ ဥပဒေအထောက်အပံ့ဆိုင်ရာ တက်ကြွလှုပ်ရှားသူတွေ (legal aid activities)က ဥပဒေအထောက်အပံ့ဆိုင်ရာရံပုံငွေနည်းတဲ့အချက်ကို အကြောင်းပြကြပါတယ်။ ရံပုံငွေပိုများလာရင် ပိုပြီးထိထိရောက်ရောက်ဆောင်ရွက်နိုင်မယ်ဆိုတာ ယေဘုယျကျလွန်းတဲ့အချက် ဖြစ်ပါလိမ့်မယ်။ အစိုးရတွေအနေနဲ့ နိုင်ငံတော်ဘတ်ဂျက်မှာ ဥပဒေဆိုင်ရာကိစ္စအတွက်အသုံးစရိတ်ကို တိုးမြှင့်ပေးနိုင်ကောင်းပေးနိုင်ပါလိမ့်မယ်။ ဒါပေမယ့် **legal aid** ရံပုံငွေတိုးမြှင့်လိုက်ရင် ဆင်းရဲသူနဲ့ ချမ်းသာသူကြားမှာရှိတဲ့ အာဏာရှိမှု **(power)** နဲ့ ဩဇာသက်ရောက်မှု **(influence)** တို့မှာကွာဟနေတဲ့အချက်ကို အမှန်တကယ်ကျဉ်းမြောင်းသွားအောင် ဘယ်လောက် လုပ်နိုင်မလဲဆိုတဲ့အချက်ဟာ ကံသေကံမပြောလို့မရတဲ့အချက်ဖြစ်သလို သံသယဖြစ်ဖွယ် အချက်လည်း ဖြစ်နေပါတယ်။ ဒ့ါအပြင် အစိုးရအဖွဲ့များဟာ တက်ကြွလှုပ်ရှားသူများ **(activities)** ကို ဝန်ထုတ်ဝန်ပိုးအဖြစ်၊ အစိုးရပေါ်လစီကို ကဏ္ဍကောစပြုနေသူများအဖြစ် မြင်ပြီး ရံပုံငွေထောက်ပံ့ရန် စိတ်မဝင်စားတာတွေလည်း လက်တွေ့မှာ မကြာမကြာ ကြုံတတ်ပါတယ်။ ရံပုံငွေနဲ့စပ်လျဉ်းလို့ ဝေဖန်သူတချို့က ရှေ့နေခတွေ ဈေးကြီးလွန်းတာကိုလည်း ထောက်ပြကြပါတယ်။ ရှေ့နေခတွေဈေးကြီးလွန်းတာကြောင့် **legal aid** ရံပုံငွေတွေဟာ မြန်မြန်ဆန်ဆန် ကုန်လွှယ်နေတယ်။ တကယ်လို့ ရှေ့နေခသာ သက်သာမယ်ဆိုရင် (သို့) မကုန်ကျဘူးဆိုရင် ပိုကျယ်ပြန့်တဲ့ အကူအညီပေးမှုတွေ လုပ်နိုင်မှာဖြစ်တဲ့အတွက် **legal aid** ရဲ့ ရည်ရွယ်ချက်ကို ပိုမိုပီပြင်လာအောင် လုပ်နိုင်လိမ့်မယ်လို့ ဆွေးနွေးတင်ပြကြပါတယ်။ ဘယ်လိုပင်ဖြစ်စေ ဆင်းရဲနွမ်းပါးသူများကို တရားမျှတမှုသို့တူညီတဲ့သွားရာလမ်း **(Equal Access to Justice)** ရရှိစေဖို့ ကူညီရာမှာ **legal aid scheme** တွေဟာ အတိုင်းအတာတရပ်အထိ ထိရောက်ပေမဲ့ ပြီးပြည့်စုံတဲ့ပုံစံတခုမဟုတ်တာတော့ ယခုဆွေးနွေးချက်တွေအရ ထင်ရှားလာပါတယ်။ ဒါကြောင့်မို့ တချို့ပုဂ္ဂိုလ်တွေ တချို့အဖွဲ့အစည်း (အစိုးရများအပါအဝင်)တွေက တရားမျှတမှုသို့သွားရာလမ်းကိုချဉ်းကပ်နိုင်မဲ့ ပုံစံအသစ်များကို ရှာဖွေလာကြပါတယ်။

## ပုံစံသစ်ချဉ်းကပ်မှုများ

ပုံစံသစ်ချဉ်းကပ်မှုများမှာ တရားရုံးလုပ်ထုံးလုပ်နည်းများရဲ့ အကန့်အသတ်ကြီးမှုများနဲ့ ဥပဒေနဲ့သက်ဆိုင်တဲ့အပိုင်းမှာ ရှေ့နေများရဲ့ အဓိကအခန်းကဏ္ဍရှိသော်လည်း ဥပဒေအကျိုးဆောင်လုပ်ငန်းနဲ့ဆက်စပ်၍ဖြစ်လာတဲ့ ဘေးထွက်အကျိုးဆက်များအပေါ်မူတည်ပြီး ပုံစံအသစ်များကိုစဉ်းစားကြတာဖြစ်တဲ့အတွက် အမှုစစ်ဆေးရာမှာ သမားရိုးကျတရားရုံးထက်ပိုမြန်ဖို့၊ ငွေအကုန်အကျသက်သာဖို့၊ ရှေ့နေများရဲ့ဝန်ဆောင်မှုမပါဘဲ ဆောင်ရွက်နိုင်ဖို့ဆိုတဲ့အချက်များကိုဦးတည်ပြီး စဉ်းစားတာကို တွေ့ရပါတယ်။ အဲ့ဒီစဉ်းစားချက်တွေရဲ့ရလဒ်အဖြစ် ပုံစံသစ်ချဉ်းကပ်မှုနှစ်မျိုးကိုတွေ့လာရပါတယ်။ ပထမတမျိုးက တရားရုံးလုပ်ထုံးလုပ်နည်းအပေါ် အဓိကဦးတည်စဉ်းစားပြီး သမားရိုးကျတရားရုံးတွေနဲ့

အသွင်ကွဲတဲ့တရားရုံးများတည်ထောင်တဲ့ပုံစံဖြစ်ပြီး ဒုတိယတမျိုးက သမားရိုးကျမဟုတ်သော အငြင်းပွားမှုဖြေရှင်းသည့်နည်းလမ်း Alternative Dispute Resolution(ADR) လို့သိကြတဲ့ပုံစံဖြစ်ပါတယ်။

ပထမတမျိုးဖြစ်တဲ့ အသွင်ကွဲတရားရုံးများဟာ တရားမမှုသေး (small civil matter)ကို စစ်ဆေးဖို့အတွက် ရည်ရွယ်ဖွဲ့စည်းထားတာဖြစ်ပြီး သမားရိုးကျတရားရုံးများရဲ့ လုပ်ထုံးလုပ်နည်းထက် များစွာနည်းတဲ့နည်းလမ်းကိုသုံးပါတယ်။ အသွင်ကွဲတရားရုံးတွေရဲ့ လုပ်ထုံးလုပ်နည်းပုံစံမှာ–

(၁) သက်သေခံချက်များ လက်ခံရယူရာတွင် လိုက်နာရသည့် စည်းကမ်း (rule of evidence)ကို အသုံးမပြုခြင်း၊

(၂) အမှုနိုင်သူသို့ တရားစရိတ်ပေးရန် မဆုံးဖြတ်ခြင်း၊

(၃) ဥပဒေဆိုင်ရာကိုယ်စားပြုခြင်း (သို့) အမှုတွင် ရှေ့နေလိုက်ပါဆောင်ရွက်ခြင်းကိုများသောအားဖြင့် ခွင့်မပြုခြင်း၊

(၄) တရားသူကြီး (သို့) ခုံသမာဓိ (adjudicator)သည် သမားရိုးကျတရားရုံး တရားသူကြီးထက် အမှုစစ်ဆေးရာတွင် ပိုမိုစူးစမ်းသောအနေအထား (inquisitorial role)ဖြင့် ဆောင်ရွက်ခြင်းတို့ကို သမားရိုးကျ တရားရုံးများနဲ့မတူတဲ့ ထူးခြားချက်များအဖြစ် တွေ့ရပါတယ်။

အသွင်ကွဲတရားရုံးများမှာလည်း ပုံစံနှစ်မျိုးကို တွေ့ရပါတယ်။ တမျိုးက အထွေထွေ တရားမမှုသေးများကို စစ်ဆေးနိုင်အောင် လုပ်ထုံးလုပ်နည်းကို ပြုပြင်ပြီး မူလအောက်ရုံးတွေကို ဆက်သုံးသွားတဲ့ပုံစံ ဖြစ်ပါတယ်။ နောက်တမျိုးက ခုံရုံး (tribunal) တွေ သပ်သပ်ထူထောင်တဲ့ ပုံစံဖြစ်ပါတယ်။ ဥပမာအားဖြင့် စားသုံးသူအခွင့်အရေး (consumer right) နဲ့ဆိုင်တဲ့ ခုံရုံးများ ဖြစ်ပါတယ်။ အဲ့ဒီခုံရုံးတွေမှာ အဆုံးအဖြတ်ပေးသူရဲ့အနေအထားဟာ တရားသူကြီး (judge) သဘောထက် အကဲဖြတ်သူ (referee) ပိုဆန်ပါတယ်။

ဒုတိယတမျိုးဖြစ်တဲ့ Alternative Dispute Resolution ကတော့ အမှုသည်များကြားမှာဖြစ်ပွားတဲ့အငြင်းပွားမှုကို ငွေကုန်ကြေးကျများပြီး အချိန်ကုန်လှပန်းတဲ့ တရားစွဲဆိုမှုတွေနဲ့မဖြေရှင်းဘဲ နှစ်ဦးနှစ်ဘက် သင့်သင့်မြတ်မြတ်နဲ့ဖြေရှင်းတဲ့ ပုံစံဖြစ်ပါတယ်။ ဩစတေးလျမှ Community Justic Centre (CJC) အဖွဲ့ဟာ ADR ပုံစံဖြင့် အငြင်းပွားမှုများကို ဖြေရှင်းပေးနေတဲ့

**ဆင်းရဲနွမ်းပါးသူများ တရားမျှတမှုသို့ ရှည်းတဲ့သွားရာလမ်း ရရှိစေဖို့ကူညီရာမှာ legal aid scheme တွေဟာ အတိုင်းအတာ တရုပ်အထိ ထိရောက်ပေမဲ့ ပြီးပြည့်စုံတဲ့ ပုံစံတခုမဟုတ်ကြောင်း ထင်ရှားလာသဖြင့် ချဉ်းကပ်မှုပုံစံသစ်နှစ်မျိုးကို ရှာဖွေလာကြသည်။ ပထမတမျိုးက တရားရုံးလုပ်ထုံးလုပ်နည်းအပေါ် အဓိကဦးတည်စဉ်းစားပြီး သမားရိုးကျတရားရုံးတွေနဲ့ အသွင်ကွဲတဲ့ တရားရုံးများတည်ထောင်တဲ့ပုံစံဖြစ်ပြီး ဒုတိယတမျိုးက သမားရိုးကျမဟုတ်သော အငြင်းပွားမှု ဖြေရှင်းသည့်နည်းလမ်း Alternative Dispute Resolution (ADR) လို့သိကြတဲ့ ပုံစံဖြစ်ပါတယ်။**

အဖွဲ့တခုဖြစ်ပါတယ်။ အဲ့ဒီစင်တာက အမှုများကို အမှုသည်များနှင့်အတူ ပူးပေါင်းပြီး သဘောတူညီချက်များနဲ့ ဖြေရှင်းပေးပါတယ်။ စည်းနှောင်အားရှိတဲ့ဆုံးဖြတ်ချက်ကို တရားဝင်ပြုလုပ်တာတော့ မဟုတ်ပါဘူး။ ဖိလစ်ပိုင်နိုင်ငံမှာလည်း ADR ပုံစံ *Katarungang Pambrangay of barangay Justic* လို့ခေါ်တဲ့ နည်းစံနစ်တရပ်ကို အစိုးရမှ တည်ထောင်ထားတာ တွေ့ရပါတယ်။ (*barangay* ဆိုတာ ကျေးရွာအဆင့်နဲ့ ညီမျှတဲ့ယူနစ် (unit) တခုဖြစ်ပြီး အစိုးရယန္တယားထဲမှာ နိုင်ငံရေးနဲ့ဆိုင်တဲ့ အငယ်ဆုံးယူနစ်လည်း ဖြစ်ပါတယ်) အဲ့ဒီ brangey Justic systemအရ အမှုသည်တွေဟာ နေထိုင်ရာ မြို့နဲ့ *brangey* တူညီရင်ပြီးတော့ အမှုဟာလည်း တနှစ်ထက်ကျော်လွန်တဲ့ပြစ်ဒဏ်ချမှတ်နိုင်တဲ့အမှုမျိုး (သို့) ငွေဒဏ် P–၅၀၀၀ ထက် ကျော်လွန်ပြီး ဒဏ်ငွေချမှတ်နိုင်တဲ့အမှုမျိုး မဟုတ်တဲ့အပြင် brangey Justic system စီရင်ပိုင်ခွင့်မရှိလို့ သတ်မှတ်ထားတဲ့ အမှုအမျိုးအစား မဟုတ်ခဲ့ရင် ပထမဦးစွာ brangey conciliation council ရဲ့ ရှေ့မှောက်မှာ အမှုများကို ဖြေရှင်းရပါမယ်။ conciliation council က သင့်မြတ်စွာဖြင့် ပြေလည်အောင် မဖြေရှင်းနိုင်တဲ့အခါမှ conciliation council ၏ ထောက်ခံအတည်ပြုချက်နဲ့ သမားရိုးကျတရားရုံးမှာ အမှုဖွင့်နိုင်ပါတယ်။ ဆိုခဲ့တဲ့ နည်းလမ်းအတိုင်းမလုပ်ဘဲ အမှုဖွင့်ခဲ့ရင် အမှုကို တရားရုံးက ပယ်ချနိုင်ပါတယ်။ conciliation council မှ သင့်မြတ်စွာ ပြေလည်အောင် ဖြေရှင်းပေးခြင်းကို လိမ်လည်ခြင်း၊ အကြမ်းဖက်ခြင်း၊ ခြိမ်းခြောက်ခြင်းစတဲ့ အကြောင်းရင်းတွေကြောင့် တရားရုံးက အသိအမှတ်မပြုခြင်း မဖြစ်ခဲ့ရင် conciliation council မှသင့်မြတ်စွာ ပြေလည်အောင်ဖြေရှင်းပေးချက်သည် (၁၀) ရက်အတွင်း တရားရုံး၏နောက်ဆုံးဆုံးဖြတ်ချက်ဖြင့် အာဏာသက်ရောက်မှုရှိလာပါတယ်။ ADR system ဟာ တရပ်တရွာတည်းနေကြပြီး နောင်အရှည်သဖြင့် ဆက်ဆံသွားရမဲ့သူတွေအတွင်းဖြစ်ပွားတဲ့ အငြင်းပွားမှုတွေအတွက် အထူးကောင်းမွန်းတဲ့ ဖြေရှင်းမှုပုံစံဖြစ်တယ်လို့ဆိုကြပါတယ်။ ဒ့ါအပြင် အမှုသေးတွေကို ADR system နဲ့ ဖြေရှင်းလိုက်တဲ့အတွက် သမားရိုးကျတရားရုံးတွေမှာ အမှုများပြည့်ကျပ်နေခြင်းများ လျော့နည်းသွားပြီး တရားစီရင်မှုအရှိန် ပိုမိုမြန်ဆန်လာခြင်းကြောင့် တရားရေးလုပ်ငန်းစဉ် ပိုမိုချောမွေ့လာပါတယ်။ ADR system ဟာ တရားရုံးတွေရဲ့ အခန်းကဏ္ဍကို ခြိမ်းခြောက်မှုမရှိတဲ့အပြင် တရားရေးလုပ်ငန်းစဉ်ကို တဘက်ကနေ အထောက်အကူပြုနေတာကြောင့် လိုလားအပ်တဲ့ပုံစံတခုအဖြစ် ရှုမြင်ကြပါတယ်။

## မြန်မာနိုင်ငံနဲ့ Access to Justice

မြန်မာနိုင်ငံရဲ့ လက်ရှိအနေအထားတွေအရတော့ access to justice ဆိုတာ အိပ်မက်ထဲတောင် ထည့်မက်ဖို့မလွယ်တဲ့အရာပါ။ စာအုပ်ထဲက အက္ခရာစာလုံးတွေအဖြစ်လောက်သာအဓိပ္ပါယ်ရှိတဲ့ မြန်မာနိုင်ငံရဲ့လက်ရှိဥပဒေတွေထဲမှာတော့ legal aid အနံ့အသက်ငွေ့ငွေ့ရှိတယ်လို့ဆိုနိုင်မဲ့ ဆာကျူလာ (circular) တခုတော့ရှိပါတယ်။ ၁၉၄၉–ခုနှစ်မှာ တရားရေးဝန်ကြီးဌာနက ဆာကျူလာ "G" အမှတ်(၁၇)ကို ထုတ်ခဲ့ပါတယ်။ အဲ့ဒီဆာကျူလာအရ သေဒဏ်ကျနိုင်တဲ့အမှုများနဲ့စွပ်စွဲခံရပြီး မိမိကိုစွပ်စွဲထားတဲ့

စွဲချက်ကိုထုချေဖို့အတွက် ရှေ့နေမငှားနိုင်တဲ့ ဆင်းရဲနွမ်းပါးသူများအတွက် တရားရုံးကနေ နိုင်ငံတော်စရိတ်နဲ့ ရှေ့နေစီစဉ်ပေးရပါတယ်။ ဒီဆာကျူလာကို မြန်မာနိုင်ငံမှာရှိနေတဲ့ legal aid အဖြစ် ပြောမယ်ဆိုပြောနိုင်ပေမဲ့ နိုင်ငံတကာမှာ ဒီနေ့ဆောင်ရွက်နေတဲ့ legal aid အစီအစဉ်တွေနဲ့ ယှဉ်ထိုးကြည့်ရင် မည်ကာမတ္တ legal aid လို့သာ ဆိုရပါလိမ့်မယ်။ တဘက်မှာ ဖြည့်တွေးပေးရင်တော့ ၁၉၄၉ ခုနှစ်ဆိုတာ လွတ်လပ်ရေးရပြီး နောက်တနှစ် ဖြစ်နေတဲ့အတွက် တခြားပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို ဦးစားပေးလုပ်ဖို့လိုနေတဲ့ အချိန်မှာ အဲဒီလောက်အတိုင်းအတာထိသာလုပ်နိုင်ခြင်းကို တစုံတရာနားလည်နိုင်စွမ်းရှိ နိုင်ပေမဲ့ ၁၉၄၉ ခုနှစ်မှာ အစပျိုးခဲ့တဲ့ legal aid ဟာ ဒီနေ့အချိန်ထိ တစုံတရာဖွံ့ဖြိုးတိုးတက် မှုမရှိဘဲ ဒုံရင်းအခြေအနေမှာရှိနေတဲ့အပေါ်မှာတော့ ဖြည့်စွက်နားလည်ပေးလို့မရနိုင်တဲ့ အပြင် မြန်မာနိုင်ငံကိုအုပ်ချုပ်ခဲ့တဲ့ အစိုးရအဆက်ဆက်ရဲ့ တရားမျှတမှုလုပ်ငန်းစဉ်အပေါ် အလေးအနက် သဘောမထားမှု၊ ဆင်းရဲနွမ်းပါးသူများအပေါ် ကူညီစောင့်ရှောက်ရမဲ့ တာဝန်ပျက်ကွက်မှုအဖြစ်သာ မြင်ပါတယ်။ ဒီလို အုပ်ချုပ်သူအဆက်ဆက်ရဲ့ တာဝန်ပျက် ကွက်မှုကြောင့် legal aid နဲ့စပ်လျဉ်းတဲ့ဥပဒေ ပြဌာန်းဆောင်ရွက်ခြင်းအပိုင်းမှာ အားနည်း နေပေမဲ့ မြန်မာနိုင်ငံလူမျိုးစုအသီးသီးမှာ access to justice နဲ့စပ်လျဉ်းပြီး ရေခံမြေခံ ကောင်းတွေ ရှိနေတာကို တဘက်မှာတွေ့ပါတယ်။

မြန်မာလူမျိုးအပါအဝင်ဖြစ်တဲ့ မြန်မာနိုင်ငံရှိလူမျိုးစုအားလုံးရဲ့ တရားတဘောင် မှုခင်းဆိုင်ရာ မူလအခြေခံတရားကိုယ်သဘောမှာ ထိုက်သင့်တဲ့ အပြစ်ဒဏ်ပေးရမယ် ဆိုတာထက် အရှည်သဖြင့်သင့်မြတ်သွားစေဖို့အတွက် နှစ်ဦးနှစ်ဖက်ကြေလည်အောင် ဦးတည်ဆောင်ရွက်တဲ့အသွင်ကို တွေ့ရပါတယ်။ သမိုင်းပညာရှင် ဗိုလ်မှူးဘရှင်ရဲ့ အဆိုအရ မြန်မာနိုင်ငံရဲ့ ရှေးဦးလူမျိုးစုဖြစ်တဲ့ ပျူလူမျိုးတွေ ဟာ တရားတဘောင်ဖြစ်လာရင် နှစ်ဖက် အမှုသည်တွေကို ဘုရားရုပ်ပွားတော်ရှေ့မှာ မိမိလုပ်ခဲ့တဲ့အပြုအမူကို အပြန်ပြန် အလှန်လှန် သုံးသပ်စေပြီး မိမိလွန်ခဲ့ တာ မှားခဲ့တာများကို သိမြင်လာစေ ခြင်းဖြင့် တဦးနဲ့တဦးကြားမှာရှိတဲ့ ပြဿနာကို ဖြေရှင်းကြတယ်လို့ ဆိုပါတယ်။ ပြောရရင် မြန်မာနိုင်ငံမှာ အမှုအခင်းများကို ငြိမ်းချမ်းစွာဖြေရှင်း တဲ့ပုံစံဟာ သမိုင်းနောက်ခံရှိတဲ့ပုံစံဖြစ်ပါ တယ်။ မြန်မာနိုင်ငံကို ဗြိတိသျှတို့သိမ်းပိုက် ပြီးတဲ့နောက်မှာ အနောက်တိုင်းပုံစံဥပဒေစံနစ် ကို ကျင့်သုံးလာတဲ့အတွက် တိုင်းရင်းသားလူမျိုးစု (အထူးသဖြင့် မြေပြန့်ဒေသမှာ နေထိုင်တဲ့လူမျိုးစု)အတွင်းရှိခဲ့တဲ့ ပြဿနာများကိုတဦးနဲ့တဦး၊ တမိသားနဲ့တမိသား

**မြန်မာနိုင်ငံရဲ့ လက်ရှိအနေအထား တွေ့အရတော့ access to justice ဆိုတာ အိပ်မက်ထဲတောင် ထည့် မက်ဖို့မလွယ်တဲ့အရာပါ။ ၁၉၄၉ ခုနှစ်မှာ အစပျိုးခဲ့ တယ်လို့ဆိုနိုင်တဲ့ legal aid ဟာ ဒီနေ့အချိန်ထိ တစုံတရာဖွံ့ဖြိုးတိုးတက် ပြောင်းလဲခြင်းမရှိသည်ကိုတော့ ဖြည့် စွက်နားလည်ပေးလို့မရနိုင်တဲ့အပြင် မြန်မာနိုင်ငံကိုအုပ်ချုပ်ခဲ့တဲ့ အစိုးရအဆက်ဆက်ရဲ့ တရားမျှတမှုလုပ်ငန်းစဉ်အပေါ် အလေးအနက်သဘောမထားမှု၊ ဆင်းရဲနွမ်းပါးသူ များအပေါ် ကူညီစောင့်ရှောက်ရမဲ့ တာဝန်ပျက် ကွက်မှုအဖြစ်သာ မြင်ပါတယ်။**

ကျေလည်မှုကိုအခြေခံတဲ့ ဖြေရှင်းနည်းပုံစံအစား အနိုင်အရှုံးကိုဦးတည်တဲ့ ဖြေရှင်းနည်းပုံစံ ထွန်းကားလာပါတယ်။ ဒါပေမဲ့ တောင်ပေါ်တိုင်းရင်းသားတွေမှာတော့ အဲ့ဒီပုံစံကို ယနေ့အထိ တွေ့နိုင်ပါသေးတယ်။ ဥပမာအားဖြင့် ကချင်အမျိုးသားတွေအတွင်း အမှုဖြေရှင်းရာမှာ အမှုဆုံးဖြတ်တဲ့သူတွေက ပြစ်မှုကျူးလွန်သူကို အပြစ်ပေးတဲ့ပုံစံမဟုတ်ဘဲ အမှုသည်တွေကြားမှာ သက်ဆိုင်ရာအငြင်းပွားမှုနဲ့စပ်လျဉ်းပြီး နှစ်ဦးနှစ်ဖက်ကျေလည်သည်အထိ အပြန်အလှန်ဆွေးနွေးစေပြီးနောက် ကျူးလွန်သူက သူ့ရဲ့မှားယွင်းမှုအတွက် ကျူးလွန်ခံရသူသို့ ဓလေ့ထုံးတမ်းအရ ဆောင်ရွက်ပေးရမည့်ကိစ္စများ (အလျော်ပေးခြင်း၊ ကျွဲသတ်ပေးခြင်းစသည်ဖြင့်) ဆောင်ရွက်စေခြင်းဖြင့် အမှုအခင်းများကို ပြေငြိမ်းစေပါတယ်။ ဆိုရရင် ဒီနေ့နိုင်ငံတကာမှာ ရေပန်းစားနေတယ်ဆိုတဲ့ Alternative Dispute Resolution နည်းစံနစ်နဲ့ဆင်ဆင်ဖြစ်တဲ့ တရားရေးဆိုင်ရာနည်းစနစ်များဟာ မြန်မာနိုင်ငံလူမျိုးစုများအတွင်းမှာ ပဝေသဏီထဲက တည်ရှိနေတဲ့စံနစ်ဖြစ်ပါတယ်။

ဥပဒေဆိုတာ Ritz hotel လိုဘဲဆိုတဲ့ မှတ်ချက်စကားရဲ့ သက်တမ်းဟာ နှစ်ပေါင်း (၂၀၀)ကျော်ခဲ့ပါပြီ။ Ritz hotel မဟုတ်တော့တဲ့ ဥပဒေတွေ ကမ္ဘာပေါ်မှာဘယ်လောက်ရှိနေပြီဆိုတာမသိပေမဲ့ သေချာတဲ့အချက်ကတော့ မြန်မာနိုင်ငံရဲ့ဥပဒေစံနစ်ကတော့ Ritz Hotel အဆင့်အောက်မှာရှိတယ်ဆိုတာ အငြင်းပွားဖွယ်မရှိတဲ့အချက် ဖြစ်ပါလိမ့်မယ်။ ဒီအခြေအနေတွေဟာ တခြားသောအကြောင်းအချက်များနဲ့ အထူးသဖြင့်နိုင်ငံရေး အခြေအနေတွေနဲ့ ဆက်စပ်နေတယ်ဆိုပေမယ့် တချိန်ကဒီမိုကရက်တစ်အစိုးရတွေ မြန်မာနိုင်ငံမှာအာဏာရစဉ်ကလည်း Access to Justice နဲ့စပ်လျဉ်းလို့ ဝတ္တရားပျက်ကွက်ခဲ့တာကိုလည်း မမေ့သင့်ပါဘူး။ ဒ့ါအပြင် Access to Justice ကိုစဉ်းစားရာမှာ နိုင်ငံတကာလေ့လာမှုလိုအပ်ပေမဲ့ ကိုယ့်နိုင်ငံရဲ့ဥပဒေသမိုင်း၊ ကိုယ်လူမျိုးရဲ့သဘောသဘာဝတွေဟာ ပိုပြီးအခရာကျပါလိမ့်မယ်။ ဒါမှသာ ကိုယ့်လူ့အဖွဲ့အစည်းနဲ့ ကိုက်ညီတဲ့ Equal Access to Justice ဖြစ်တဲ့ တရားရေးဆိုင်ရာစီမံခန့်ခွဲမှုစံနစ်တရပ်ကို ဖန်တီးနိုင်ပါလိမ့်မယ်။

## စာကိုး


(၁) Understanding the law

(၂) Dr. Kailash Rai, *Public interest lawyering, legal aid and para-legal service*

(၃) Carlos P. Medina, *Legal Aid Service in the Philippines*

(၄) R.C.CHOPRA, *Legal Aid Movement in India-Its Development and Present Status*

(၅) တရားရုံးချုပ်၊ တရားရုံးများလက်စွဲ

ဖက်ဒရယ်ပြည်ထောင်စုရေးရာ

# အနာဂတ်မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဖက်ဒရယ်အမြင်

## အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု အထွေထွေအတွင်းရေးမှူး
## ဗိုလ်မှူးကြီးဇင်ကျူးနှင့် တွေ့ဆုံမေးမြန်းခြင်း။

✍ **မေး – ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ငြိမ်းချမ်းစွာနိုင်ငံရေးအကူးအပြောင်းမှာ အဓိကကျပါသလား။**

✍ ဖြေ – ဖွဲ့စည်းပုံအခြေခံဥပဒေဟာ နိုင်ငံ၏အထွတ်အထိပ်နဲ့ ဥပဒေရဲ့ အဓိကကျောရိုးဖြစ်ပြီး နိုင်ငံတနိုင်ငံရဲ့ အသက်လို့လည်း ပြောလို့ရပါတယ်။ သို့ဖြစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ငြိမ်းချမ်းစွာနိုင်ငံရေး အကူးအပြောင်းဖြစ်စဉ်အတွက် သာမက နိုင်ငံရေးအကူးအပြောင်းအတွက် အခြေခံအုတ်မြစ်ချရာတွင်လည်း အရေးကြီးပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုစတင်တည်ဆောက်ခဲ့တဲ့အချိန်တုန်းကနည်းတူ ပြည်ထောင်စုတည်ဆောက်ဖို့အတွက် အခြေခံမူများနှင့်ပတ်သက်ပြီး လူထုဆန္ဒကို ကျွန်တော်တို့ မေးရမည်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို အဲဒီမူတွေနှင့် ရေးဆွဲမှသာ ငြိမ်းချမ်းတဲ့နိုင်ငံကို ကျွန်တော်တို့ တည်ဆောက်နိုင်လိမ့်မည်။

✍ **မြန်မာနိုင်ငံအတွက် ဘယ်လို ဖွဲ့စည်းပုံအခြေခံဥပဒေဟာ အသင့်တော်ဆုံးလဲ။**

✍ တိုင်းရင်းသားလူမျိုးစုတွေနဲ့ သီးခြားစီဖြစ်တဲ့ သူတို့ရဲ့လိုချင်တဲ့မူတွေနှင့် ကိုက်ညီတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ အသင့်တော်ဆုံးဖြစ်လိမ့်မယ်။ မြန်မာနိုင်ငံဟာ တိုင်းရင်းသားလူမျိုးစုတွေနှင့် ဖွဲ့စည်းထားတဲ့အတွက် တိုင်းရင်းသားများအကြား တန်းတူရေး၊ ကိုယ်ပိုင်ပြဌာန်းပိုင်ခွင့်နှင့် ဒီမိုကရေစီကိုအခြေခံသော ဖွဲ့စည်းပုံအခြေခံဥပဒေဟာ အသင့်တော်ဆုံးလို့ ကျွန်တော်ယုံကြည်ပါတယ်။

✍ **အနာဂတ်မြန်မာနိုင်ငံအတွက် ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်အသုံးပြုလိုပါသလား။**

✍ ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေကို အနာဂတ်မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေအဖြစ်

အသုံးပြုလိမ့်မယ်လို့ မယူဆပါဘူး။ အဲဒါဟာ အတုအယောင် ဖက်ဒရယ်ဖွဲ့စည်းပုံ အခြေခံဥပဒေဘဲဖြစ်တယ်။ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့်လဲမရှိဘူး။ အဲဒါကို ပြန်လည် အသုံးပြုမယ်ဆိုရင်လဲ ပြင်ဆင်ရန် လိုအပ်တယ်။ ပြင်ဆင်ရေးဆွဲမယ်ဆိုရင် ၁၉၄၇ ခုနှစ် ပင်လုံသဘောတူစာချုပ်နှင့်ဝင်းစာချုပ်ပါ မူများ၊ ၁၉၄၇ခုနှစ် မေလမှာ (ဖဆပလ) AFPFL ရဲ့ အတည်ပြုခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း)၊ ၁၉၆၁ ခုနှစ် ဖေဖော်ဝါရီလ တောင်ကြီးညီလာခံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်း ကြေညာစာတမ်း၊ တိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (UNLD)က မာနယ်ပလော သဘောတူညီချက် ၁၉၉၂၊ မဲသရောထသဘောတူညီချက်၊ ပြည်ထောင်စု မြန်မာနိုင်ငံအမျိုးသားကောင်စီက ရေးဆွဲသော အနာဂတ် ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း)၊ တိုင်းရင်းသားလူမျိုးစုတွေ ရေးဆွဲသော ပြည်နယ် ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) တွေကို အခြေခံပြီး ပြင်ရပါလိမ့်မယ်။

**၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ပြီး သုံးချင်သလား (သို့မဟုတ်) ဘယ်လို ဖွဲ့စည်းပုံအခြေခံဥပဒေမျိုးကို အသုံးပြုချင်သလဲ။**

တန်းတူအခွင့်အရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့်နှင့် ဒီမိုကရေစီ စည်းမျဉ်းတွေကိုအခြေခံပြီး ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်သုံးမည်ဆိုရင် လက်ခံနိုင်ပါတယ်။ မကြာသေးသော သမိုင်းကြောင်းကိုကြည့်ရင် တိုင်းရင်းသားလူမျိုးစုတွေက ၁၉၄၇ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်ရေးဆွဲရန် ကြိုးစားခဲ့ကြတယ်။ သို့သော်လည်း ဗိုလ်ချုပ်နေဝင်းဦးဆောင်တဲ့ တပ်မတော်အာဏာရှင်တွေက အာဏာသိမ်းခြင်းဖြင့် တုန့်ပြန်ခဲ့ကြတယ်။ အကျိုးဆက်ကတော့ အခြေခံနိုင်ငံရေးပြဿနာတွေ ဆက်တိုက်ဖြစ်ပေါ်လာတယ်။ ဖြေရှင်းလို့မရနိုင်သေးပါဘူး။ မြန်မာနိုင်ငံကို ငြိမ်းချမ်းသောနိုင်ငံအဖြစ် ပြောင်းလဲမည်ဆိုရင် တန်းတူအခွင့်အရေးရှိတဲ့၊ ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့်နှင့် ဒီမိုကရေစီကို အာမခံတဲ့ ဖက်ဒရယ် ဖွဲ့စည်းပုံအခြေခံဥပဒေရှိဖို့ အင်မတန်အရေးကြီးပါတယ်။ ဒီလိုဖြစ်ဖို့အတွက် ဖက်ဒရယ် ဖွဲ့စည်းပုံအခြေခံဥပဒေ အသစ်ကို ရေးဆွဲနိုင်ပါတယ်။ ဒါမှမဟုတ် ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေကို သင့်တော်သလို ပြင်ဆင်ရေးဆွဲရင်လည်း ရနိုင်ပါတယ်။

**မြန်မာနိုင်ငံအတွက် ၁၉၉၀ မေလ ရွေးကောက်ပွဲရလဒ်နှင့် ဘယ်လို ဖွဲ့စည်းပုံအခြေခံဥပဒေမျိုး လိုအပ်ပါသလဲ။**

၁၉၉၀ မေလ ရွေးကောက်ပွဲရလဒ်အရဆိုရင် လွှတ်တော်တမျိုးဘဲရှိတယ်။ ၁၉၉၀ မေလ ရွေးကောက်ပွဲအတောအတွင်း နဝတ မှာ တိကျတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ မရှိခဲ့ဘူး။ အဲဒီရွေးကောက်ပွဲရလဒ်အရဆိုရင် တမျိုးသားတည်းအတွက်သာ သင့်တော်တဲ့ တပြည်ထောင်စနစ် (Unitary) ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်လာမှာ

ဖြစ်တယ်။ တိုင်းရင်းသားလူမျိုးစုံနေထိုင်တဲ့ ကျွန်ုပ်တို့ နိုင်ငံအတွက် သင့်လျော်မှာ မဟုတ်ဘူး။ ၁၉၉၀ မေလ ရွေးကောက်ပွဲမှာ အနိုင်ရတဲ့ပါတီက အမျိုးသားညီလာခံ ခေါ်ယူသင့်ပါတယ်။ ပြီးတော့ တိုင်းရင်းသားလူမျိုးစုအားလုံးရဲ့ လိုချင်တဲ့ဆန္ဒနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကို ရေးဆွဲသင့်ပါတယ်။ သို့မဟုတ် ၁၉၄၇ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်ရေးဆွဲသင့်တယ်။ အမျိုးသားညီလာခံမှ ရေးဆွဲထားသော ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်နှင့်အညီ ရွေးကောက်ပွဲအသစ် လုပ်ရန်လိုအပ်တယ်လို့ ကျွန်တော်ယူဆပါတယ်။

✍ **ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရေးလုပ်ငန်းစဉ်မှာ စစ်တပ်ပါဝင်သင့်တယ်ဆိုတဲ့အခန်းကဏ္ဍကို ဘယ်လိုထင်သလဲ။**

✍ နအဖ စစ်အစိုးရဟာ အာဏာသိမ်းပြီး အာဏာရှိလာတဲ့အတွက် တရားဝင် အစိုးရ မဟုတ်ဘူး။ ထို့အတူ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးလုပ်ငန်းစဉ်မှာ တရားမဝင်သော အစိုးရပါဝင်ခြင်းဟာ တရားဥပဒေနှင့်မညီဘူး။ ဆိုလိုတာက နအဖ ကရေးဆွဲတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေသည် လုံးဝတရားဝင်မည်မဟုတ်ပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း)ရေးဆွဲရေးအဆင့်ဆင့်မှာ ပြည်သူလူထုက တပ်မတော်ကို ပါဝင်ခွင့်ပေးတယ်ဆိုလို့ရှိရင်တော့ လက်ခံရမှာပါဘဲ။

✍ **တပြည်ထောင်စနစ် ဖွဲ့စည်းပုံအခြေခံဥပဒေက ပြဿနာများ ဖြေရှင်းနိုင်မလား။**

✍ ပြည်သူလူထုတရပ်လုံးက သူတို့ရဲ့ လွတ်လပ်တဲ့ဆန္ဒနဲ့ရေးဆွဲတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှသာ ပြဿနာများဖြေရှင်းနိုင်မှာ ဖြစ်တယ်။ မြန်မာနိုင်ငံမှာနေထိုင်တဲ့ တိုင်းရင်းသားလူမျိုးစုအားလုံးကမှ တပြည်ထောင်စနစ်ဟာ မြန်မာနိုင်ငံအတွက် သင့်တော်တယ်လို့ ဘယ်သောအခါမှ မယုံကြည်ကြဘူး။ ကျွန်တော်တို့ လက်ရှိရင်ဆိုင်နေရတဲ့ပြဿနာတွေကို တပြည်ထောင်စနစ် ဖွဲ့စည်းပုံအခြေခံဥပဒေက မဖြေရှင်းနိုင်ဘူးဆိုတာတော့ သေချာပါတယ်။

✍ **ဖက်ဒရယ်ပြည်ထောင်စုတွင် ဗမာတိုင်းရင်းသားက ပြည်နယ်တစ်ခုအနေနှင့်ပါဝင်လျှင် သင့်လျော်ပါသလား။ ဒီလိုဆိုရင် အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော် ဖွဲ့စည်းခြင်းကို ခင်ဗျား ဘယ်လိုထင်သလဲ။**

✍ အနာဂတ်မြန်မာနိုင်ငံတွင် ဗမာတိုင်းရင်းသားလည်း ပြည်နယ်တခုအဆင့်အတန်း ရရှိသင့်တယ်။ ဘာကြောင့်လဲဆိုတော့ ပင်လုံသဘောတူညီချက်အရ လူဦးရေနည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ၊ ပြည်နယ်တစ်ခုရဲ့ ဧရိယာကျယ်သည်ဖြစ်စေ၊ ကျဉ်းသည်ဖြစ်စေ ခွဲခြားမှုမရှိဘဲ ပြည်ထောင်စုဖွဲ့စည်းဖို့ ဖြစ်တယ်။ ဖက်ဒရယ်ပြည်ထောင်စု

လွှတ်တော်ကို အောက်လွှတ်တော်နှင့်အထက်လွှတ်တော် နှစ်ရပ်ဖြင့် ဖွဲ့စည်းသင့်တယ်။ အောက်လွှတ်တော်ကတော့ ပြည်သူလူထုတရပ်လုံးရဲ့ အကျိုးစီးပွား အတွက် ရပ်တည်မှာဖြစ်ပြီး၊ အထက်လွှတ်တော်က ပြည်နယ်အကျိုးစီးပွားအတွက် ရပ်တည်ရမည်။ ကျွန်တော်တို့ ဒီမိုကရေစီစနစ်ကျင့်သုံးသည်နှင့်အညီ ပြည်သူလူထုရဲ့ အကျိုးစီးပွားအတွက် ပြည်သူ့လွှတ်တော် အဖွဲ့အစည်းတရပ် ဖန်တီးဖို့လိုအပ်မှာဖြစ်တယ်။ ထို့အတူ သက်ဆိုင်ရာပြည်နယ်များရဲ့ အကျိုးစီးပွားကိုကာကွယ်ဖို့ အမျိုးသားလွှတ်တော်အဖွဲ့အစည်းကို ဖန်တီးရမှာ ဖြစ်တယ်။ အမျိုးသားလွှတ်တော်မှာ ပြည်နယ်တခုစီ၏ တူညီသော ကိုယ်စားလှယ်များပါဝင်စေရမယ်။ နောက် ပြည်သူ့လွှတ်တော်မှာ လူဦးရေကိုအခြေခံတဲ့ ကိုယ်စားလှယ်များ ပါဝင်စေရမယ်။ လွှတ်တော်နှစ်ရပ်အကြား ထိန်းညှိစနစ် (Check and balance) ထားရှိရမယ်။ အကျိုးတူညှိနှိုင်းသည့်စနစ်ထားရှိရမယ်။ ပြည်နယ်တခုနှင့်တခု ဝင်ရောက်မစွက်ဖက်စေမဲ့ စနစ်များ ထားရှိစေရမယ်။

✍ **မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကို ခင်ဗျားဘယ်လိုဖြစ်စေချင်ပါသလဲ၊ သီးခြားပြည်နယ်များ စုပေါင်း၍ ပြည်ထောင်စုဖွဲ့စည်းတည်ထောင်ခြင်း (Federation) အနေဖြင့်လား (သို့) သမဂ္ဂ (Confederation) ဖွဲ့စည်းတည်ထောင်ခြင်းအနေဖြင့်လား။ ဘာဖြစ်လို့လဲ။**

✍ အနာဂတ်မြန်မာနိုင်ငံအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေသည် အမျိုးသားပြည်နယ်များ ပူးပေါင်းပါဝင်ပြီး တန်းတူအခွင့်အရေး၊ ကိုယ်ပိုင်ပြဌာန်းပိုင်ခွင့်ကို ကျင့်သုံးခွင့်ရှိတဲ့ ဖက်ဒရယ် ဖွဲ့စည်းပုံအခြေခံဥပဒေ အနေနှင့်သာ ဖြစ်သင့်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လွန်ခဲ့တဲ့အနှစ် ငါးဆယ် (၅၀) ကြာ ပြည်တွင်း စစ်အတောအတွင်း တိုင်းရင်းသားလူနည်းစုများအနေနှင့် တန်းတူအခွင့်အရေး၊ ကိုယ်ပိုင်ပြဌာန်းပိုင်ခွင့်များကို ဆုံးရှုံးခဲ့ခြင်းကြောင့်ဖြစ်ပါတယ်။ အတိတ်က ဆုံးရှုံးခဲ့တဲ့ တိုင်းရင်းသားလူမျိုးစုများ၏ အခွင့်အရေးများကို ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေကသာ အာမခံပေးနိုင်တယ်လို့ ကျွန်တော်ယုံပါတယ်။

✍ **အမျိုးသား ဒီမိုကရေစီတပ်ပေါင်းစု၏ အထွေထွေအတွင်းရေးမှူးအနေဖြင့် ကိုယ်ပိုင်ပြဌာန်း ခွင့်ကို ခင်ဗျားဘယ်လို ထင်မြင်သဘောထားရှိပါသလဲ။**

✍ ကိုယ်ပိုင်ပြဌာန်းပိုင်ခွင့်ဟာ တိုင်းရင်းသားလူနည်းစုများ၏ အခွင့်အရေးပါ။ ကျွန်တော် သဘောပေါက်တာက ဘယ်တိုင်းရင်းသားလူနည်းစုမဆို သူတို့ရဲ့ သဘောဆန္ဒအရ ပြည်ထောင်စုထဲမှာ ပါဝင်နိုင်သည့် နည်းတူ သူတို့ လွတ်လပ်သောတိုင်းပြည် အနေဖြင့် နေချင်ရင် သူတို့နေနိုင်ပါတယ်။ လူမျိုးစုတိုင်း ဒီအခွင့်အရေး ရှိရမည်လို့ ကျွန်တော်

ယူဆပါတယ်။ ဘယ်တိုင်းရင်းသားလူနည်းစုမဆို သူတို့၏ ဆန္ဒအရ အကောင်းဆုံးကို ရွေးပြီး ရပ်တည်သင့်ကြပါတယ်။

**ဖက်ဒရယ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဘယ်ဘာသာစကားကို ရုံးသုံးဘာသာစကားအဖြစ်ထားဖို့ ခင်ဗျား ဘယ်လိုထင်သလဲ။**

ဖက်ဒရယ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အင်္ဂလိပ်၊ ဗမာနှင့်အခြားတိုင်းရင်းသား လူနည်းစုများ၏ ဘာသာစကားတခုကို ရုံးသုံးအဖြစ် ထားသင့်ပါတယ်။ သက်ဆိုင်ရာ ပြည်နယ်များရဲ့အခြေခံဥပဒေမှာ အင်္ဂလိပ်နှင့် သူတို့နေထိုင်ရာပြည်နယ်၏ ဘာသာစကားကို ရုံးသုံးဘာသာအဖြစ် ပြဋ္ဌာန်းမယ်လို့ ကျွန်တော်ယူဆပါတယ်။

**ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ကိုးကွယ်သည့်ဘာသာ တခုခုကို နိုင်ငံတော်ဘာသာအဖြစ် ဖော်ပြသင့်ပါသလား။**

နိုင်ငံတော်ဘာသာအဖြစ် ပြဋ္ဌာန်းရန်လိုအပ်မယ်လို့ကျွန်တော်မယူဆပါ။ လူတိုင်း လွတ်လပ်စွာ မိမိယုံကြည်ကိုးကွယ်လိုသောဘာသာကို ကိုးကွယ်ခွင့်ရှိရမယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေက အခြေခံလူ့အခွင့်အရေးကို အာမခံချက်ပေးရင် လုံလောက်ပါပြီ။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မည်သည့်ဘာသာကိုမျှ အခွင့်ထူးမပေးသင့်ပါ။

ပိုင်းခြားစိတ်ဖြာသုံးသပ်ရာ

# ကလေးတွေလဲသတိထား

မင်းမြတ်ကျော်

၁၉၉၃ ခုနှစ်မှာ (နဝတ) က ကလေးသူငယ်ဥပဒေနဲ့ ကလေးသူငယ်နည်းဥပဒေများကို ၂၀၀၁ ခုနှစ်မှာ (နအဖ) က ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပါတယ်။ ဒီဥပဒေကိုပြဋ္ဌာန်းရခြင်းရဲ့ အဓိကအကြောင်းရင်းကတော့-

(က) ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းပါ ကလေးသူငယ်များ၏ အခွင့်အရေးများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ခ) ကလေးသူငယ်များ၏အခွင့်အရေးများကိုကာကွယ်စောင့်ရှောက်ရန်၊

(ဂ) ကလေးသူငယ်များသည် ယင်းတို့၏ အခွင့်အရေးများကို ဥပဒေနှင့်အညီ အပြည့်အဝ ခံစားနိုင်စေရေးအတွက် ကာကွယ်စောင့်ရှောက်ရန်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ပြဋ္ဌာန်းခဲ့တာလို့ ဆိုပါတယ်။

**ဥပဒေပြဋ္ဌာန်းချက်များနဲ့အညီ ကလေးသူငယ်တွေရဲ့အခွင့်အရေးကို အကာအကွယ်ပေးရဲ့လား၊ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဥပဒေကို အကောင်အထည်ဖော်ကျင့်သုံးမည့် တရားရုံးများနဲ့ အခြားအဖွဲ့အစည်းတွေက လိုက်နာဆောင်ရွက်မှုရှိရဲ့လား ဆိုတာကို လေ့လာကြည့်ရာ မှာတော့ .......**

ဒီဥပဒေပြဋ္ဌာန်းချက်များနဲ့အညီ ကလေးသူငယ်တွေရဲ့ အခွင့်အရေးကို အကာအကွယ်ပေးရဲ့လား၊ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဥပဒေကို အကောင်အထည်ဖော် ကျင့်သုံးမည့် တရားရုံးများနဲ့ အခြားအဖွဲ့အစည်းတွေက လိုက်နာဆောင်ရွက်မှုရှိရဲ့လားဆိုတာကို လေ့လာကြည့်ရာမှာတော့ အောက်ပါအတိုင်းတွေ့ရှိရပါတယ်။

မေလ ၃၀ ရက်နေ့ ညနေ ၁၆း၃၀ တွင် မုံရွာမြို့၌ ဆူပူမှုဖြစ်ပွားခဲ့ရာ ချမ်းသာကျော် (ခ) ပြူးတူး (ကလေးသူငယ်) တဦးအား ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၃၄/၁၁၄ အရ ဒုရဲမှူး

တင်ဝင်းက တရားလိုပြုလုပ်၍ စွဲဆိုခဲ့သည်။ တရားခံအဖြစ် စွပ်စွဲခံရသူ ချမ်းသာကျော်သည် အသက် (၁၆)နှစ် မပြည့်သေးသည့် (၁၀) တန်း ကျောင်းသား၊ ကလေးငယ်တဦးဖြစ်သည်။ မုံရွာမြို့နယ်တရားရုံး၏ စီရင်ချက်တွင် ချမ်းသာကျော်သည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၃၃/၁၁၄ ကို ကျူးလွန်ကြောင်း ပေါ်ပေါက်သည်ဟုသုံးသပ်ပြီး၊ ကလေးသူငယ်ဥပဒေပုဒ်မ ၄၇(ဃ) အရ ရန်ကုန်တိုင်း၊ ငှက်အော်စမ်း လူငယ်သင်တန်းကျောင်းတွင် အသက်(၁၈) နှစ်ပြည့်သည့်နေ့ (၄-၁၀-၂၀၀၅) အထိ ထိန်းသိမ်းထားရန် မုံရွာမြို့နယ် တရားသူကြီးက အမိန့်ချခဲ့တာကို ဖတ်ရှုလိုက်ရပါတယ်။

## ဥပဒေပြဌာန်းချက်များနှင့်ကွဲလွဲစွာလုပ်ဆောင်ခဲ့သည့်ကိစ္စရပ်များ

အထက်ဖော်ပြပါအမှုကို မုံရွာမြို့နယ်တရားရုံးတွင် ကလေးသူငယ်မှု ဖွင့်လှစ်၍ စစ်ဆေးခဲ့ရာ၊ တရားလိုများဖက်မှ ဒုတိယမြို့နယ်ဥပဒေအရာရှိ ဒေါ်လှလှဝင်းက လိုက်ပါဆောင်ရွက်ပြီး၊ တရားခံဖက်မှ လိုက်ပါဆောင်ရွက်သည့် အကျိုးဆောင်မရှိဘဲ အသက်မပြည့်သေးသည့် ကလေးသူငယ် ချမ်းသာကျော် (ခ) ပြူးတူးက ကိုယ်တိုင် ခုခံချေပခဲ့သည်။ ကလေးသူငယ်ဥပဒေပုဒ်မ ၄၂ (ဂ) တွင် ကလေးသူငယ် သို့မဟုတ် ယင်း၏မိဘ၊ အုပ်ထိန်းသူတို့က ရှေ့နေငှားရမ်းခြင်းမပြုနိုင်၍ သို့မဟုတ် ငှားရမ်းခြင်းမပြုလို၍ သင့်လျော်သူ တဦးဦး၏အကူအညီဖြင့် အမှုကိုခုခံချေပလိုကြောင်း လျှောက်ထားပါက ခွင့်ပြုရမည်ဟု ပြဌာန်းထားပါသည်။ အသက်မပြည့်သေးသည့် ကလေးသူငယ်အနေဖြင့် ဥပဒေအရ မည်သည့်အခွင့်အရေးများရှိသည်ကို သိရှိလိမ့်မည်မဟုတ်ပါ။ ကလေးသူငယ် တရားရုံး တရားသူကြီးဖြစ်သူက တရားခံအဖြစ်စွပ်စွဲခံရသည့်သူအား နားလည်အောင် ရှင်းပြရမည်ဖြစ်ပါသည်။ ယခုအမှုတွင် ထိုကဲ့သို့ လိုက်နာဆောင်ရွက်ခဲ့ကြောင်းကို ဖော်ပြထားခြင်း မရှိပေ။

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၃၃ သည်ထောင်ဒဏ် ၁၀ နှစ်အထိ ချမှတ်နိုင်သောအမှုဖြစ်ပြီး အာမခံပေးခွင့်မရသည့်အမှု ဖြစ်သည်။ သို့သော် ကလေးသူငယ်ဥပဒေပုဒ်မ ၄၁ (ဂ) တွင် တရားစွဲဆိုတင်ပို့ခြင်းခံရသော ကလေးသူငယ်အား အမှုစစ်ဆေးဆဲကာလများအတွင်း ခံဝန်ချုပ်ဖြင့် လွှတ်ထားခြင်း၊ မိဘအုပ်ထိန်းသူထံ စည်းကမ်းချက်ဖြင့် အပ်နှံခြင်း၊ ယာယီစောင့်ရှောက်ရေးစခန်း သို့မဟုတ် အခြားသင့်လျော်သည့်နေရာသို့ စည်းကမ်းချက်ဖြင့် အပ်နှံခြင်းပြုရမည်။ မည်သည့်အကြောင်းနှင့်မျှ ချုပ်မိန့်မပေးရဟု ပြဌာန်းထားပါသည်။

ယခုအမှုတွင် မောင်ချမ်းသာကျော်အား မိဘများထံပြန်လည်အပ်နှံထားသည့် အထောက်အထားမတွေ့ရဘဲ အခြားနေရာတွင် အပ်နှံထိန်းသိမ်းထားကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။ အရွယ်မရောက်သေးသည့် ကလေးသူငယ်တဦးအနေဖြင့် မိဘဖြစ်သူများနှင့်အမှုကိုရင်ဆိုင်နေသည့်ကာလအတွင်း အတူရှိနေခြင်းက၊ အဆိုပါကလေးသူငယ်အား စိတ်ပိုင်းဆိုင်ရာအားပေးကူညီမှုပြုရာ ရောက်ပါသည်။ မိဘများနှင့်အတူ နေထိုင်ခွင့်ရခဲ့ပါက စွဲဆိုခံထားရသည့် မှုခင်းနှင့်ပတ်သက်၍ သင့်လျော်သည့်အကြံဉာဏ်များ၊ ဥပဒေပိုင်းဆိုင်ရာ လိုအပ်သည့်အချက်အလက်များကို နားလည်တတ်ကျွမ်းသူများနှင့် တိုင်ပင်ဆွေးနွေး

နိုင်မည်ဖြစ်ပါသည်။ သို့သော်ယခုအမှုတွင် ထိုသို့ရသင့်သည့်အခွင့်အရေးကိုပေးရန် မုံရွာမြို့နယ်တရားရုံးက လျစ်လျူရှုလုပ်ဆောင်ခဲ့သည်ကို တွေ့ရှိနိုင်ပါသည်။

ယခုအမှုတွင် တရားခံအဖြစ် စွပ်စွဲခံရသည့် ချမ်းသာကျော် (ခ) ပြူးတူး အပေါ် တရားရုံးက ပြစ်မှုကျူးလွန်ကြောင်း သုံးသပ်ရာတွင် ကလေးသူငယ်ကြီးကြပ်သူ၏ အစီရင်ခံစာနှင့် မုံရွာမြို့၊ ရုံးကြီးရပ်၊ ရယက ဥက္ကဋ္ဌ ဖြစ်သူ လိုပြ(၅) ဦးငွေစိုးလွင်၏၊ ချမ်းသာကျော်မှာ (၁၀) တန်းဖြေထားသူဖြစ်ပြီး မိဘဆိုဆုံးမခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်နိုင်သော အခြေအနေမရှိသည့်ကလေးဖြစ်ကြောင်း ထွက်ဆိုအစစ်ခံချက်အပေါ် မူတည်၍သာ မုံရွာမြို့နယ်တရားရုံးတရားသူကြီးဖြစ်သူက သုံးသပ်ဆုံးဖြတ်ထားသည်ကိုတွေ့ရသည်။ ထောင်ဒဏ် (၃) နှစ်အထက် အပြစ်ပေးနိုင်သည့်အမှုများတွင် ဝရမ်းမှုများစစ်ဆေးသည့်နည်းအတိုင်း ယခုအမှုကိုစစ်ဆေးစီရင်ခြင်းပြုခဲ့ရာ တရားရုံးတရားသူကြီးအနေဖြင့် ကလေးသူငယ်၏ အကျိုးကိုရှေ့ရှု၍ဆောင်ရွက်မည်ဆိုပါက ရုံးခေါ်သက်သေအဖြစ် မောင်ချမ်းသာကျော်၏ မိဘများကို ခေါ်ယူစစ်မေးနိုင်သည့် အခွင့်အာဏာရှိသူလည်းဖြစ်သည်။

ကလေးသူငယ်နည်းဥပဒေများပုဒ်မ ၇၈ တွင် ကလေးသူငယ်တရားရုံးသည် လိုအပ်ပါက ကလေးသူငယ်ကြီးကြပ်သူ သို့မဟုတ် လူမှုဝန်ထမ်းအရာရှိတဦးဦးအား စစ်ဆေးနိုင်သည့်အပြင် အစီရင်ခံစာပါအချက်များကို ကလေးသူငယ် သို့မဟုတ် မိဘ၊ အုပ်ထိန်းသူတို့အားအသိပေး၍ ထုချေရှင်းလင်းရန် ခွင့်ပြုနိုင်သည်။ သို့သော် မုံရွာမြို့နယ်တရားရုံးတရားသူကြီးအနေဖြင့် ထိုသို့လုပ်ဆောင်ခဲ့ကြောင်း မပေါ်ပေါက်ခဲ့ပေ။ ကလေးသူငယ်ဥပဒေပါ ပြဋ္ဌာန်းချက်များကိုပင် လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ လုပ်ဆောင်ခဲ့သည်ကို တွေ့ရှိနိုင်ပါသည်။

တရားခံအဖြစ်စွပ်စွဲခံရသူ မောင်ချမ်းသာကျော်သည် သံဃာများက လုံခြုံရေးတာဝန်ကျရဲသားများအား ခဲများနှင့်ပစ်ပေါက်သည်ဆိုသော အချင်းဖြစ်ပွားသည့်နေရာသို့ ရောက်ရှိနေသည်ကို အငြင်းမပွားပေ။ ခဲနှင့်ပစ်ပေါက်မှုကြောင့် လုံခြုံရေးတာဝန်ကျ ရဲတပ်သားများ ဒဏ်ရာရရှိကြရာတွင် ရဲတပ်သားရဲနိုင်၏ ဝဲဖက်ပထမရှေ့သွားနဲ့နေ၍ နုတ်ပေးလိုက်ရကြောင်း သက်သေအဖြစ် အစစ်ခံသည့် ဆရာဝန်များက ထွက်ဆိုခဲ့သည်။ ဆရာဝန်များသည် အချင်းဖြစ်ပွားသည့်နေရာတွင် ရှိနေကြသည့်သူများမဟုတ်ပါ။ ဆေးရုံသို့ရောက်ရှိလာသည့် ဒဏ်ရာရသူများကို ကုသပေးခြင်းသာဖြစ်သည်။ တရားလိုပြသက်သေများအဖြစ် အစစ်ခံသည့်တာဝန်ကျ ရဲများကပြောပြ၍သိရှိရခြင်းသာဖြစ်သည်။ အမှန်တကယ်ခဲများဖြင့်ပစ်ပေါက်သည့်အတွက် ထိုကဲ့သို့ သွားနဲ့သွားရခြင်းဖြစ်ကြောင်းကို တရားလိုဖက်က အတိအကျ ထွက်ဆိုထားခြင်းမရှိပေ။

မြို့နယ်တရားရုံး တရားသူကြီးကသုံးသပ်ရာတွင် အချင်းဖြစ်နေရာသို့ တရားခံရောက်ရှိနေခြင်းကပင် လုံခြုံရေးတာဝန်ကျရဲတပ်သားများအား သံဃာအချို့နှင့် လူအချို့က ခဲများနှင့်ပစ်ပေါက်ခြင်းကို အားပေးကူညီမှု ပြုရာရောက်သည်၊ ခဲများနှင့်ပစ်ပေါက်စဉ်တွင်

လည်းအနီးတွင်ရှိနေ၍ တရားခံသည်ကိုယ်တိုင်ကိုယ်ကျ ခဲနှင့်ပစ်ပေါက်ခြင်းမရှိစေကာမူ ခဲနှင့်ပစ်ပေါက်သူများနှင့်မခြား တာဝန်ရှိပေသည်ဟုသုံးသပ်၍ ယခုကဲ့သို့ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ထို့အပြင် ကလေးသူငယ်ဖြစ်သူတရားခံ၏ အကျင့်စာရိတ္တနှင့်ပတ်သက်၍ ကလေးသူငယ်ကြီးကြပ်သူ၏ အစီရင်ခံစာကိုတောင်းခံခဲ့ရာတွင် တရားခံမှာ အသိဉာဏ်နည်းပါး၍ ပတ်ဝန်းကျင်လှုံ့ဆော်မှုကြောင့် အချင်းဖြစ်ရာသို့ ရောက်ရှိရခြင်းဖြစ်၍ အကျင့်စာရိတ္တကောင်းမွန်မှုရှိစေရန်အလို့ငှာ **မိဘ (သို့မဟုတ်) အုပ်ထိန်းသူ၏ (၃) နှစ်ခံဝန်ချုပ်ဖြင့်** ဖြစ်စေ၊ လူငယ်သင်တန်းကျောင်းတခုခုသို့ (၃) နှစ်ခံဝန်ချုပ်ဖြင့်ဖြစ်စေ ထိန်းသိမ်းပြုပြင်သင့်ကြောင်း မှတ်ချက်ပြုထားသည်ကိုတွေ့ရသည်။ မုံရွာမြို့နယ်တရားသူကြီးသည် ကလေးသူငယ်ကြီးကြပ်သူ၏အစီရင်ခံစာပါ ပထမဖော်ပြချက်ဖြစ်သည့် မိဘ (သို့မဟုတ်) အုပ်ထိန်းသူ၏ (၃) နှစ်ခံဝန်ချုပ်ဖြင့် ထိန်းသိမ်းပြုပြင်သင့်ကြောင်းတင်ပြချက်ကို လျစ်လျူရှု၍ ဆုံးဖြတ်ခဲ့သည်။

ကလေးသူငယ်နည်းဥပဒေများပုဒ်မ ၈၀ (က) တွင် ကလေးသူငယ်တရားရုံးသည် ထောင်ဒဏ်ချမှတ်ခြင်းမပြုသင့်သော ကလေးသူငယ်အား ကလေးသူငယ်ဥပဒေ ပုဒ်မ၄၇ ပုဒ်မခွဲ (ခ) အရ (၃) နှစ်ထက်မပိုသော ကာလများအတွင်း ခံဝန်ချုပ်ပါစည်းကမ်းများအတိုင်း ကောင်းမွန်စွာနေထိုင်ကျင့်ကြံစေရေးအတွက် **မိဘ၊ အုပ်ထိန်းသူအား ခံဝန်ချုပ်ချုပ်ဆိုပြီး ပြန်လည်အပ်နှံနိုင်သည်။**

ကလေးသူငယ်ဥပဒေပုဒ်မ ၄၇ (ဃ) ကျူးလွန်သောပြစ်မှုသည် ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ ကလေးသူငယ်သည် အကျင့်စာရိတ္တပျက်ပြားနေသူဖြစ်လျှင်သော်လည်းကောင်း၊ အကျင့်စာရိတ္တပျက်ပြားခြင်း မရှိသေးသော်လည်းမိဘ၊ အုပ်ထိန်းသူမရှိသည့် ကလေးသူငယ်ဖြစ်လျှင်သော်လည်းကောင်း၊ မိဘအုပ်ထိန်းသူရှိသော်လည်း ကလေးသူငယ်အား ဆိုဆုံးမခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်နိုင်သော အခြေအနေမရှိလျှင်သော်လည်းကောင်း၊ ထိုကလေးသူငယ်ကို အနည်းဆုံး (၂) နှစ်ဖြစ်စေ၊ အများဆုံး အသက် ၁၈ နှစ်ပြည့်သည့်နေ့အထိ ဖြစ်စေ၊ သင်တန်းကျောင်းတခုခုသို့ ပို့အပ်နိုင်သည်။

နည်းဥပဒေ ပုဒ်မ ၈၀ (ဃ) နည်းဥပဒေခွဲ (က) သို့မဟုတ် (ခ) အရ အမိန့်ချမှတ်ပြီးနောက် မိဘအုပ်ထိန်းသူ သို့မဟုတ် ကလေးသူငယ်ကြီးကြပ်သူက ယင်းကလေးသူငယ်ကို ထိန်းသိမ်း၍မရနိုင်သဖြင့် တရားရုံးသို့ ပြန်လည်အပ်နှံပါက ကျန်ရှိသည့်ကာလအတွက် ထိန်းသိမ်းရန် သင်တန်းကျောင်းတခုခုသို့ ထိန်းသိမ်းထားရန် ပို့အပ်ရမည်။

အထက်ဖော်ပြပါ ကလေးသူငယ်နည်းဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြစ်မှုကျူးလွန်သည်ဟု ယူဆသည့်ကလေးသူငယ်အား ပထမဆုံးအနေဖြင့် မိဘ သို့မဟုတ် အုပ်ထိန်းသူတို့ကို ပထမ ခံဝန်ချုပ် ချုပ်ဆိုစေ၍ ကလေးသူငယ်အား အကျင့်စာရိတ္တကောင်းမွန်စေရေး

အတွက် ထိန်းသိမ်းစောင့်ရှောက်စေရမည် ဖြစ်သည်။ ထိုသို့ မိဘ (သို့မဟုတ်) အုပ်ထိန်းသူက ကလေးသူငယ်အား ဆက်လက်တာဝန်ယူ ထိန်းသိမ်းနိုင်ခြင်းမရှိမှသာ လူငယ်သင်တန်းကျောင်းသို့ ပို့အပ်ရမည်ဖြစ်ပါသည်။

**ယခုအမှုတွင် ကလေးသူငယ်၏ အကျင့်စာရိတ္တနှင့်ပတ်သက်၍ မိဘ (သို့မဟုတ်) အုပ်ထိန်းသူကိုလည်း ခေါ်ယူမေးမြန်းခြင်း မပြုသည့်အပြင် ခံဝန်ချုပ်ချုပ်ဆို၍ ထိန်းသိမ်းစောင့်ရှောက်ရန် လွှဲပြောင်းပေးခြင်းလည်း မရှိခဲ့ပေ။ လူငယ်သင်တန်းကျောင်းသို့ ပို့အပ်စေသည့် အမိန့်ကို ချအပ်ခဲ့ခြင်းသည် ကလေးသူငယ်နည်းဥပဒေပါ ပြဋ္ဌာန်းချက်များကို မျက်ကွယ်ပြု၍ ဆောင်ရွက်ဆုံးဖြတ်ရာ ရောက်ပါသည်။**

ယခုအမှုတွင်မူ မိဘ (သို့မဟုတ်) အုပ်ထိန်းသူအား ကလေးသူငယ်၏ အကျင့်စာရိတ္တနှင့်ပတ်သက်၍ မိဘ (သို့မဟုတ်) အုပ်ထိန်းသူကိုလည်း ခေါ်ယူမေးမြန်းခြင်းမပြုသည့်အပြင် ခံဝန်ချုပ် ချုပ်ဆို၍ ထိန်းသိမ်းစောင့်ရှောက်ရန် လွှဲပြောင်းပေးခြင်းလည်း မရှိခဲ့ပေ။ လူငယ်သင်တန်းကျောင်းသို့ ပို့အပ်စေသည့် အမိန့်ကို ချအပ်ခဲ့ခြင်းသည် ကလေးသူငယ်နည်းဥပဒေပါ ပြဋ္ဌာန်းချက်များကိုမျက်ကွယ်ပြု၍ ဆောင်ရွက်ဆုံးဖြတ်ရာ ရောက်ပါသည်။

**တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတသောတရားစီရင်ရေးကိုလျစ်လျူရှု ဆောင်ရွက်ချက်များ။**

တရားလိုဖက်မှ တရားလိုအပါအဝင် တရားလိုပြသက်သေ (၂၄) ဦးတင်ပြထားပြီး လိုပြ သက်သေ (၁၀)ဦး ကိုစစ်ဆေးခဲ့သည်၊ တရားလိုဖြစ်သူ ဒုရဲမှူးတင်ဝင်း၊ လိုပြ (၂) ဒုရဲအုပ်သက်နိုင်ဦး၊ လိုပြ (၃) ရဲအုပ်ဇော်မင်း၊ လိုပြ (၁၀) ရဲအုပ်ခင်မောင်ဇင်နှင့် ရယကဥက္ကဋ္ဌ (၂) ဦး၊ ဆရာဝန် (၄) ဦး တို့အားတရားလိုပြသက်သေများ အဖြစ်စစ်ဆေးခဲ့သည်။ တရားလိုဖက်မှ တင်ပြသည့်သက်သေများအနက် ဆရာဝန် (၄) ဦးမှအပ ကျန်သက်သေများသည် အချင်းဖြစ်ပွားစဉ်က လုံခြုံရေးတာဝန်ယူရသည့်သူများနှင့် ရဲအမှုစစ်များသာဖြစ်ပြီး လွတ်လပ်သည့် သက်သေများ၏ အရည်အချင်းနှင့်ပြည့်စုံသူများဟု ဆိုနိုင်မည်မဟုတ်ပါ။ တနည်းဆိုရလျှင် တရားရုံးက ယုံကြည်ထိုက်သည့် သက်သေထွက်ချက်များအဖြစ် ထည့်သွင်းစဉ်းစားနိုင်သည့် သက်သေများ မဟုတ်သည်ကို တွေ့နိုင်ပါသည်။ တရားခံဖြစ်သူဖက်မှ တရားလိုနှင့်တရားလိုသက်သေအဖြစ် အစစ်ဆေးခံသည့်သူများကို ပြန်လှန်မေးမြန်းထားခြင်းမရှိသည်ကိုလည်း တွေ့နိုင်ပါသည်။ ထို့ကြောင့် တရားခံအဖြစ်စွပ်စွဲခံရသည့် ချမ်းသာကျော်သည် အမှုကိုမည်သို့ခုခံချေပရမည်ကို နားမလည်သည့် ကလေးသူငယ်တဦးဖြစ်ကြောင်း ထင်ရှားနေပါသည်။ အမှု၏စီရင်ချက်တွင် ပေါ်ပေါက်ချက်များအရ မုံရွာမြို့နယ်တရားသူကြီးသည် တရားလိုနှင့်တရားလိုပြသက်သေဖြစ်သည့် ရဲတပ်ဖွဲ့ဝင်များ၊ ရယက ဥက္ကဋ္ဌ များနှင့် အမှုစစ်ရဲအရာရှိများ၏ ထွက်ချက်များအပေါ်တွင် အဓိက သုံးသပ်၍ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်ကိုလည်း တွေ့ရှိရသည်။ တရားလိုဖက်မှစွပ်စွဲသည့် သက်သေခံချက်များသည် တရားခံအဖြစ်စွပ်စွဲခံရသူအား တရားစီရင်ရေးအဖွဲ့မှ သံသယဖြစ်စေ

သည့်အချက်များကိုတရားခံဖြစ်သူဖက်မှ ခုခံချေပရှင်းလင်းရန် တာဝန်ရှိသည် ဆိုသည်မှာမှန်သည်။ သို့သော်စွပ်စွဲခံရသူ ကလေးသူငယ်တဦးအနေဖြင့် ထိုသို့လုပ်ဆောင်ရမည် ကိုသိရှိပါရဲ့လားဆိုသည်မှာ မသေချာလှပေ။ မိဘ (သို့မဟုတ်) အုပ်ထိန်းသူများ၏ ထောက်ပံ့ကူညီမှုဖြင့် ဥပဒေတတ်ကျွမ်းနားလည်သူများ၏ အကူအညီကိုလည်းမရရှိခဲ့ပါ။ တရားခံဖြစ်သူ မောင်ချမ်းသာကျော်က အချင်းဖြစ်ပွားသည့်နေရာသို့ ရောက်ရှိခဲ့သော်လည်း ခဲနှင့်ပစ်ပေါက်ခြင်းမရှိ၊ အဝေးမှသာလှမ်း၍ သံဃာများနှင့်ရဲတပ်ဖွဲ့ဝင်များ ရန်ရင်းဆန်ခတ်ဖြစ်နေသည်ကို ကြည့်ရှုနေခြင်းဖြစ်ကြောင်း ကိုယ်တိုင်အစစ်ခံထွက်ဆိုတင်ပြခဲ့သည်။ သို့သော် မုံရွာမြို့နယ်တရားသူကြီးက တရားခံ၏ခုခံချေပချက်ကို ထောက်ခံထွက်ဆိုမည့် တရားခံပြသက်သေမတင်ပြခဲ့သဖြင့် အမှုတွင် ထည့်သွင်းမစဉ်းစားခဲ့ပေ။ ကလေးသူငယ်တဦးအနေဖြင့် ထိုကဲ့သို့သက်သေပြရမည်ဖြစ်ကြောင်း မသိရှိနိုင်ပါ။ မြို့နယ်တရားရုံး၊ တရားသူကြီးအနေဖြင့် ကလေးသူငယ်၏အကျိုးကို ကာကွယ်စောင့်ရှောက်လိုသည့်ဆန္ဒရှိခဲ့လျှင် အမှုစစ်ဆေးနေသည့်ကာလအတွင်း တရားရုံးမှသံသယကင်းစွာ ဆုံးဖြတ်နိုင်ရန်အတွက် တရားလိုနှင့် တရားလိုပြသက်သေများအား တရားရုံးမှ ရုံးမေး၊ မေးခွန်းများ မေးမြန်းခြင်းဖြင့် ဆောင်ရွက်နိုင်ပေသည်။ ပြည်သူ့ဝန်ထမ်းများနှင့် ဖြစ်ပွားသည့် အမှုဖြစ်သည့်အတွက် တရားခံအား အပြစ်ပေးနိုင်ရေးကိုသာ အဓိကထား၍ အမှန်တရားကိုမျက်ကွယ်ပြု စစ်ဆေးစီရင် ဆုံးဖြတ်ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိနိုင်ပါသည်။

အမှုများကိုစစ်ဆေးစီရင်သည့်အခါတွင် နိုင်ငံတော်ဖက်မှ လိုက်ပါဆောင်ရွက်သည့် ဥပဒေအရာရှိ (သို့မဟုတ်) တရားလိုရှေ့နေသည်လည်း မိမိစစ်ဆေးနေသည့်အမှုတွင် တရားခံဖက်က အခွင့်အရေးများရှိသည်ကိုလည်း ညွှန်ပြပေးရမည်မှာ ရှေ့နေရှေ့ရပ်များ၏ ကျင့်ဝတ်နှင့် တာဝန်ဝတ္တရားများပင်ဖြစ်သည်။ မိမိလိုက်ပါဆောင်ရွက်သည့်အမှု နိုင်လိုသည့်စိတ်တခုတည်းဖြင့် အမှုအခင်းများကို လိုက်ပါဆောင်ရွက်ခြင်း မပြုသင့်ပေ။

တရားဥပဒေသည် မျှတခြင်းကိုအခြေခံရသည်။ အများအကျိုးကို ရည်စူးရသည်။ တရားဥပဒေသည် ညီညွတ်ရသည်၊ ထင်ရှား၍ အများနားလည်လက်ခံရသည်။ တရားဥပဒေသည် တဖက်တွင်တည်ငြိမ်ရသည်။ တဖက်တွင်လည်း အတွေးအခေါ်ပြောင်းလဲမှုများနှင့်အညီ တိုးတက်ရသည်။ ဤအင်္ဂါရပ်များ စုံလင်ထက်သန်သည်နှင့်အမျှ တရားဥပဒေကို ပြည်သူတို့ လေးစားလက်ခံကျင့်သုံးကြမည်ဖြစ်သည်။

တရားစီရင်ရာတွင် အမှန်တရားကိုဆုံးဖြတ်ယုံသာမကဘဲ ထိုသို့ အမှန်တရားဆုံးဖြတ်ကြောင်း အများပြည်သူမြင်စေရသည်။ (ပြည်ထောင်စု မြန်မာနိုင်ငံနှင့် မောင်ရွှေပါ (၂) ၁၉၆၆ မြန်မာနိုင်ငံ စီရင်ထုံး၊ စာ-၆၁၆) အစရှိသည့် ဥပဒေဆောင်ပုဒ်များ၊ လမ်းညွှန်ချက်များ၊ စီရင်ထုံးများကိုလည်း သတိမူဆုံးဖြတ်ရန်လိုပါသည်။ ယခုအမှုတွင် ထိုကဲ့သို့ လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ အသက်မပြည့်သေးသည့် ကလေးသူငယ်တဦးအား တရားခွင်တွင် လူကြီးများကဝိုင်း၍ အနိုင်ကျင့်ဆုံးဖြတ်လိုက်သည့် စီရင်ချက်အဖြစ် ခံစားမိပါသည်။ မေလ (၃၀) ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် ဒီပဲယင်းအရေးအခင်းတွင် ဖမ်းဆီးထိန်းသိမ်းထားခြင်းခံရသည့် ကိုရင်လေးများ၊ အသက်မပြည့်သေးသည့်

ကျောင်းသားကလေးသူငယ်များသည် ချမ်းသာအောင်ကဲ့သို့ပင် တရားခွင်တွင် ထပ်မံရင်ဆိုင်ကြုံတွေ့ကြရဦးမည်ဖြစ်ရာ မြန်မာနိုင်ငံ၏ လက်ရှိ တရားဥပဒေစိုးမိုးရေးနှင့် လွတ်လပ်သည့်တရားစီရင်ရေးကို စောင့်ကြည့်နေရဦးမည်သာ ဖြစ်သည်။

## အားကိုးအားထားပြုစာရွက်စာတမ်းများ


၁။ မုံရွာမြို့နယ်တရားရုံး၊ ၂၀၀၃ ခုနှစ်ပြစ်မှုဆိုင်ရာပြစ်မှုကြီးမှုအမှတ် ၄၅၁၈/ ၂၀၀၃

၂။ ၁၉၉၃ ခုနှစ်ကလေးသူငယ်ဥပဒေ

၃။ ၂၀၀၁ ခုနှစ်ကလေးသူငယ်နည်းဥပဒေများ

အခြေခံဥပဒေရေးရာ

# အခြေခံဥပဒေရေးရာ သတင်းအတိုအထွာများ

**မှတ်တမ်းနှင့် သုတေသနဌာန**
**မြန်မာနိုင်ငံရှေ့နေများကောင်စီ**

## ဒီပဲယင်းလုပ်ကြံသတ်ဖြတ်မှု အရေးယူဆောင်ရွက်ရေး ကော်မရှင်ဖွဲ့။

ဒီပဲယင်းလုပ်ကြံသတ်ဖြတ်မှုအရေးယူဆောင်ရွက်ရေးကော်မရှင်သည် ဒီပဲယင်းသတ်ဖြတ်မှုအတွက် အမှန်တရားဖော်ထုတ်ရေး၊ ဒီပဲယင်းသတ်ဖြတ်မှုနှင့်ဆက်စပ်၍ ပြည်တွင်းပြည်ပနှင့် အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်းတွင် ဥပဒေရေးရာ အခြေခံ၍ လူထုတိုက်ပွဲနှင့် ပေါင်းစပ် လုပ်ဆောင်သွားရန် ရည်ရွယ်ချက်ဖြင့်ဖွဲ့စည်းခဲ့ပြီး အဖွဲ့ဝင်လေးဦးပါဝင်ပါသည်။

ကော်မရှင်အား မြန်မာနိုင်ငံရှေ့နေများကောင်စီနှင့် ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားကောင်စီတို့ ပူးပေါင်း၍ ဇွန်လ ၂၅ ရက်နေ့တွင် ထိုင်းမြန်မာနယ်စပ်တနေရာ၌ ဖွဲ့စည်းခဲ့ပြီး ဇူလိုင်လ ၄ ရက်နေ့တွင် ကြိုတင် (ကနဦးအကြမ်းဖျဉ်း) အစီရင်ခံစာတစ်စောင် ထုတ်ပြန်ခဲ့ပါသည်။

မြန်မာအာဏာပိုင်များက လူ ၄ ဦးသေဆုံးပြီး ၅၀ ဦးဒဏ်ရာရရှိခဲ့သည်ဟုဆိုပြီး မျက်မြင်သက်သေများအဆိုအရ သေဆုံးသူပေါင်း ၇၀ ဦးထက်မနည်းရှိနိုင်သည်ဟုဆိုသော ဒီပဲယင်းသတ်ဖြတ်မှုသည် မေလ ၃၀ ရက်နေ့တွင် ဖြစ်ပွားခဲ့ပါသည်။ အနောက်မြောက်တိုင်း စစ်ဌာနချုပ်ထိန်းချုပ်ထားသည့် နယ်မြေအတွင်း ည ၈ နာရီခန့်အချိန်၌ ဒီပဲယင်းမြို့အနီးလမ်းမပေါ်တွင် အထက်မြန်မာပြည်သို့ နိုင်ငံရေးခရီးစဉ်ထွက်နေသည့် ဒေါ်အောင်ဆန်းစုကြည်နှင့် အင်အား (၃၀၀) ခန့်ပါဝင်သည့်ယာဉ်တန်းကို လူအင်အား (၅၀၀၀)ကျော် ရှိသည့် စစ်အစိုးရလိုလားသူများက ဝိုင်းဝန်းပိတ်ဆို့ပြီး အကြမ်းဖက်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အခင်းဖြစ်ပွားရာသို့ (၂) ရက်အကြာတွင် ရောက်ရှိစုံစမ်းခဲ့သော ရန်ကုန်မြို့ အမေရိကန်သံရုံးမှ အရာရှိများက ဒီပဲယင်းတိုက်ခိုက်မှုသည် အစီအစဉ်ရှိရှိ ကြံစည်ခဲ့ပုံရသော အဓိကရုဏ်းကို စစ်အစိုးရလိုလားသူ လူရမ်းကားများက ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း၊ သေဆုံးသူများသည် အစိုးရထုတ်ပြန်သည်ထက် ပို၍ များပြားနိုင်ကြောင်းဆိုပါသည်။

ဒီပဲယင်းလုပ်ကြံသတ်ဖြတ်မှုအရေးယူဆောင်ရွက်ရေးကော်မရှင်အပါအဝင် နိုင်ငံတကာမှ လူအများက ထိုလုပ်ကြံသတ်ဖြတ်မှုသည် အစီအစဉ်ရှိရှိ ကျူးလွန်သော ရာဇဝတ်မှုဖြစ်ကြောင်း အချက်အလက်များဖြင့် အခိုင်အမာ စွဲစွပ်ထားပါသည်။

လုပ်ကြံသတ်ဖြတ်မှုနှင့်ပတ်သက်၍ လုပ်ဆောင်မှုများသည် နိုင်ငံရေးသက်သက်မဟုတ်ပဲ နစ်နာခဲ့သူများအတွက် တရားမျှတမှုရှာဖွေပေးရန်ဖြစ်ကြောင်း၊ ထိုလုပ်ကြံသတ်ဖြတ်မှုသည် ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင်များနှင့်သာ အဓိက သက်ဆိုင်သည် မဟုတ်ပဲ မြန်မာပြည်လူ့အဖွဲ့အစည်းတခုလုံးနှင့် သက်ဆိုင်နေကြောင်း ကော်မရှင်၏ ကြိုတင်အစီရင်ခံတွင် ဖော်ပြထားပါသည်။

## ဦးနေဝင်းသမက်နှင့် မြေးများအယူခံ ဒုတိယအကြိမ်ပယ်ချခံရ။

လက်ရှိစစ်အစိုးရကို ဖြုတ်ချအာဏာသိမ်းရန် ကြံစည်မှုဖြင့် အာဏာရှင်ဟောင်း ဦးနေဝင်း၏ သမက် ဦးအေးဇော်ဝင်း၊ မြေးများဖြစ်ကြသည့် အေးနေဝင်း၊ ကျော်နေဝင်းနှင့် ဇွဲနေဝင်းတို့၏ ဒုတိယ အကြိမ်မြောက်အယူခံကို ဩဂုတ်လ ၁၅ ရက်နေ့တွင် မြန်မာအထူးတရားရုံးက ပယ်ချလိုက်ပါသည်။ လွန်ခဲ့သောနှစ် ၂၀၀၂ ခုနှစ် မတ်လတွင် စစ်တပ်အရာရှိအချို့အားစည်းရုံးပြီး အာဏာသိမ်းရန် ကြံစည်မှုဖြင့် ဦးအေးဇော်ဝင်းနှင့်သားသုံးဦးအား နအဖမှဖမ်းဆီးခဲ့ပြီး၊ စက်တင်ဘာလတွင် သေဒဏ် ချမှတ်ခဲ့ပါသည်။

၂၀၀၂ ခုနှစ် ဒီဇင်ဘာလတွင် ပထမဦးဆုံးအကြိမ် အယူခံဝင်ခဲ့သော်လည်း ပယ်ချခြင်းခံခဲ့ရပါသည်။ ၎င်းတို့အနေဖြင့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ အသနားခံလွှာတင်သွင်းရန်သာကျန်ပါသည်။ ဥပဒေကြောင်းအရ တရားရုံးလုပ်ငန်းအဆင့်ဆင့်ဖြင့် အယူခံဝင်ပြီးဖြစ်၍ ၎င်းတို့၏ ကံကြမ္မာသည် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဆုံးဖြတ်ချက်အပေါ်တွင် မူတည်နေပါသည်။

## မြန်မာပြည်လွတ်မြောက်ရေးနှင့် ဒီမိုကရေစီအက်ဥပဒေ ၂၀၀၃ အား အတည်ပြု။

သက်တမ်း ၃ နှစ်ရှိမည်ဖြစ်သည့် မြန်မာပြည်ဆိုင်ရာ ပိတ်ဆို့ရေးဥပဒေကြမ်းအား အောက်လွှတ်တော်က ဇူလိုင်လ ၁၅ ရက်နေ့တွင် (၄၁၈ မဲ ၂ မဲ)နှင့် အထက်လွှတ်တော် ဆီးနိတ်က ဇွန်လတွင် (၉၇ မဲ ၁ မဲ) ဖြင့် လွှတ်တော်နှစ်ရပ်စလုံးမှ အတည်ပြုခဲ့ပြီး၊ အမေရိကန်ပြည်ထောင်စု သမတ ဂျော့ချ် ဒဗလျူ ဘုရှ်က ဇူလိုင်လ ၂၈ ရက်နေ့တွင် လက်မှတ်ရေးထိုး၍ အတည်ပြုလိုက်ပါသည်။

မြန်မာပြည်လွတ်မြောက်ရေးနှင့် ဒီမိုကရေစီအက်ဥပဒေ ၂၀၀၃တွင် ပုဒ်မ ၈ ခုပါဝင်ပါသည်။ ပုဒ်မ ၁ တွင် ဥပဒေအမည်သတ်မှတ်ချက်ကိုဖော်ပြထားပြီး ပုဒ်မ ၂ တွင် အမေရိကန်ပြည်ထောင်စု ကွန်ကရက်၏ ရှာဖွေတွေ့ရှိချက် ၁၂ ချက်ကို ဖော်ပြထားပါသည်။ ပုဒ်မ ၃ မှာတော့ မြန်မာပြည် စစ်အစိုးရကို အထောက်အပံ့ပေးနေသည့် ကုန်သွယ်ရေးကို ပိတ်ဆို့ရေးနှင့်သက်ဆိုင်သော အချက်များ ပါဝင်ပြီး၊ ပုဒ်မ ၄ တွင် အမေရိကန်ပြည်ထောင်စုရှိ စစ်အစိုးရခေါင်းဆောင်များနှင့် ၎င်းတို့၏ ဆွေမျိုးသားချင်းများပိုင်ဆိုင်သော ဘဏ္ဍာငွေများကို ရှာဖွေသိမ်းဆည်းရေးဆိုင်ရာ အချက်များပါဝင်ပါသည်။ အမေရိကန်ပါဝင်သော နိုင်ငံခြားကြွေးမြီများနှင့် အတတ်ပညာများ ထောက်ပံ့ပေးသည့် အဖွဲ့အစည်းများတွင် ဤဥပဒေ ပုဒ်မ ၃ ပုဒ်မခွဲ (က)(၃)တွင်ဖော်ပြထားချက်များရှိနေသရွေ့ မြန်မာနိုင်ငံအတွက် အထောက်အပံ့တိုးမြှင့်ပေးအပ်ခြင်းကို ဆန့်ကျင်ကန့်ကွက် မဲပေးရန်ကို ပုဒ်မ ၅ တွင် ဖော်ပြထားပါသည်။ ပုဒ်မ ၆ မှာတော့ လက်ရှိ စစ်အစိုးရခေါင်းဆောင်များနှင့် အစိုးရလက်ကိုင်တုတ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်းခေါင်းဆောင်များ သို့မဟုတ် ခေါင်းဆောင်ဟောင်းများအား ပြည်ဝင်ခွင့်ဗီဇာပိတ်ပစ်ရေးနှင့် စပ်လျဉ်းသည့်အချက်များပါဝင်ပြီး၊ ပုဒ်မ ၇ တွင် စစ်အစိုးရအား ရှုတ်ချခြင်းနှင့် သတင်းအချက်အလက်များ ဖြန့်ဖြူးခြင်းဖြင့် စစ်အစိုးရ၏ ဆိုးဝါးသောလုပ်ရပ်များကို ဖော်ပြ၍ နိုင်ငံတကာအသိုင်းအဝန်းသို့ အသိပေးရေးနှင့် ပုဒ်မ ၈ တွင် ဒီမိုကရေစီရေးလှုပ်ရှားနေသူများအား ထောက်ပံ့ကူညီရေးဆိုင်ရာ အချက်များပါဝင်ပါသည်။

### အမေရိကန်ပြည်ထောင်စုနှင့် ဥရောပယူနီယံတို့ တရားခံလွှဲပြောင်းပေးရေးစာချုပ် ချုပ်ဆို။

အကြမ်းဖက်မှုတိုက်ဖျက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှု အရှိန်တိုးမြှင့်ရန်နှင့် သံသယရှိသူများကို လျင်မြန်စွာ ရုံးတင်စစ်ဆေးရန်ရည်ရွယ်သည့် ဇွန်လ ၂၅ ရက်နေ့ (ဗုဒ္ဓဟူးနေ့) ဝါရှင်တန်တွင် ကျင်းပခဲ့သော တွေ့ဆုံဆွေးနွေးပွဲတွင် အမေရိကန်ပြည်ထောင်စုနှင့် ဥရောပယူနီယံတို့ တရားခံလွှဲပြောင်းပေးရေး စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပါသည်။

ထိုစာချုပ်နှင့်အတူ နိုင်ငံအချင်းချင်းကြား နယ်စပ်ဒေသဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်ရေး ဒုတိယမြောက်သဘောတူညီချက်ကိုလည်း အမေရိကန်ပြည်ထောင်စု ရှေ့နေချုပ် ဂျွန် အက်ရှ်ခရော့ John Ashcroft နှင့် ဥရောပယူနီယံကိုယ်စားလှယ်ဖြစ်သူ ဂရိ တရားရေးဝန်ကြီး ဖီးလစ်ပို ပက်စနီကို Philippos Petsalnikos တို့က လက်မှတ်ရေးထိုးခဲ့ပါသည်။

ယခုသဘောတူညီချက်များသည် အမေရိကန်ပြည်ထောင်စုနှင့် ဥရောပယူနီယံအဖွဲ့ဝင် နိုင်ငံများအကြား နှစ်နိုင်ငံကြား ရှိပြီးသားသဘောတူညီချက်များကို အစားထိုးမည်မဟုတ်ချေ။ သို့သော်လည်း ရှိပြီးသားအနည်းဆုံး ထောင်ဒဏ်တနှစ်အပြစ်ပေးနိုင်သည့် "သီးသန့်သတ်မှတ်ထားသော ရာဇဝတ်ကျူးလွန်ခြင်းများ" ("specified criminal offences") အတွက် နှစ်နိုင်ငံကြား သဘောတူညီချက်ကို ပြဋ္ဌာန်းချက်များက လွှမ်းမိုးသွားမည်ဖြစ်သည်။

ယခုသဘောတူညီချက်သည် ဥပဒေအရတည်ထောင်ထားသော ဘက်လိုက်မှုမရှိသော ခုံရုံး၏ စီရင်ဆုံးဖြတ်ခြင်းကိုခံယူပိုင်ခွင့်အပါအဝင် သံသယရှိသူများအတွက် တရားမျှတသော စီရင်စစ်ဆေးခြင်း ခံယူပိုင်ခွင့်ကို အာမခံပေးထားပါသည်။

သေဒဏ်အပြစ်ပေးခြင်းကိုဆန့်ကျင်သော ဥပရောပယူနီယံအဖွဲ့ဝင်နိုင်ငံအားလုံးသည် သေဒဏ်အပြစ်ပေးခြင်းကိုအသုံးပြုသော အမေရိကန်ပြည်ထောင်စုသို့ တရားခံလွှဲပြောင်းပေးခြင်းခံရသော ၎င်းတို့၏နိုင်ငံသားများအား သေဒဏ်မချမှတ်ရန် စာချုပ်အရ အာမခံချက်ရရှိထားပါသည်။ (The Nation, 27/6/2003)

### အဂတိလိုက်စားမှုဖြင့် ဘူတို အပြစ်ဒဏ်ချမှတ်ခံရ။

ဆွစ်ဇ် အာဏာပိုင်များက ပါကစ္စတန် ဝန်ကြီးချုပ်ဟောင်း ဘေနာဇီယာ ဘူတိုနှင့် သူမ၏ ခင်ပွန်း အစီ ဇာဒါရီတို့အား အဂတိလိုက်စားမှုဖြင့် တဦးလျှင် ဆိုင်းငံ့ထောင်ဒဏ်ခြောက်လနှင့် ငွေဒဏ် အမေရိကန် ဒေါ်လာ ၅ သောင်း (ဘတ် ၂ ဒသမ ၁ သန်း) ချမှတ်လိုက်ကြောင်း ၎င်းတို့၏ ရှေ့နေက သြဂုတ်လ ၇ ရက်နေ့က ကြေညာလိုက်ပါသည်။ ဆွစ်ဇ်စီးပွားရေးလုပ်ငန်း SGS ပါဝင်ပတ်သက်နေသော အဂတိလိုက်စားမှုအား ၅ နှစ်ကြာ စုံစမ်းစစ်ဆေးပြီးမှ ထွက်ပေါ်လာသော အမိန့်အား ဆွစ်ဇ် အစိုးရထံ တနင်္လာနေ့ (သြဂုတ်လ ၄ ရက်နေ့) က တင်ပြအကြောင်းကြားခဲ့ကြောင်းသိရပါသည်။ အမှုမှာ ဘူတို၏ ဒုတိယသက်တမ်း (၁၉၉၃–၁၉၉၆) အတွင်း SGS အား ပို့ကုန်များအား စုံစမ်းစစ်ဆေးရန် ကန်ထရိုက်ပေးခြင်းဖြင့် ပုဂ္ဂလိကကော်မရှင်အဖြစ် ဒေါ်လာသန်းပေါင်းများစွာ လက်ခံရယူသည့်စွပ်စွဲချက်များနှင့် ပါတ်သက်သည့်အမှုဖြစ်ပါသည်။ (The Nation, 6/8/2003)

### အတိုက်အခံတဦးအပေါ် တရားစီရင်စစ်ဆေးခြင်း လျှို့ဝှက်စွာပြုလုပ်။

တရုတ်နိုင်ငံ၏ တရားစီရင်ရေးစနစ်အပေါ် အပြည်ပြည်ဆိုင်ရာမှ ဝေဖန်မှုများဖြစ်ပေါ်စေခဲ့သည့် အမေရိကန်နိုင်ငံ ဘော့စတွန်အခြေစိုက် တရုတ်ပညာရှင်တဦးအား တိုင်ဝမ်နိုင်ငံအတွက်သူလျှိုပြုလုပ်မှုစွဲချက်ဖြင့် သုံးနာရီကြာ တံခါးပိတ်တရားစီရင်စစ်ဆေးခြင်းကို တရုတ်နိုင်ငံက သြဂုတ်လ ၄ ရက်နေ့တွင် ပြုလုပ်ခဲ့ကြောင်းသိရပါသည်။

စွပ်စွဲခံရသူ ယန် ဂျီယန်လီ Yang Jianli သည် အမေရိကန်နိုင်ငံတွင် အမြဲတမ်းနေထိုင်သူ၊ ဒီမိုကရေစီလိုလားသူဖြစ်ပြီး၊ တရုတ်နိုင်ငံသို့ တရားမဝင်ခိုးဝင်မှုအပါအဝင် ၎င်းအပေါ် စွပ်စွဲချက်များအတွက်အပြစ်မရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။ မည်သည့်အချိန်တွင် ဆုံးဖြတ်ချက်ချမည်ဆိုသည်ကို တိတိကျကျမသိရသေးသော်လည်း အများစုက တရားရုံးသည် အပြစ်ရှိကြောင်းအမိန့်စီရင်ချက်ကို ချမှတ်မည်ဟု ထင်မြင်နေကြပါသည်။

ယန်၏ ဇနီးဖြစ်သူ ခရစ်တီးနား ဖူး Christina Fu က ပီကင်း အမှတ် (၂) အလယ်အလတ်ပြည်သူ့တရားရုံးက ၎င်း၏စီရင်ချက်အမိန့်ကို မကြာမီထုတ်ပြန်လိမ့်မည်ဟု ဆိုပါသည်။

ယန် ဂျီယန်လီ သည် သူလျှိုဖြစ်ကြောင်းသက်သေပြရန် အဓိကကျသောအချက်အလက်များ တရုတ်အာဏာပိုင်တွင်မရှိကြောင်း ဖူး က ဆိုပါသည်။ (The Nation, 5/8/2003)

## အာဏာသိမ်းမှုဖြင့် ဖီဂျီ ဒုတိယသမတ တရားစွဲဆိုခံရ။

လွန်ခဲ့သောသုံးနှစ်က တောင်ပစိဖိတ်နိုင်ငံတစ်နိုင်ငံဖြစ်သော ဖီဂျီတွင် ဒီမိုကရက်တစ်အစိုးရကို ဖြုတ်ချ၍ အမျိုးသားရေးဝါဒီများ၏အာဏာသိမ်းမှုတွင် ပါဝင်ပတ်သက်မှုဖြင့် မေလ ၈ ရက်နေ့တွင် ဖီဂျီဒုတိယသမတ ရာတူ ဂျုပ် ဆီနေးလ်လိုလီ Ratu Jope Seniloli တရားစွဲဆိုခံခဲ့ရပါသည်။ ကြီးလေးသောပြစ်မှုကိုကျူးလွန်ရန် သစ္စာပြုခြင်းနှင့် အစိုးရအား အကြည်အညိုပျက်အောင် ပြုလုပ်မှုဖြင့် တရားစွဲဆိုထားပါသည်။ ၎င်းအားစစ်ဆေးရာ မြို့တော်ဆူဗာရှိ တရားရုံးကို ရဲများက လုံခြုံရေးအထပ်ထပ် ချထားခဲ့ပါသည်။ ထိုပြစ်မှုနှစ်ခုစလုံးသည် အများဆုံး သေဒဏ်အထိ ချမှတ်နိုင်ပါသည်။ ဖီဂျီနိုင်ငံတွင် သေဒဏ်အပြစ်ပေးခြင်းအား ပယ်ဖျက်ရန် လှုပ်ရှားဆောင်ရွက်မှုများရှိနေပြီး ယခုနှစ်များအတွင်း တဦးတယောက်ကိုမျှ ကွပ်မျက်ခြင်းမရှိဟုဆိုသည်။

လူငယ်၊ အားကစားနှင့် အလုပ်အကိုင်ရေးရာ ဝန်ကြီးဖြစ်သူ ဆီရီလီ လီဝီနီကီးလာ Sireli Leweniqila ၊ ဖြုတ်ချခံရသော အစိုးရအဖွဲ့ ဥပဒေရေးဆွဲသူ နှစ်ဦးဖြစ်သည့် ပီဆီလီ ရီနာကမာ Peceli Rinakama နှင့် ဗီလီယာမီ ဗိုလာဗိုလာ Viliame Volavola နှင့် တခြား အာဏာသိမ်းမှုနှင့်ဆက်နွှယ်သော ပြစ်မှုအတွက် လက်ရှိထောင်ဒဏ်ကျခံနေရသူ ဖီဂျီအမျိုးသားရေးဝါဒီ ဗီလီယာမီ ဆာဗူ Viliame Savu တို့ကိုလည်း ဆီနေးလ်လိုလီ နှင့်အတူ တရားရုံးတွင် တွေ့ရပါသည်။

ဆီနေးလ်လိုလီသည် အာဏာသိမ်းမှုနှင့် ဆက်နွှယ်ပြီး တရားစွဲဆိုခြင်းခံရသော အဆင့်အမြင့်ဆုံး အစိုးရအရာရှိတဦး ဖြစ်ပါသည်။ ၎င်းအပေါ် စွဲချက်များသည် မအောင်မြင်သော စီးပွားရေးသမား ဂျော့ စပိတ် (လွန်ခဲ့သောနှစ်တွင် နိုင်ငံတော်သစ္စာဖောက်မှုဖြင့် အပြစ်ရှိကြောင်း ထောင်ဒဏ်တသက်ချမှတ်ခံခဲ့ရသူ)၏ အာဏာသိမ်းမှုအပြီး ချက်ချင်းဆိုသလိုထူထောင်ခဲ့သော တရားမဝင် ဖီဂျီအမျိုးသားရေးဝါဒီအစိုးရတွင် သမတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့ခြင်းနှင့် ဆက်စပ်နေပါသည်။

ထိုတရားခံလေးဦးအား ကတိခံဝန်ချုပ်ဖြင့်လွှတ်ပေးခဲ့ပြီး၊ ၎င်းတို့၏ ပတ်စ်ပို့ (နိုင်ငံကူးလက်မှတ်) များ  တရားရုံးသို့အပ်နှံထားရန် အမိန့်ပေးထားပါသည်။ (The Nation, 9/5/2003)

## သမတဟောင်းကျန့်ဇီမင်းအား စွဲချက်တင်လိုက်ခြင်း။

တရုတ်ပြည်မှာ တားမြစ်ပိတ်ပင်ထားတဲ့ ဖာလောင်ဂွန်း ဘာသာရေးလုပ်ရှားမှုအဖွဲ့ရဲ့ အဖွဲ့ဝင်အများအပြားက တရုတ်သမတဟောင်း ကျန်ဇီမင်းနဲ့ တခြားအရာရှိနှစ်ဦးကို ညှင်းပမ်းနှိပ်စက်မှု၊ လူမျိုးတုန်းသတ်ဖြတ်မှု၊ လူသားအချင်းချင်းအပေါ်ကျူးလွန်သောပြစ်မှု၊ စတဲ့ စွဲချက်တွေနဲ့ စွဲချက်တင်ခဲ့ပါသည်။ အခုစွပ်စွဲထားတဲ့ ပြစ်မှုတွေဟာ ဘယ်လဂျီယံနဲ့ ဆက်နွှယ်မှုရှိလျှင်

လူ့အခွင့်အရေးဆိုင်ရာ ဥပဒေသစ်အရ ဘယ်လဂျီယံနိုင်ငံမှာ တရားစွဲဆိုပိုင်ခွင့်ရှိတယ်လို့သိရပါတယ်။

တရားစွဲဆိုတဲ့ ဖာလောင်ဂွန်းအဖွဲ့ဝင်များအနက် အချို့ဟာ ဘယ်လ်ဂျီယံနိုင်ငံသားတွေ ဖြစ်ကြပါတယ်။ စွဲချက်တင်ထားသူများရဲ့ ရှေ့နေက မစ္စတာကျန်ဇီမင်းနဲ့ သူ့ရဲ့အာဏာပိုင်များကို ကြောက်မက်ဖွယ်ရာ မျိုးတုန်းသတ်ဖြတ်မှုနဲ့ ဥပဒေအရ အရေးယူသင့်တယ်လို့ ပြောကြားခဲ့ပါတယ်။ (BBC, 21/8/2003)

**တောင်အာဖရိကနိုင်ငံ အသားအရောင်ခွဲခြားမှုမှ အကျိုးအမြတ်ရယူသည့်**
**နိုင်ငံတကာကုမ္ပဏီများအား တရားစွဲဆို။**

တောင်အာဖရိကတွင် အသားအရောင်ခွဲခြားခြင်းမှ အကျိုးအမြတ်ရယူခဲ့သည်ဟု စွပ်စွဲခံရသော နိုင်ငံတကာကုမ္ပဏီပေါင်း ၃၄ ခု အမှုအား နိုဝင်ဘာလ ၆ ရက်နေ့ တွင် အမေရိကန်ပြည်ထောင်စု ပြည်ထောင်စုတရားရုံးက ကြားနာစစ်ဆေးမည်ဟုသိရပါသည်။ ထိုအမှုတွင် ရှေ့နေကြီး အဒ် ဖာဂန် Ed Fagan က ထောင်ပေါင်းများစွာသော တောင်အာဖရိကနိုင်ငံသားများကိုယ်စား အမှုတွင် လိုက်ပါဆောင်ရွက်မည်ဖြစ်ပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအပေါ် ဆိုးဝါးသော အကျိုးသက်ရောက်မှုရှိလာနိုင်သည်ကိုစိုးရိမ်၍ တောင်အာဖရိကအစိုးရက ဤတရာစွဲဆိုမှုကို ထောက်ခံအားပေးခြင်းမရှိပေ။ (BBC, 20/5/2003)

**အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးမှ အမေရိကန် တပ်ဖွဲ့များအပေါ်တရားစွဲဆိုခြင်းအား**
**တောင်အာဖရိကမှ အကာ အကွယ်ပေးမည်မဟုတ်ဟု ဆို။**

အပြည်ပြည်ဆိုင်ရာဇဝတ်တရားရုံး(အိုင်စီစီ)မှ အမေရိကန်တပ်ဖွဲ့များအပေါ် တရားစွဲဆိုခြင်းအား အကာအကွယ်ပေးရန် ၎င်းတို့အစိုးရအနေဖြင့် အမေရိကန်နှင့် နှစ်နိုင်ငံသဘောတူချက် ပြုလုပ်လိမ့်မည်မဟုတ်ကြောင်း တောင်အာဖရိကအစိုးရက ဇူလိုင်လ ၂၄ ရက်နေ့က ပြောကြားခဲ့ပါသည်။

ကက်ဘိနက်က တောင်အာဖရိကအစိုးရသည် အမေရိကန်ပြည်ထောင်စုနှင့် သင့်တင့်လျောက်ပတ်သော နည်းလမ်းများဖြင့် ဆက်ဆံသွားမည်ဖြစ်ကြောင်း၊ သို့သော် နှစ်နိုင်ငံသဘောတူညီချက်ပြုလုပ်လိမ့်မည်မဟုတ်ဟု ထပ်မံပြောကြားခဲ့ပါသည်။

အမေရိကန်နိုင်ငံသားများအား တရားစွဲဆိုခြင်းမှ ကင်းလွတ်ခွင့်ပေးရန် အာမခံချက်မပေးသည့် အကြောင်းပြချက်ဖြင့် တခြားအာဖရိကနိုင်ငံပေါင်း ၃၄ နိုင်ငံအပါအဝင် တောင်အာဖရိကနိုင်ငံအား အမေရိကန်ပြည်ထောင်စုမှ စစ်ဘက်ဆိုင်ရာ အထောက်အပံ့ပေးခြင်းဆိုင်းငံ့ခဲ့ပြီး၊ သဘောတူညီချက်ပြုလုပ်ရန် ငြင်းဆိုခြင်း သို့မဟုတ် ပျက်ကွက်ခြင်းကြောင့် စစ်ဘက်အကူအညီ ဒေါ်လာသန်းပေါင်းများစွာအား ဆိုင်ငံ့ထားပါသည်။

တောင်အာဖရိက၏ ရပ်တည်ချက်သည် အိုင်စီစီ၏ လူသားချင်းစာနာထောက်ထားသော ဦးတည်ချက်များအား လိုက်နာဆောင်ရွက်ရန် တာဝန်ယူကတိကဝတ်ပြုထားခြင်းနှင့် နိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် အချက်များအပေါ်တွင် အခြေခံခြင်းဖြစ်သည်ဟု ကက်ဘိနက်အဖွဲ့ကဆိုပါသည်။

အမေရိကန်ပြည်ထောင်စုမှ စစ်ဘက်ဆိုင်ရာအထောက်အပံ့ပေးမှု အဆုံးသတ်ရန် ဆုံးဖြတ်လိုက်ခြင်းရလာဒ်ဖြစ်သော စစ်ဘက်ဆိုင်ရာ အားနည်းကျဆင်းမှုပမာဏအား ကာကွယ်ရေးဌာန၏ ပုံမှန်ငွေကြေးလည်ပတ်မှုဖြင့် အခြေအနေအား ထိန်းညှိလုပ်ဆောင်ကာ ဖြေရှင်းနိုင်မည်ဟု ၎င်းတို့က ဆိုပါသည်။ (BuaNews (Pretoria) 24/72003)

**အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံး တရားလိုရှေ့နေခေါင်းဆောင်ရွေးကောက်။**

သက္ကရာဇ် ၂၀၀၃ ခုနှစ်၊ ဧပြီလ ၂၁ ရက်၊ တနင်္လာနေ့တွင် အာဂျင်တီးနားနိုင်ငံမှ ရှေ့နေတဦးဖြစ်သူ လူးဝစ် မော်ရီးနို အော့ကမ်းပို(Luis Moreno Ocampo)အား ကမ္ဘာ့ပထမဦးဆုံးသော အမြဲတမ်းရာဇဝတ်တရားရုံး တရားလိုရှေ့နေချုပ်အဖြစ် တရားရုံးအုပ်ချုပ်ရေးညီလာခံ (governing assembly) မှ ထောက်ခံမဲ ၇၈ မဲ၊ ကန့်ကွက်မဲမရှိ ကန့်ကွက်သူမရှိ မဲပေးရွေးချယ်ခဲ့ပါသည်။

သူသည် ၁၉၇၀ နှောင်းပိုင်းနှစ်များနှင့် ၁၉၈၀ အစောပိုင်းကာလ၌ အာဂျင်တီးနား၏ "Dirty War" အတွက် တာဝန်ရှိသူစစ်အစိုးရကို အပြစ်ပေးအရေးယူနိုင်ရန် ကူညီဆောင်ရွက်ပေးခဲ့သူဖြစ်ပါသည်။

မစ္စတာမော်ရီးနိုသည် ရာဇဝတ်မှု (ပြစ်မှု)နှင့် လူ့အခွင့်အရေးဥပဒေ၊ အလွဲသုံးစားမှုထိန်းချုပ်ရေးအစီအစဉ်နှင့် အငြင်းပွားမှုဖြေရှင်းရေးတို့ကို အထူးသဖြင့်ဆောင်ရွက်ပေးသော ဗျူနိုအေးရိ (Buenos Aires)ရှိ ဥပဒေအကျိုးဆောင်အဖွဲ့တွင် ၁၉၉၂ ခုနှစ်ကတည်းက ပူးတွဲလုပ်ဆောင်ခဲ့သူတဦးဖြစ်ပါသည်။

သူသည် ၂၀၀၁ ခုနှစ်တွင် အီတလီမှ နစ်နာသူများ၏ တောင်းဆိုချက်ဖြစ်သည့် တရားခံနာဇီအရာရှိ အဲရစ်ချ် ပရိဘ်က် (Erich Priebke) လွှဲပြောင်းပေးရေး၌လည်းကောင်း၊ ၁၉၇၄ ခုနှစ်တွင် ချီလီ ဗိုလ်ချုပ်ကြီး ကားလို့ ပရက်အား သတ်ဖြတ်မှုဖြင့်စွပ်စွဲခံရသူ ချီလီ လျှို့ဝှက်ပုလိပ်အရာရှိ၏ ၂၀၀၂ ခုနှစ်အတွင်း ရုံးတင်စစ်ဆေးမှုများတွင် နစ်နာခဲ့သူများဘက်မှ ကိုယ်စားပြုဆောင်ရွက်ခဲ့ဖူးသူလည်း ဖြစ်ပါသည်။

၎င်းမှ ကျမ်းသစ္စာကျိန်ဆိုပြီး သူ့ဝန်ထမ်းများအား နေရာချပြီးနောက် တင်ပြလာသော အမှုများကို စတင်အမှုဖွင့်ဖို့အတွက် လပေါင်းအနည်းငယ်ကြာဦးမည်ဖြစ်ပါသည်။ (AP)

**လုံခြုံရေးကောင်စီမှ ၎င်း၏ ဆုံးဖြတ်ချက် ၁၄၂၂ ကို သက်တမ်းတိုးမြှင့်လိုက်။**

ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် ကုလသမဂ္ဂ ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များအား အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံး (အိုင်စီစီ) ၏ တရားစီရင်ပိုင်ခွင့်မှ ကင်းလွတ်ခွင့်ပြုသည့် ဆုံးဖြတ်ချက် ၁၄၂၂ ကို သက်တမ်းတိုးမြှင့်လိုက်ပါသည်။ လူ့အခွင့်အရေးထောက်ခံအားပေးသူများက ဤကဲ့သို့ ဆုံးဖြတ်ချက်သက်တမ်းတိုးမြှင့်လိုက်ခြင်းသည် အမေရိကန်မှ တရားရုံး (အိုင်စီစီ) အား အားနည်းသွားစေရန်ပြုလုပ်ခြင်းကို ရောင်ပြန်ဟပ်ခြင်းဖြစ်ကြောင်းဆိုပါသည်။ (ABS-CBN News)

**တရားစွဲဆိုခြင်းမှ ကင်းလွတ်ခွင့်မပြုသည့်အတွက် စစ်ဘက်ဆိုင်ရာအကူအညီများရပ်ဆိုင်း။**

အမေရိကန်ပြည်ထောင်စုသည် နိုင်ငံပေါင်း ၅၀ နီးပါးအား အပြည်ပြည်ဆိုင်ရာရာဇဝတ်တရားရုံးအားထောက်ခံအားပေးပြီး အမေရိကန်နိုင်ငံသားများအား တရားစွဲဆိုခြင်းမှ ကင်းလွတ်ခွင့်မပြုသည့်အတွက် အမေရိကန်၏ စစ်ဘက်ဆိုင်ရာ အကူအညီမရရှိနိုင်တော့ကြောင်း ကြေညာခဲ့ပါသည်။ သမတ ဘုရှ်က အမေရိကန်နှင့် တရားစွဲဆိုခြင်းမှ ကင်းလွတ်ခွင့် သဘောတူညီချက်လက်မှတ်မထိုးသော နိုင်ငံပေါင်း ၂၂ နိုင်ငံအား စစ်ဘက်ဆိုင်ရာအကူအညီပေးခြင်းအား ဥပဒေကြောင်းအရရပ်သိမ်းသော လက်မှတ်ရေးထိုးခဲ့ပြီးကြောင်း၊ မြောက်အတ္တလန်တိတ် စစ်စာချုပ်အဖွဲ့ဝင်အဖြစ်လျှောက်ထားသော ကိုလံဘီယာနှင့် တခြားခြောက်နိုင်ငံတို့သည် တရားစွဲဆိုခြင်းမှ ကင်းလွတ်ရေးသဘောတူညီချက်ပြုလုပ်သည့် နိုင်ငံများတွင် မပါဝင်ကြောင်း သိရပါသည်။ (Reuters)

## မီလိုဆီဗစ်အမှု၊ တရားလိုဘက်မှအမှုနှင့်ပတ်သက်၍ အပြီးသတ်ရန်ရက်သတ်မှတ်။

ဒုတိယကမ္ဘာစစ်အပြီး ဥရောပတွင် အကြီးဆုံးစစ်ရာဇဝတ်မှုဖြစ်သော ဆလိုဗိုဒန် မီလိုဆီဗစ်အမှုတွင် တရားသူကြီးမှ တရားလိုများအား အမှုနှင့်ပါတ်သက်၍ ရက်ပေါင်း ၁၀၀ အတွင်း (ယခုနှစ်မကုန်မီ) အပြီးသတ်ရန် အမိန့်ချမှတ်လိုက်ပါသည်။ ထိုသို့ အပြီးသတ်ရန် နောက်ဆုံးရက် သတ်မှတ်ပေးလိုက်သဖြင့် မိမိအမှုကို မိမိဘာသာတရားရုံးတွင် ခုခံချေပနေသည့် မီလိုဆီဗစ်အနေဖြင့် ၂၀၀၄ ခုနှစ် အစောပိုင်းတွင် ခုခံချေပမှုကို စတင်ရလိမ့်မည်ဟု မျှော်လင့်ရပါသည်။

၂၀၀၂ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်သည့် အမှုစစ်ဆေးကြားနာခြင်းသည် မီလိုဆီဗစ်၏ မကြာခဏ မကျန်းမာမှုကြောင့် အနှောင့်အယှက်ဖြစ်ခဲ့ရပါသည်။ ဆယ်စုနှစ် တခုနီးပါးကြာမြင့်ခဲ့သည့် ပဋိပက္ခသုံးခုကိုခြုံ၍ သက်သေပေါင်း ၁၈၀ ကျော်ကိုကြားနာစစ်ဆေးခဲ့ပြီးဖြစ်ပါသည်။

တရားသူကြီး၏ စီရင်ချက်အမိန့်တွင် မျက်မြင်သက်သေပေါင်း ၁၇၀ ကျော်အား မေလ ၁၆ ရက်နေ့မှ စ၍ ရက်ပေါင်း ၁၀၀ အတွင်း အပြီးသတ်ခေါ်ယူရမည်ဟု ဆိုပါသည်။ တရားလိုရှေ့နေများက လွန်ခဲ့သောမေလအတွင်း အမှုနှင့်ပါတ်သက်ပြီးအပြီးသတ်ရန် လွန်ခဲ့သောနှစ်က နောက်ဆုံးရက် သတ်မှတ်ပေးသည့်စီရင်ချက်ပါသတ်မှတ်ထားသည့်အတိုင်း အချိန်မှီမပြီးစီးနိုင်ကြောင်း၊ အချိန်အနည်း ငယ်ထပ်ပေးရန် ယခုလအစောပိုင်းက အယူခံဝင်ခဲ့ပါသည်။ (The Nation, 21/5/2003)

## အိုင်စီတီအာ၏ တရားလိုရှေ့နေချုပ်အစားထိုးခန့်အပ်ရေး ကုလသမဂ္ဂကစဉ်းစား။

ရဝမ်ဒါနိုင်ငံဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး၏ တရားလိုရှေ့နေချုပ် ကာလာ ဒဲလ် ပွန်တီသည် စက်တင်ဘာလတွင်ကုန်ဆုံးတော့မည်ဖြစ်ရာ ၎င်းရာထူးနေရာအတွက် လူစားထိုးရန် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး ကိုဖီ အာနန်မှ စဉ်းစားလျှက်ရှိပါသည်။ ၁၉၉၄ ခုနှစ် လူများအား မျိုးဖြုတ်သက်ဖြတ်မှု (Genocide) ကို အဆုံးသက်စေပြီး အာဏာရယူခဲ့သော တွတ်ဆီလူမျိုးများ ခေါင်းဆောင်သည့် ရာဝမ်ဒါမျိုးချစ်တပ်မတော်၏ မတရားပြုလုပ်မှုများကို စုံစမ်းစစ်ဆေးရန်လုပ် ဆောင်မှု အကျိုးရလာဒ်အဖြစ် ရာဝမ်ဒါအစိုးရနှင့် ဒဲလ် ပွန်တီအကြား ထိပ်တိုက်တွေ့မှုများနှင့် သက်သေများ၏လုံခြုံရေးနှင့် လူများမသိရှိစေရေးနှင့်ပတ်သက်၍ အိုင်စီတီအာတွင် တရားစီရင် စစ်ဆေးမှုလုပ်ငန်းအဆင့်ဆင့် နှေးကွေးခဲ့ရသည်။ ဤကိစ္စအပေါ် နောက်ဆုံး ဆုံးဖြတ်ချက်ကို ကုလ သမဂ္ဂ လုံခြုံရေးကောင်စီက ချမှတ်မည်ဖြစ်ပါသည်။ သူမ၏ တခြားရာထူးဖြစ်သော ယူဂိုဆလားဗီး ယားနိုင်ငံဟောင်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး (အိုင်စီတီဝိုင်) ၏ တရားလိုရှေ့နေချုပ် အဖြစ် ဆက်လက်ရှိနေဦးမည်ဟု မျှော်လင့်ရပါသည်။ (ICTR, 26/7/2003)

## ရာဝမ်ဒါနိုင်ငံခုံရုံး တရားလိုရှေ့နေအသစ်ရရှိ

ယူဂိုဆလားဗီးယားနိုင်ငံဟောင်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး (အိုင်စီတီဝိုင်) နှင့် ရာဝမ်ဒါနိုင်ငံဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး (အိုင်စီတီအာ) တို့အတွက် တရားလို ရှေ့နေတာဝန်ပူးတွဲရှိနေခြင်းကိုခွဲခြားရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ကန့်ကွက်သူမရှိ မဲပေးခဲ့ကြပါ သည်။ ၁၉၉၉ ခုနှစ်တည်းက ခုံရုံးနှစ်ခုစလုံး၏ တရားလိုရှေ့နေချုပ်ရာထူးတာဝန်ကို ရယူထားသော ကာလာ ဒဲလ် ပွန်တီ Carla del Ponte သည် အိုင်စီတီဝိုင်၏ တရားလိုရှေ့နေအဖြစ် ဆက်လက် တာဝန်ယူသွားမည်ဖြစ်ပါသည်။ ကုလသမဂ္ဂ အထွေထွေအတွင်းမှူးချုပ် ကိုဖီအာနန်က ဂန်ဘီယန် လူမျိုး တရားသူကြီးဟက်စ်စန် ဂျောလိုး Hassan Jallow အား (အိုင်စီတီအာ)၏ တရာလိုရှေ့နေအဖြစ် အစားထိုးလိုက်ကြောင်း ကြေညာခဲ့ပါသည်။ ဤရွေးချယ်မှုကို လုံခြုံရေးကောင်စီ က လက်ခံအတည်ပြုရမည်ဖြစ်ပါသည်။ (ICTJ, 30/8/2003)

**မျိုးဖြုတ်သတ်ဖြတ်မှု (Genocide) နှင့်ဆက်စပ်သော အမှု၁၀၀ ခန့်အား တရားရုံးမှ စီရင်ချက်ချ**

ရာဝမ်ဒါနိုင်ငံတောင်ပိုင်းတရားရုံးတခုက မျိုးဖြုတ်သတ်ဖြတ်မှုနှင့် ဆက်နွယ်သော မုဒိမ်းကျင့်ခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်းနှင့် သတ်ဖြတ်ခြင်းအပါအဝင် ရာဇဝတ်ပြစ်မှုများအတွက် အကြမ်းအားဖြင့် လူပေါင်း ၁၀၀ ခန့်ကို ပြစ်ဒဏ်ချမှတ်ခဲ့ပါသည်။ တရားသူကြီးအဖွဲ့က လူ ၁၁ ဦးအား သေဒဏ်နှင့် လူ ၇၀ ဦးနီးပါးကို ထောင်ဒဏ်တသက် ပြစ်ဒဏ်ချမှတ်ခဲ့ပါသည်။ အစိုးရသည် ၁၉၉၄ မျိုးဖြုတ်သတ်ဖြတ်မှုနှင့် ဆက်နွယ်သော အမှုများ ပုံနေခြင်းကိုဖြေရှင်းရန် လူအစုအဝေးလိုက် စစ်ဆေးစီရင်ခဲ့ခြင်းဖြစ်ပါသည်။ (ICTJ, 3/8/2003)

**မျိုးဖြုတ်သတ်ဖြတ်မှု (Genocide)ဖြင့် ထိမ်းသိမ်းခံထားရသူများအား ရာဝမ်ဒါအစိုးရက လွှတ်ပေး။**

ရဝမ်ဒါအစိုးရသည် ၁၉၉၄ မျိုးဖြုတ်သတ်ဖြတ်မှုတွင် ပါဝင်မှုစွဲချက်ဖြင့် ထိမ်းသိမ်းခံနေရသူထောင်ပေါင်းများစွာသော အကျဉ်းသားများကို လောလောဆယ်ယာယီအနေနှင့် လွှတ်ပေးခဲ့ပါသည်။ ထိုသို့လွှတ်ပေးခြင်းခံရသူများထဲတွင် သိပ်မဆိုးဝါးသော မျိုးဖြုတ်သက်ဖြတ်မှုနှင် စပ်လျဉ်းသည့် ပြစ်မှုများအတွက် အပြစ်ရှိကြောင်းဝန်ခံသူများနှင့် ပြစ်ဒဏ်ချမှတ်ချိန်တွင် ချမှတ်နိုင်သည့်ထောင်ဒဏ်ထက် ပိုမိုကြာရှည်စွာ တရားမစီရင်မှီအကြို ထိန်းသိမ်းခံထားရသူများပါဝင်ပါသည်။ ထိုပြင် အသက်ငယ်ရွယ်သူများ၊ အသက်အရွယ်အိုမင်းသူများနှင့် ဆိုးဝါးစွာမနာမကျန်းဖြစ်နေသူများလည်း ပါဝင်ပါသည်။ ထိုအကျဉ်းသားများသည် ဂါကာကာ ခေါ် ထုံးတမ်းအစဉ်အလာတရားစီရင်မှုအတိုင်း ပါဝင်လိုက်နာရမည်ဖြစ်သည်။ ဘုထရူးခရိုင်တွင် အကျဉ်းသားဟောင်းများသည် လူမျိုးများအား မျိုးဖြုတ်သက်ဖြတ်မှုမှ အသက်မသေကျန်ရစ်သူများအတွက် အိမ်ယာဆောက်လုပ်ပေးခြင်းများ စတင်ဆောင်ရွက်ပြီးဖြစ်ပါသည်။ (ICTJ, 7/5/2003)

**မျိုးဖြုတ်သတ်ဖြတ်မှု (Genocide) ဖြင့် ရဝမ်ဒါ အရာရှိဟောင်းနှစ်ဦး ပြစ်ဒဏ်ချမှတ်ခံရ။**

ရဝမ်ဒါနိုင်ငံဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး (အိုင်စီတီအာ) က မျိုးဖြုတ်သတ်ဖြတ်မှုဖြင့် ရဝမ်ဒါအရာရှိဟောင်းနှစ်ဦးအား ပြစ်မှုထင်ရှားကြောင်း စီရင်ချက်ချမှတ်လိုက်ပါသည်။ ပြန်ကြားရေးဝန်ကြီးဟောင်း အလိုင်ဇာ နီရိတိဂိကာ Eliezer Niyitigeka သည် မျိုးဖြုတ် သတ်ဖြတ်ခြင်းနှင့် လူသားဖြစ်မှုကို ဆန့်ကျင့်ကျူးလွန်သောပြစ်မှု (Crimes Against Humanity) ဖြင့် ပြစ်မှုထင်ရှားကြောင်းဖြင့် ထောင်ဒဏ်တသက်ချမှတ်ခံခဲ့ရပြီး၊ ကီဂါလီခရိုင် ဘီကွန်ဘီ လူအဖွဲ့အစည်း မြို့တော်ဝန်ဟောင်း လောရန့် ဆီမန်းဇာ Laurent Semanza သည် မျိုးဖြုတ်သတ်ဖြတ်ခြင်းကျူးလွန်ရန် ကြံရာပါဖြစ်ခြင်းနှင့် လူသားဖြစ်မှုကို ဆန့်ကျင်ကျူးလွန်သော ရာဇဝတ်ပြစ်မှု (Crimes Against Humanity) များအတွက် ထောင်ဒဏ် ၂၅ နှစ်ချမှတ်ခံခဲ့ရပါသည်။ (ICTJ, 27/5/2003)

**အိုင်စီတီအာအယူခံအဖွဲ့မှ ပြည်သူ့စစ်ခေါင်းဆောင်ဟောင်းအပေါ်ချမှတ်သည့် ပြစ်ဒဏ်အား အတည်ပြု။**

အင်တာရဟမ်းဝိ ပြည်သူ့စစ်အဖွဲ့ ဒုတိယ ဥက္ကဋ္ဌဟောင်း ဂျော့ ရူတဂန်ဒါ Georges Rutaganda ၏ ထောင်ဒဏ်တသက်ပြစ်ဒဏ်အတွက်အယူခံကို ရဝမ်ဒါနိုင်ငံဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး (အိုင်စီတီအာ) အယူခံအဖွဲ့မှ ထိုပြစ်ဒဏ်ကို အတည်ပြုချမှတ် လိုက်ပါသည်။ (ICTJ, 27/5/2003)

**"Military I" တရားစီရင်စစ်ဆေးမှု သက်သေတွက်ဆိုမှု ကြားနာ။**

"Military I" ခေါ် စစ်ဘက်ဆိုင်ရာ တရားစီရင်စစ်ဆေးမှုတွင် ၁၉၉၃ ခုနှစ်တွင် ထိပ်တန်းစစ်ဘက်အရာရှိနှစ်ဦးသည် သတ်ဖြတ်ရမည့် တွတ်စီလူမျိုးများ၏ အမည်စာရင်းကို ပြင်ဆင်ခဲ့ကြောင်း

တရားလိုပြသက်သေများ၏ တွက်ဆိုချက်ကို ရာဝမ်ဒါနိုင်ငံဆိုင်ရာ အပြည်ပြည် ဆိုင်ရာ ရာဇဝတ်ခုံရုံး (အိုင်စီတီအာ) တရားသူကြီးများကကြားနာခဲ့ပါသည်။ လုံခြုံရေးကြောင့် မည်သူမည်ဝါဖြစ်ကြောင်း ထုတ်ဖော်ပြသခြင်းမရှိသော သက်သေတဦးအဆိုအရ ကာကွယ်ရေးဝန်ကြီးဌာနအရာရှိဟောင်း ဗိုလ်မှူး သီအိုနက်စ်တ် ဘာဂိုဆိုရာ Colonel Theoneste Bagosara နှင့် စစ်ဘက်ဆိုင်ရာ အကြီးအကဲဟောင်း ဒု ဗိုလ်မှူးကြီး အာနက်တိုလ် ဆင်ဂျီယမ်ဗှာ Lieutenant Colonel Anatole Nsengiyumva တို့သည် ၎င်းအိမ်စေအဖြစ် အလုပ်လုပ်နေရာအိမ်၌ ထိုစာရင်းကို ရေးသားပြုစုခဲ့ကြောင်းဆိုပါသည်။ တရားလိုဘက်က ဘာဂိုဆိုရာသည် မျိုးဖြုတ်သတ်ဖြတ်မှု (Genocide) ကို နောက်ကွယ်မှ ကြိုးကိုင်ခဲ့သည်ဟု ယူဆထားပါသည်။ တခြားအကာအကွယ်ပေး ထားရသော သက်သေတဦးကလည်း ရာဝမ်ဒါနိုင်ငံ အနောက်တောင် ဒေသရှိ ရအုပ်ချုပ် ရေးနယ်မြေရှိ ဂီဆန်ရီ Gisenyi ရှိ ဘုရားကျောင်းတခုတွင် တွက်စီလူမျိုး ၁၈ဝ အား သတ်ဖြတ်မှုကို အနီးကပ် ကြီးကြပ်ခဲ့ကြောင်း တွက်ဆိုသွားပါသည်။ (ICTJ, 9/7/2003)

**စွဲချက်ကိုးခုအတွက် အပြစ်မရှိကြောင်း မြို့တော်ဝန်ဟောင်းက ငြင်းဆို။**

ဘီကွန်ဘီ Bicumbi ဒေသရှိ ရအုပ်ချုပ်ရေးနယ်မြေ ၏ မြို့တော်ဝန်ဟောင်း ဂျူဗင်နယ် ရူဂန်ဘာရာရာ Juvenal Rugambarara က ရာဝမ်ဒါနိုင်ငံဆိုင်ရာ ရာဇဝတ်ခုံရုံး (အိုင်စီ တီအာ) တွင် ၎င်းအပေါ် စွဲဆိုထားသော မျိုးဖြုတ်သတ်ဖြတ်မှု (Genocide)၊ လူသားဖြစ်မှုကို ဆန့်ကျင်ကျူးလွန်သောပြစ်မှု (Crimes Against Humanity)၊ လူထုအား အကြမ်းဖက်မှုကျူး လွန်ရန် အားပေးအားမြှောက်ပြုမှုနှင့် ဂျီနီဗာသဘောတူညီချက်များအား အကြီးအကျယ်ချိုးဖောက်မှု စွဲချက်ကိုးခုအတွက် အပြစ်မရှိကြောင်း ငြင်းဆိုခဲ့ပါသည်။ (ICTJ, 30/8/2003)

**လေ့လာစောင့်ကြည့်သူများစွာတို့အား အံ့အားသင့်စေခဲ့သော အင်ဒိုနီးရှား လူ့အခွင့်အရေးအထူးတရားရုံး၏ စီရင်ချက်။**

အင်ဒိုနီးရှား လူ့အခွင့်အရေး အထူးတရားရုံးမှ တရားသူကြီးများက ဗိုလ်မှူးကြီး အဒမ် ဒမီရီ (Adam Damiri) အား ၁၉၉၉ ခုနှစ် အရှေ့တီမော၌ လွတ်လပ်ရေးအတွက်မဲပေးစဉ်ကာလ အကြမ်းဖက်မှုများကို ကာကွယ်ရန် ပျက်ကွက်မှုအတွက် ထောင်ဒဏ်သုံးနှစ် ချမှတ်လိုက်ပါသည်။ တရားလိုဘက်မှ သက်သေမပြည့်စုံ၍ စွဲချက်အား ရုပ်သိမ်းပယ်ဖျက်ရန် တောင်းဆိုသည့်ကြားမှ တရား သူကြီးများက ဤကဲ့သို့အပြစ်ဒဏ်ချမှတ်လိုက်ခြင်းသည် လေ့လာစောင့်ကြည့်သူများစွာတို့အား အံ့အားသင့်စေခဲ့ပါသည်။ (ICTJ, 13/8/2003)

**လူ့အခွင့်အရေးချိုးဖောက်မှုကျူးလွန်သည်ဟု စွပ်စွဲခံရသူ တရားသေလွှတ်ပေးခြင်းခံရ။**

အင်ဒိုနီးရှား လူ့အခွင့်အရေးတရားရုံးက ၁၉၉၉ ခုနှစ်အရှေ့တီမော လွတ်လပ်ရေးကြိုးပမ်းစဉ် ကာလ လူ့အခွင့်အရေးချိုးဖောက်မှုများကျူးလွန်မှုဖြင့်စွပ်စွဲခံရသူ ဗိုလ်မှူးချုပ် တိုနို စူရတ်မန် Tono Suratman အား အမှုမှ ကွင်းလုံးကျွတ်လွှတ်ပေးလိုက်ပါသည်။ သူသည် ဘုရားကျောင်းတခုအား တိုက်ခိုက်မှု၌ ဒုက္ခသည် ၅ ဦးသေဆုံးသွားမှုနှင့် လွတ်လပ်ရေးခေါင်းဆောင် မန်နူယဲလ် ကာရက်ကားလို့ Manuel Carrascalao နေအိမ်စီးနင်းမှု၌ လူပေါင်းဒါဇင်နှင့်ချီ၍သေဆုံးခဲ့ရမှုများကို ကာကွယ်ရန် ပျက်ကွက်မှုဖြင့် တရားရင်ဆိုင်ခဲ့ရခြင်းဖြစ်ပါသည်။ သူသည် တရားရုံးမှ တရားသေလွှတ်ပေးခြင်းခံရ သူများထဲမှ ၁၂ ဦးမြောက်ဖြစ်ပါသည်။ (ICTJ, 23/5/2003)

## ဂွာတီမာလာ လူ့အခွင့်အရေးလှုပ်ရှားသူအမှု အယူခံ

၁၉၉ဝ ခုနှစ် မနုသဗေဒပညာရှင် လူ့အခွင့်အရေးလှုပ်ရှားသူ မာနာ မက် Myrna Mack အားသတ်ဖြတ်ရန် အမိန့်ပေးမှုဖြင့် အောက်တရားရုံးတခုက ပြစ်မှုထင်ရှားကြောင်းဖြင့် ကာနယ် ဂျူယန် ဗယ်လင်စီယာ Col. Juan Valencia အား ပြစ်ဒဏ်ချမှတ်ချက်ကို ဂွာတီမာလာ အယူခံတရားရုံးတခုက ပယ်ဖျက်လိုက်ပါသည်။ သတ်ဖြတ်ခံခဲ့ရသော လှုပ်ရှားတက်ကြွသူ၏ ညီမ ဟယ်လင် မက် Helen Mack က မာနာ မက်အား သတ်ဖြတ်မှုဖြင့်သံသယရှိသူ ကာနယ် ဂျူယန် ဗယ်လ်လင်စီယာအားလွှတ်ပေးလိုက်သည့် အယူခံတရားရုံး၏စီရင်ချက်ကို ပယ်ဖျက်ပေးရန် ဂွာတီမာလာ တရားရုံးချုပ်သို့ လျှောက်ထားခဲ့ပါသည်။ အောက်တရားရုံးက ဗယ်လ်လင် စီယာသည် မာနာ မက် သတ်ဖြတ်မှုတွင် အမိန့်ပေးခဲ့ကြောင်းဖြင့် ပြစ်မှုထင်ရှားကြောင်း အမိန့်ချခဲ့သော်လည်း လွှန်ခဲ့သောမေလတွင် အယူခံတရားရုံးက အထောက်အထားခိုင်လုံမှုမရှိဟုဆိုပြီး ၎င်းအားလွှတ်ပေးရန် အမိန့်ချခဲ့ခြင်းဖြစ်ပါသည်။ ယခု ဟယ်လင် မက်၏ အယူခံရှုံးနိမ့်သွားပါက ဂွာတီမာလာ၏အမြင့်ဆုံးတရားရုံးဖြစ်သည့် ဖွဲ့စည်းအုပ်ချုပ်ပုံတရားရုံးသို့ အမှုကိုကြားနာပေးရန် အသနားခံလွှာတင်နိုင်မည်ဖြစ်သည်။ (ICTJ, 1/6/2003)

## သမတလောင်းအဖြစ်အရွေးချယ်ခံပိုင်ခွင့်အား တားမြစ်ခြင်း

ဇူလိုင်လအစောပိုင်းက ဂွာတီမာလာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ တရားရုံးသည် အာဏာသိမ်းမှုတွင်ပါဝင်ခဲ့သူ မည်သူမဆို ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပိတ်ပင်ထားသော ဥပဒေရှိသော်ငြားလည်း အာဏာရှင်ဟောင်း အီဖရိန် ရိုင်ယိုစ် မွန်တ် Efrain Rios Montt အနေဖြင့် နိုဝင်ဘာလ ၉ ရက်နေ့တွင်ကျင်းပမည့် သမတရွေးချယ် တင်မြှောက်ပွဲတွင် ကိုယ်စားလှယ်လောင်းအဖြစ် ရွေးချယ်ခံပိုင်ခွင့်ရှိကြောင်း စီရင်ဆုံးဖြတ်လိုက်ပါသည်။ ထို့အပြင် ၇၂ နာရီအတွင်း သမတလောင်းအဖြစ် မှတ်ပုံတင်ရန်လည်း အမိန့်ချလိုက်ပါသည်။

ထိုဥပဒေသည် ၁၉၈၅ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် တရားဝင်ဖြစ်လာခဲ့ခြင်းဖြစ်ပြီး ၁၉၈၂ ခုနှစ်တွင် အာဏာသိမ်းခဲ့သော ရိုင်ယိုစ် မွန်တ်က တားမြစ်ပိတ်ပင်မှုသည် နောက်ကြောင်းပြန်အကျိုးသက်ရောက်စေခြင်း မပြုနိုင်ကြောင်းဆိုပါသည်။ ရိုင်ယိုစ် မွန်တ်သည် ၎င်း၏အာဏာရှင်စနစ်အောက်တွင် ဂွာတီမာလာ ဌာနေတိုင်းရင်းသားများ ထောင်နှင့်ချီ၍ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများကို အမိန့်ပေးခဲ့ကြောင်းဖြင့် စွပ်စွဲခံခဲ့ရဖူးပါသည်။

၎င်း၏ဆုံးဖြတ်ချက်ကြောင့် အကြီးအကျယ်ဝေဖန်ခံရသောတရားရုံးသည် ရိုင်ယိုစ် မွန်တ်၏မဟာမိတ်များနှင့် လက်ရှိသမတ အဲလ်ဖရန်ဆို ပေါ်တီလို Alfonso Portillo တို့မှစု၍ ဖိထားခြင်းကို ခံနေရပါသည်။ ထိုဆုံးဖြတ်ချက်ကို ထောင်ပေါင်းများစွာသော ဂွာတီမာလာလူမျိုးများက မြို့တော်လမ်းမပေါ်ထွက်၍ ကန့်ကွက်ဆန္ဒပြပြီးနောက် များမကြာမီတွင် တရားရုံးချုပ်က ရိုင်ယိုစ် မွန်တ်၏ သမတရွေးချယ်ရေးအတွက် မှတ်ပုံတင်ခြင်းကို ဆိုင်းငံ့ထားခဲ့ပါသည်။ ဤတွင် ထောင်ပေါင်းများစွာသော ရိုင်ယိုစ် မွန်တ်ထောက်ခံသူများကလည်းစုရုံးကာ အကြမ်းဖက်သောဆန္ဒပြခြင်းများပြုလုပ်၍ ၎င်းအားဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုရန် တောင်းဆိုခဲ့ကြပါသည်။

ဥပဒေသည် နောက်ကြောင်းပြန်အကျိုးသက်ရောက်မှုမရှိနိုင်ဟူသော အချက်ကို ကိုင်စွဲအသုံးပြု၍ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတရားရုံးက ရိုင်ယိုစ် မွန်တ်တွင် သမတအဖြစ်ဝင်ရောက် ယှဉ်ပြိုင်အရွေးခံခွင့်ရှိကြောင်း ၄ မဲ ၃ မဲဖြင့် ဆုံးဖြတ်ချက်ချလိုက်ပြီး၊ နောက်ထပ်အယူခံမဝင်နိုင်ကြောင်းလည်းကိုဖော်ပြခဲ့ကြောင်းသိရှိရပါသည်။ (ICTJ, 27/7/2003)

### ခမာနီအစိုးရခေါင်းဆောင်ဟောင်းများအားတရားစီရင်ရေး ကုလသမဂ္ဂသဘောတူလက်ခံ။

ကုလသမဂ္ဂအထွေထွေညီလာခံက ကမ္ဘောဒီယားမှ ခမာနီအစိုးရခေါင်းဆောင်ဟောင်းများအား တရားစွဲဆိုရန် အထူးတရားရုံးများ ထူထောင်ရန်အစီအစဉ်ကို လက်ခံသဘောတူခဲ့ပါသည်။ တရားရုံးများသည် ကုလသမဂ္ဂမှ ပုံမှန်ဘတ်ဂျက်ဖြင့်လည်ပတ်မည့်ဆိုသည်ထက် ထောက်ပံ့အလှူပေးခြင်းများမှရရှိသော ရံပုံငွေဖြင့်လည်ပတ်မည်ဖြစ်သည်။ (ICTJ, 14/5/2003)

### ခမာနီအစိုးရခေါင်းဆောင်ဟောင်းများအားတရားစီရင်ရေး ခြေလှမ်းတလှမ် ပိုမိုနီးကပ်လာ။

ခမာနီခေါင်းဆောင်များအမှုကြားနာစစ်ဆေးရေး လမ်းခင်းသည့်အနေနှင့် ကမ္ဘောဒီးယားနှင့် ကုလသမဂ္ဂတို့ သမားရိုးကျမဟုတ်သည့် တရားသူကြီးအဖွဲ့ ထူထောင်ရေးသဘောတူညီချက်တခုကို လက်မှတ်ရေးထိုးခဲ့ကြပါသည်။ ကမ္ဘောဒီးယားအစိုးရကိုယ်စား သဘောတူညီချက်ကို လက်မှတ်ရေးထိုးသူ ဆုတ်က် အန် Sok An က များမကြာမီတွင် ကမ္ဘောဒီးယားက တရားသူကြီးအဖွဲ့ကို ထူထောင်ဖွဲ့စည်းနိုင်မည်ဟု မျှော်လင့်ရကြောင်းပြောကြားခဲ့ပါသည်။ (ICTJ, 7/6/2003)

### အပြည်ပြည်ဆိုင်ရာ တရားစီရင်ပိုင်ခွင့်ဥပဒေအား ဘယ်လ်ဂျီယံကပြင်ဆင်မည်။

အမေရိကန်ပြည်ထောင်စု၏ အကြီးအကျယ်ဖိအားပေးမှုအောက်တွင် အမေရိကန်ပြည်ထောင်စု အရာရှိများအား စစ်ရာဇဝတ်မှုဖြင့် တရားစွဲဆိုလေ့ရှိသည့် ဥပဒေအား ပြင်ဆင်မည်ဟု ဘယ်လ်ဂျီယံအစိုးရက ကြေညာလိုက်ပါသည်။ ထိုဥပဒေအား တည်ဆဲဥပဒေအဖြစ်မှ မရုပ်သိမ်းပါက ဘရပ်စ်ဆဲလ်ရှိ နေတိုး ဌာနချုပ်အတွက် ငွေကြေးထောက်ပံ့ခြင်းကို မပေးပဲနေမည်ဟု အမေရိကန်ပြည်ထောင်စု ကာကွယ်ရေးဌာန အတွင်းရေးမှူးက ခြိမ်းခြောက်ခဲ့ပါသည်။ ဘယ်လ်ဂျီယံနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ တရားစီရင်ပိုင်ခွင့်ဥပဒေသည် ဘယ်နေရာ၌မဆို ကျူးလွန်ခဲ့သော စစ်ရာဇဝတ်မှုနှင့် လူသားဖြစ်မှုကို ဆန့်ကျင်ကျူးလွန်သော ရာဇဝတ်ပြစ်မှုများကို ဘယ်လ်ဂျီယံတရားရုံးတွင် ကြားနာစစ်ဆေးခွင့်ပြုထားပြီး၊ မကြာသေးမီက နိုင်ငံရေးအမြတ်ထုတ်သည့် အမှုများကြားနာစစ်ဆေးခြင်းမှ ကာကွယ်ရန် ပြင်ဆင်ထားပြီးဖြစ်ပါသည်။ ဝန်ကြီးချုပ် ဂိုင်း ဗာဟော့ဖ်စ်တဒ်တ် Guy Verhofstadt က နစ်နာသူများနှင့် ခုခံချေပသူများနှစ်ဘက်စလုံး ဘယ်လ်ဂျီယံနိုင်ငံသား ဖြစ်ရန်လိုအပ်သည်ဟု ပြင်ဆင်မည်ဟုသိရပါသည်။ (ICTJ, 25/6/2003)

### ရက်စက်ကြမ်းကြုတ်သော စစ်ရာဇဝတ်မှု ဆန့်ကျင်ရေးဥပဒေကို ဘယ်လ်ဂျီယံအစိုးရက ပယ်ဖျက်။

မျိုးဖြုတ်သတ်ဖြတ်မှု (Genocide)၊ ညှင်းပမ်းနှိပ်စက်မှုနှင့် လူသားဖြစ်မှုကို ဆန့်ကျင်ကျူးလွန်သောရာဇဝတ်မှု (Crimes Against Humanity) ကဲ့သို့သောရာဇဝတ်မှုများကို မည်သည့်နေရာတွင်မဆို ကျူးလွန်သည် ဖြစ်စေ၊ မည်သူကမဆိုထိုပြစ်မှုများကိုကျူးလွန်သည်ဖြစ်စေ မခွဲခြားပဲ ဘယ်လ်ဂျီယံတရားရုံးများအား စီရင်စစ်ဆေးပိုင်ခွင့်ပေးရန်ရည်ရွယ်ထားသော ရက်စက်ကြမ်းကြုတ်သော စစ်ရာဇဝတ်မှု ဆန့်ကျင်ရေး ဥပဒေကို ဘယ်လ်ဂျီယံအစိုးရက ပယ်ဖျက်ရန် ဆုံးဖြတ်လိုက်ပါသည်။ အမေရိကန်ပြည်ထောင်စုသည် ၎င်း၏နိုင်ငံခေါင်းဆောင်များအား နိုင်ငံရေးအရ အမြတ်ထုတ်သည့်အမှုများ၊ လျော်ကန်သင့်မြတ်မှု မရှိသောအသေးအဖွဲအမှုများဖြင့် စွဲချက်တင်လာမည်ကိုစိုးရိမ်သဖြင့် အပြင်းအထန်ဖိအားပေးခြင်းကို ဘယ်ဂျီယံအစိုးရခံခဲ့ရပါသည်။ ဤဥပဒေအား ပိုမိုကျဉ်းမြောင်းသောနယ်ပယ်နှင့်သာသက်ဆိုင်သော ဥပဒေအသစ်တခုဖြင့် အစားထိုးလိမ့်မည်ဖြစ်သည်။ (ICTJ, 13/7/2003)

### ချီလီလျှို့ဝှက်ပုလိပ်အဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင် ၈ ဦးတရားစွဲဆိုခံရ။

ချီလီတရားသူကြီးတဦးက ဗိုလ်ချုပ်ကြီး ဩဂတ်စတို ပီနိုချေး၏ ဒီအိုင်အန်အေ DINA ဟုလူသိများသော လျှို့ဝှက်ပုလိပ်အဖွဲ့ခေါင်းဆောင်ဟောင်း မန်နူရယ် ကွန်တရီယစ် Manuel Contreras အား စပိန်လူမျိုး ဘုန်တော်ကြီး အန်ထော်နီယို အယ်လိဒို Antonio Llido ၁၉၇၄တွင် ပြန်ပေးဆွဲခံရပြီး ပျောက်ဆုံးသွားရခြင်းအတွက် တရားစွဲ ဆိုခဲ့ပါသည်။ ထိုအမှုတွင် တခြား ဒီအိုင်အန်အေ အဖွဲ့ဝင် ၈ ဦးလည်းပါဝင်ပါသည်။ (ICTJ, 17/5/2003)

### ချီလီသမတနှင့် လျော်ကြေးတိုးမြှင့်ပေးရေး။

ချီလီသမတ ရီကာဒို လာဂိုစ် Ricardo Lagos သည် ၁၉၇၃ မှ ၁၉၉၀ ခုနှစ်အတွင်း ဗိုလ်ချုပ်ကြီး ပီနိုချေး၏ စစ်အာဏာရှင်အစိုးရလက်အောက်တွင် ဆုံးရှုံးနစ်နာကာ သားကောင် ဖြစ်ခဲ့ရသူများအား လျော်ကြေးရရှိအောင် လုပ်ဆောင်ချင်နေပါသည်။ နစ်နာသူများအား နစ်နာကြေး ပေးခြင်းကို ပိုမိုပေးနိုင်မည်ဖြစ်ပြီး၊ ပြန်ပေးဆွဲခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်းနှင့် သတ်ဖြတ်ခြင်းများဖြင့် စွပ်စွဲခံနေရသူ လူ့အခွင့်အရေးချိုးဖောက်သူပေါင်း ၁၆၀ တို့၏ ရုံးတင်စစ်ဆေးဆိုင်းငံ့နေခြင်းကို အလျင် အမြန် ရုံးတင်စစ်ဆေးဆောင်ရွက်နိုင်မည့် ကျယ်ပြန့်သောလူ့အခွင့်အရေးစီမံကိန်းတခုကို စီစဉ်ခဲ့ ပါသည်။ ထိုစီမံကိန်းတွင် နစ်နာသူများအားပေးအပ်သောပင်စင်ကို ၅၀ ရာခိုင်နှုန်းတိုးမြှင့်ခြင်းနှင့် တဦးချင်းစီအား လျော်ကြေးပေးခြင်းအစီအစဉ် တိုးချဲ့ခြင်းတို့ ပါဝင်ပါသည်။ ထိုစီမံကိန်းအား ကွန်ကရက်မှ လက်ခံအတည်ပြုလိမ့်မည်ဟု မျှော်လင့်ရပါသည်။ (ICTJ, 4/8/2003)

### အာဏာရှင်ဟောင်း ပီနိုချေးအား တရားစွဲဆိုခွင့်

လူ့အခွင့်အရေးချိုးဖောက်မှုများဖြင့် တရားစွဲဆိုခြင်းမှ ကင်းလွှတ်ခွင့်ရရှိထားသော အာဏာရှင်ဟောင်း ဩဂတ်စတို ပီနိုချေးအား တရားစွဲဆိုခွင့်ရရန် အသနားခံစာအသစ်တခုကို ချီလီ အယူခံရုံး တရားသူကြီးအဖွဲ့က ပယ်ချလိုက်ပါသည်။ ထို့ပြင် တရားသူကြီးအဖွဲ့က နောက်ထပ် ဆေးစစ်မှုအသစ်ပြုလုပ်ပေးရန် တောင်းဆိုမှုကိုလည်း ပယ်ချခဲ့ပါသည်။ ရှေ့နေများက ပီနိုချေးသည် မကြာသေးမီက အငြိမ်းစား ဗိုလ်ချုပ်များကို မိန့်ခွန်းပြောကြားခဲ့သောကြောင့် ကျန်းမာရေးကောင်းမွန် သော အနေအထားရှိရမည်ဖြစ်သည်ဟု အငြင်းအခုံပြုခဲ့ပါသည်။ ၂၀၀၁ ခုနှစ်တွင် တရားရုံးတခုက ပီနိုချေးသည် တရားရုံးတော်တွင် တရားရင်ဆိုင်ရန် စိတ်ပိုင်းဆိုင်ရာမကျန်းမာမှုကြောင့် မဖြစ်နိုင် ကြောင်း စီရင်ချက်ချခဲ့ပါသည်။ လူ့အခွင့်အရေးရှေ့နေများက တခြားရာပေါင်းများစွာသော အမှုများဖြင့် ရှေ့ဆက်ပြီးဖိအားပေးသွားမည်ဟုဆိုပါသည်။ (ICTJ, 27/8/2003)

### လိုက်ဘေးရီးယား အစိုးရက စစ်ရာဇဝတ်မှုဖြင့်သံသယရှိသူ ဘော့ကာရီ သေဆုံးသွားကြောင်း အခိုင်အမာပြောဆို။

လိုက်ဘေးရီးယား အစိုးရက စစ်ရာဇဝတ်မှုဖြင့်သံသယရှိသူ ဆီရီယာလီယွန်းရှိ အထူး တရားရုံးအလိုရှိသူ ဆမ် ဘော့ကာရီ Sam Bockarie တယောက် လိုက်ဘေးရီးယားတပ်ဖွဲ့၏ ဖမ်းဆီးခြင်းကိုခုခံစဉ် သေဆုံးခဲ့ရကြောင်းထုတ်ပြန်ကြေညာခဲ့ပါသည်။ ထိုသို့လိုက်ဘေးရီးယားမှ ထုတ်ပြန်ကြေညာပြီးနောက် များမကြာမီတွင် တရားရုံးက လိုက်ဘေးရီးယား သမတ ချားလ် တေလာ သည် ဆမ် ဘော့ကာရီအားလက်သင့်ခံခြင်းဖြင့် တရားစွဲဆိုခံရနိုင်ကြောင်းသတိပေးခဲ့ပါသည်။ ဆီရီယားလီယွန်းအစိုးရက သေဆုံးခြင်းအား အတည်ပြုခဲ့သော်လည်း တရားလိုဘက်က ၎င်း၏ ခန္ဓာ ကိုယ်အား လွှဲပြောင်းပေးအပ်ရန် လိုက်ဘေးရီးယားသို့တောင်းဆိုခြင်းဖြင့် ၎င်းအမှန်တကယ် သေဆုံး သွားခြင်းရှိမရှိ သံသယရှိကြောင်းကို ထုတ်ဖော်ပြသခဲ့ပါသည်။ (ICTJ, 13/5/2003)

**စစ်ရာဇဝတ်တရားရုံးက လိုက်ဘေးရီးယားသမတ ချားလ်စ်တေလာအား စွဲချက်တင်။**

လူသားဖြစ်မှုကို ဆန့်ကျင်ကျူးလွန်သော ရာဇဝတ်မှုနှင့် စစ်ရာဇဝတ်မှုများအား စွဲချက်တင် စစ်ဆေးရန် ကုလသမဂ္ဂကျောထောက်နောက်ခံတရားစီရင်ရေးအဖွဲ့အစည်းဖြစ်သည့် ဆီးရီးယာ လီယွန်းအထူးတရားရုံးက လိုက်ဘေးရီးယားသမတ ချားတေလာ Charles Taylor အား လူသတ်မှု၊ ခန္ဓာကိုယ် အစိတ်အပိုင်းများအား ဖြတ်တောက်ဖျက်ဆီးစေခြင်းနှင့် အဓမ္မပြုကျင့်ခြင်း ကျူးလွန်မှုများအတွက် တာဝန်ရှိကြောင်းဖြင့် စွဲချက်တင်လိုက်ပါသည်။ ထိုစွဲချက်လွှာကြိုက်ကြား ထုတ်ပြန်ချိန်တွင် တေလာသည် ဂါနာနိုင်ငံတွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲတက်ရောက်နေပြီး ဂါနာနိုင်ငံတွင် ဖမ်းဆီးခံရနိုင်သဖြင့် လေယာဉ်ဖြင့် လျင်မြန်စွာ လိုက်ဘေးရီးယားသို့ပြန်သွားခဲ့ပါသည်။ တေလာသည် ဆိုလိုဗိုဒန် မီလိုဆီဗစ်ပြီးလျှင် လွန်ခဲ့သောဆယ်စုနှစ်တွင် စစ်ရာဇဝတ်မှုဖြင့်စွဲချက် တင်ခံရသော ဒုတိယမြောက် နိုင်ငံခေါင်းဆောင်အကြီးအကဲဖြစ်ပါသည်။ (ICTJ, 6/6/2003)

**ဆွစ်ဇ်အာဏာပိုင်များက ချားလ်စ်တေလာ၏ဘဏ်စာရင်းအားပိတ်ပစ်ရန် အမိန့်ထုတ်။**

ဆွစ်ဇ် အာဏာပိုင်များက လိုက်ဘေးရီးယား သမတ ချား တေလာ၏ ဘဏ်စာရင်းအား ပိတ်ပစ်ရန် အမိန့်ထုတ်လိုက်ပါသည်။ ယခုအခါ အကြမ်းဖက်မှုဆက်စပ်နေသည့် ဖြစ်နိုင်ချေရှိသော တရားမဝင် စိန်မှ ရရှိသောအကျိုးအမြတ်များကို ကုလသမဂ္ဂကျောထောက်နောက်ခံ ဆီးရီးယား လီယွန်းအထူးတရားရုံး တရားလိုရှေ့နေများက ရှာဖွေစစ်ဆေးနိုင်တော့မည်ဖြစ်သည်။ (ICTJ, 24/ 6/2003)

**ထိမ်းသိမ်းခံနေရာမှ သူပုန်ခေါင်းဆောင်သေဆုံး**

တော်လှန်ရေးသမားများ ညီညွတ်ရေး တပ်ဦး ခေါင်းဆောင်ဟောင်း ဖော့ဒေး ဆန်ကုတ် Foday Sankoh သည် အသက် ၆၅ နှစ်အရွယ်တွင် တရားရုံး၏ ထိမ်းသိမ်းခြင်းခံနေရစဉ် သေဆုံး သွားခဲ့ပါသည်။ သူသည် ဆီရီးယာလီယွန်းအထူးတရားရုံးမှ လူသားဖြစ်မှုကို ဆန့်ကျင်ကျူးလွန်သော ရာဇဝတ်မှု (Crimes Against Humanity) ဖြင့် စွဲချက်တင်ခဲ့သော်လည်း၊ ဆိုးဝါးသောကျန်းမာ ရေးအခြေအနေက ၎င်းအားတရားရုံးတော်တွင် တရားရင်ဆိုင်ရန် အတားအဆီးဖြစ်နေခဲ့ပါသည်။ (ICTJ, 4/8/2003)

**သူပုန်များအား လွတ်ငြိမ်းချမ်းသာခွင့် ပါလီမန်က လက်ခံအတည်ပြု**

ပြင်သစ်နိုင်ငံမှကြားဝင်ဖြေရှင်းပေးသည့် ပြည်တွင်းစစ်အဆုံးသတ်ရေးအစီအစဉ်၏ အစိတ် အပိုင်းတခုအဖြစ် အိုင်ဗိုရီကိုစ်တ် ပါလီမန်က ကြီးမားကျယ်ပြန့်သော နိုင်ငံအစိတ်အပိုင်းကို ချုပ်ကိုင် ထားသော သူပုန်များအား လွတ်ငြိမ်းချမ်းသာခွင့်ပေးမည့် ဥပဒေကြမ်းတစ်ခုကို ထုတ်ပြန်ခဲ့ပါသည်။ ထိုလွတ်ငြိမ်းချမ်းသာခွင့်သည် သက္ကရာဇ် ၂၀၀၀ ခုနှစ် စက်တင်ဘာလမှစတင်သည့် နိုင်ငံတော် လုံခြုံရေးကိုဆန့်ကျင်ကျူးလွန်သောပြစ်မှုနှင့်သာ အကျုံးဝင်မည်ဖြစ်ပြီး၊ လူသားဖြစ်မှုကို ဆန့်ကျင် ကျူးလွန်သောပြစ်မှုနှင့် ဆိုးဝါးသောစီးပွားရေးဆိုင်ရာ ဥပဒေချိုးဖောက်မှုများပါဝင်မည် မဟုတ်ပေ။

**ဆာဘ်စစ်တပ်အရာရှိဟောင်းတဦး အပြစ်ရှိကြောင်းဝန်ခံရန်သဘောတူ။**

ဘော့စနီးယား ဆာဘ်စစ်တပ်အရာရှိဟောင်း မိုမာ နီကိုလစ် Momir Nikolic သည် ယူဂိုဆလားဗီးယားနိုင်ငံဟောင်းဆိုင်ရာအပြည်ပြည်ဆိုင်ရာရာဇဝတ်ခုံရုံး (အိုင်စီတီဝိုင်) တွင် လူသား ဖြစ်မှုကိုဆန့်ကျင်ကျူးလွန်သောရာဇဝတ်မှု (Crimes Against Humanity) စွဲချက်အတွက် အပြစ်ရှိကြောင်းဝန်ခံရန် သဘောတူခဲ့ပါသည်။

ပြစ်ဒဏ်လျော့သွားစေရန်ရည်ရွယ်ချက်ဖြင့် သက်သာမည့် ပြစ်မှုအတွက် တရားခံကအပြစ်ရှိကြောင်းထွက်ဆိုရန်ညှိနှိုင်းခြင်း၏ အစိတ်အပိုင်းတခုအဖြစ် နီကိုလစ်သည် ၁၉၉၅ ခုနှစ် ဆာဘ်ရီးနီးကားတွင် ဖြစ်ပွားခဲ့သော မူဆလင်လူငယ်၊ လူကြီး ၇၀၀၀ ကျော်အား သတ်ဖြတ်မှုအတွက် ဘော့စနီးယားဆာဘ်အရာရှိသုံးဦးအမှုတွင် သက်သေထွက်ဆိုထောက်ပံ့မည်ဖြစ်ပြီး၊ သူ့အပေါ်စွဲဆိုထားသော တခြားစွဲချက်လေးခုအား ရုပ်သိမ်းပေးမည်ဖြစ်သည်။

နီးကိုလစ်သည် ခုံရုံးတွင် သက်သေထွက်ဆိုရန်သဘောတူခဲ့သည့် ပထမဦးဆုံးသော ဘော့စနီးယား ဆာဘ်လူမျိုးအရာရှိဖြစ်ပါသည်။ (ICTJ, 8/5/2003)

## ယူဂိုဆလာဗ်သမတဟောင်း ဇိုရန် လီလစ်က မီလိုဆီဗစ်အမှုစစ်ဆေးမှုတွင် သက်သေထွက်ဆို။

၁၉၉၅ ခုနှစ် ဆာဘ်ရီးနီကာ Srebrenica တွင် လက်နက်မဲ့ မူဆလင်လူကြီး၊ လူငယ် ၇၀၀၀ ကျော်အား အစုလိုက်အပြုံလိုက်သတ်ဖြတ်ခြင်းနှင့်စပ်လျဥ်းပြီး အိုင်စီတီဝိုင်မှ ဆလိုဗိုဒမ် မီလိုဆီဗစ် အမှုစစ်ဆေးမှုတွင် သက်သေနှင့် တွက်ဆိုချက်များကို ကြားနာခဲ့ပါသည်။ ယူဂိုဆလာဗ် သမတဟောင်း ဇိုရန် လီလစ် Zoran Lilic မှ ရုံးတော်သို့ ပြောကြားရာတွင် မီလိုဆီဗစ်သည် ထိုအစုလိုက်အပြုံလိုက်မှုကြောင့် အကြီးအကျယ်ဒေါသသူပုန်ထခဲ့ပြီး၊ ထိုအရေးကိစ္စအတွက် အမိန့် မထုတ်ပေးနိုင်ပဲဖြစ်ခဲ့ရသည်ဟုဆိုပါသည်။ တရားလိုရှေ့နေများက ဆားဗီးယားလျှို့ဝှက် ပုလိပ်များ သည် တိုက်ပွဲဝင်တပ်ဖွဲ့အစိတ်အပိုင်းဖြစ်သည်ဟုဖော်ပြထားသော ထိုအစုလိုက်အပြုံလိုက် သတ်ဖြတ်မှုနှင့်ဆက်နွယ်နေသော ဘော့စနီးယားဆာ့ဘ်ပြည်ထဲရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော အမိန့်စာကို ရုံးတော်သို့တင်သွင်းခဲ့ပါသည်။ တရားလိုရှေ့နေများက မီလိုဆီဗစ်သည်ဆာ့ဘ် အရပ်သားပုလိပ်များအားလုံး၏ တရားဝင်အကြီးအကဲဖြစ်သဖြင့် ထိုစာရွက်စာတမ်းများက သူသည် ထိုအစုလိုက်အပြုံလိုက်သတ်ဖြတ်မှုနှင့် တိုက်ရိုက်ပတ်သက်ကြောင်း ထောက်ပြပြောဆိုခဲ့ပါသည်။ (ICTJ, 21/6/2003)

## မြို့တော်ဝန်ဟောင်း ဆရာဝန်တဦးအား တသက်တစ်ကျွန်းပြစ်ဒဏ်ချမှတ်။

ယူဂိုဆလားဗီးယားနိုင်ငံဟောင်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာရာဇဝတ်ခုံရုံး (အိုင်စီတီဝိုင်) သည် အနောက်မြောက်ဘက်စွန်မှ ဘော့စနီးယားဒေသန္တရအုပ်ချုပ်မှုအောက်ရှိမြို့လေးမှ ဆာ့ဘ် လူမျိုး မြို့တော်ဝန်ဟောင်းလည်းဖြစ် ဆရာဝန်လည်းဖြစ်သော မေလိုမာ စတာကစ်(က်) (Milomar Stakic) အား ၎င်းချမှတ်နိုင်သည့် အမြင့်ဆုံးအပြစ်ဒဏ်ဖြစ်သည့် ထောင်ဒဏ်တသက်အပြစ်ဒဏ် ချမှတ်လိုက်ပါသည်။ သူသည်ညှဥ်းပမ်းနှိပ်စက်မှု (persecution)၊ လူအုပ်စုတစု၏ အဖွဲ့ဝင်အားလုံး ကိုသတ်ဖြတ်ခြင်းခြင်း (extermination) နှင့် ဘော့စနီးယား ခရိုအက်နှင့် မူဆလင်လူမျိုးများအား သတ်ဖြတ်မှုဖြင့် ပြစ်မှုထင်ရှားကြောင်းဖြင့် ပြစ်ဒဏ်ချမှတ်ခံရခြင်းဖြစ်သည်။ သူသည် မျိုးဖြုတ် သတ်ဖြတ်မှု (genocide) စွဲချက်မှ တရားသေလွှတ်ပေးခြင်းခံခဲ့ရပါသည်။ (ICTJ, 2/8/2003)

## ဆာဘ့်ဘရီးနီးကား အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုတွင် မပါဝင်ကြောင်း မီလိုဆီဗစ်ကငြင်းဆို။

ဆာဘ့်ဘရီးနီးကားတွင် လူများအားအစုလိုက်အပြုံလိုက်သတ်ဖြတ်မှုနှင့်ပတ်သက်သည့် သက်သေအထောက်အထားများကို ယူဂိုဆလားဗီးယားနိုင်ငံဟောင်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး (အိုင်စီတီဝိုင်) မှ ကြားနာစစ်ဆေးသောအခါ ယူဂိုဆလဗ်သမတ ဆလိုဗိုဒမ် မီလိုဆီဗစ်က ၁၉၉၅ ခုနှစ် မူဆလင် လူကြီး၊ လူငယ် ၈၀၀၀ အထိ သတ်ဖြတ်မှုတွင် မည်သည့်အခန်းကဏ္ဍမှ မပါဝင်ခဲ့ကြောင်း ငြင်းဆိုခဲ့ပါသည်။ ယခုအမှုတွင် မျက်မြင်သက်သေဖြစ်သော ထိုလူများအား

အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုတွင် ပါဝင်ခဲ့ကြောင်းဝန်ခံပြီး အိုင်စီတီဝိုင်မှ ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခြင်းခံခဲ့ရသူ ဒရာဇန် အာဒီမိုဗစ် Drazen Erdemovic အား မီလိုဆီဗစ်မှ ပြန်လှန်မေးခွန်းများမေးမြန်းခဲ့ပါသည်။ (ICTJ, 26/8/2003)

**ညှင်းပမ်းနှိပ်စက်ခြင်းနှင့် သတ်ဖြတ်ခြင်းဖြင့်စွပ်စွဲခံရသူ လာရောက်အဖမ်းခံ။**

၁၉၉၂ မှ ၁၉၉၄ ခုနှစ်အတွင်း ဆာ့ဘ်လူမျိုးမဟုတ်သူများအား ညှင်းပမ်းနှိပ်စက်ခြင်းနှင့် လူသတ်ခြင်းဖြင့် စွပ်စွဲခံရသူ မီတာ ရာစီဗစ် Mitar Rasevic သည် ယူဂိုဆလားဗီးယားနိုင်ငံဟောင်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာရာဇဝတ်ခုံရုံး (အိုင်စီတီဝိုင်)သို့ လာရောက်အဖမ်းခံခဲ့ပြီး၊ ဘဲလဂရိတ်မှ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံး (အိုင်စီစီ)ရှိရာ သဟိတ်ဂ် မြို့သို့ လွှဲပြောင်းပေးခဲ့ကြောင်းသိရှိရပါသည်။ (ICTJ, 26/8/2003)

**ဆာ့ဘ်စစ်တပ်အရာရှိဟောင်းအား အပြစ်ရှိကြောင်း အိုင်စီတီဝိုင်မှ သုံးသပ်တွေ့ရှိ။**

ယူဂိုဆလားဗီးယားနိုင်ငံဟောင်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာရာဇဝတ်ခုံရုံး (အိုင်စီတီဝိုင်) က ဆာ့ဘ်စစ်တပ်အရာရှိဟောင်း ဒရာဂန် အော့ဘ်ရီနိုဗစ် Dragan Obrenovic အား ၁၉၉၅ ခုနှစ် ဆရက်ဘရီနီးကာတွင် မူဆလင်လူမျိုး ၇၀၀၀ ကျော်သတ်ဖြတ်ခံရခြင်းနှင့်စပ်လျဉ်းသည့် လူသားဖြစ်မှုကို ဆန့်ကျင်ကျူးလွန်သောရာဇဝတ်မှု (Crimes Against Humanity)အတွက် အပြစ်ရှိကြောင်း ချမှတ်လိုက်ပါသည်။ သူသည် လူမျိုးများအားမျိုးဖြုတ်သက်ဖြတ်မှုတွင် ကြံရာပါဖြစ်ခြင်း၊ စစ်ရာဇဝတ်မှုနှင့် လူသားဖြစ်မှုကို ဆန့်ကျင်ကျူးလွန်သော ရာဇဝတ်မှုဖြင့်စွပ်စွဲခံခဲ့ရခြင်းဖြစ်ပါသည်။ သူသည် လူသားဖြစ်မှုကို ဆန့်ကျင်ကျူးလွန်သောရာဇဝတ်မှုအတွက် အပြစ်ရှိကြောင်း ဝန်ခံလျှောက်ထားခဲ့ပြီး အပြန်အလှန်အနေဖြင့် သူ့အားစွဲဆိုထားသော တခြားစွဲချက်များအား ရုပ်သိမ်းပေးခဲ့ပါသည်။ ပြစ်ဒဏ်ကို ဩဂုတ်လတွင်ချမှတ်မည်ဟု မျှော်လင့်ရပါသည်။ (ICTJ, 22/5/2003)

**မီလိုဆီဗစ် မဟာမိတ် ဆားဗီးယားတရားခံနှစ်ဦး ကုလသမဂ္ဂခုံရုံးသို့ လွှဲပြောင်းပေးမည်။**

ယူဂိုဆလားဗီးယားနိုင်ငံဟောင်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး (အိုင်စီတီဝိုင်)မှ တရားလိုရှေ့နေများက ဆားဗီးယားနိုင်ငံ နိုင်ငံတော်လုံခြုံရေးအကြီးအကဲ ဂျိုဗစ်ကာ စတန်နစ်စတတ်က် Jovica Stanisic နှင့် ၎င်း၏ လက်အောက်ခံ ဒုတိယအကြီးအကဲ ဖရန့်ကို ဆီမာတိုဗစ် Franko Simatovic တို့အား ၁၉၉၁ နှင့် ၁၉၉၅ အတွင်း ခရိုအက်နှင့် မူဆလင်များ သတ်ဖြတ်မှုဖြင့် မေလ ၅ ရက်နေ့တွင် စွဲချက်တင်လိုက်ပါသည်။ ဆားဗီးယားနိုင်ငံနှင့် မွန်တန်နီဂရိ ဆိုင်ရာ နိုင်ငံခြားရေးဝန်ကြီး ဂိုရန် ဆဗီးလန်နိုဗစ် Goran Svilanovic က ထိုတရားခံနှစ်ဦးကို ဘဲလ်ဂရိတ်ထောင်မှ နယ်သာလန်နိုင်ငံသို့ မေလကုန်တွင် လွှဲပြောင်းပေးနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်းဆိုပါသည်။

စတန်နစ်စတတ်က်သည် ဆာ့ဘ်အုပ်ချုပ်မှုအောက်က ဆလာဗိုးနီးယားအရှေ့ဖျားနှင့် ခရိုအေးရှားနိုင်ငံ ကရာဂျီနာ Krajina တွင် ကျူးလွန်ခဲ့သော လူသားဖြစ်မှုကိုဆန့်ကျင်ကျူးလွန်သော ရာဇဝတ်မှု (Crimes Against Humanity)နှင့် စစ်ဥပဒေချိုးဖောက်မှု စွဲချက် ၅ ခုဖြင့် တရားစွဲဆိုခံနေရပါသည်။ (ICTJ, 6/5/2003)

### လူများအား အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုဖြင့် ဆာ့ဘ်သုံး ဦး တရားစီရင်ခံရ

၁၉၉၂ –၉၅ ခုနှစ်များအတွင်း ဆာဘ်ဘရီးနီးကား တွင် မူဆလင်ထောင်ပေါင်းများစွာကို ရက်ရက်စက်စက်သတ်ဖြတ်သည့် စစ်ဆင်ရေး၏ ဗဟိုဌာနချုပ်တွင် ရှိနေသည်ဟူသော စွဲချက်ဖြင့် ဘော့စနီးယား ဆာ့ဘ်သုံးဦးသည် မေလ ၁၄ ရက်နေ့တွင် တရားရင်ဆိုင်ခဲ့ရပါသည်။

စစ်ရာဇဝတ်တရားရုံး၏ အလိုရှိဆုံး ဝရမ်းပြေး ဗိုလ်ချုပ် ရက်ကို မလာဒစ် Ratko Mladic ဦးဆောင်သော ဘော့စနီးယား ဆာ့ဘ် တပ်များသည် ဘော့စနီးယား အရှေ့ဘက်စွန်းရှိ မူဆလင်လူမျိုးစု နယ်မြေလေးအား ၁၉၉၅ ခုနှစ် ဇူလိုင်လ ၁၁ ရက်နေ့တွင် စီးနင်းခဲ့ပြီး မူဆလင် လူကြီး၊ လူငယ် ၇၀၀၀ ကျော်အား မစဉ်းစားမဆင်ခြင်သတ်ဖြတ်ခဲ့ပါသည်။

၁၉၉၅ ခုနှစ် ဇူလိုင်လ တွင် ဖြစ်ပွားခဲ့သော ဆာဘ်ဘရီးနီးကား သတ်ဖြတ်မှုအား "ဘော့စနီးယား မျိုးဖြုတ်သက်ဖြတ်မှု"ဟူ၍ ဒုတိယ ကမ္ဘာစစ်အပြီး ဥပရောပမြေပေါ်တွင် ဖြစ်ပွားခဲ့သော အဆိုးဝါးဆုံးသော ရက်စွက်ကြမ်းကြုတ်မှုတခုအဖြစ် ကုလသမဂ္ဂ စစ်ရာဇဝတ်တရားရုံး တရားလိုဘက်ကဖော်ပြထားပါသည်။

ဗီဒိုဂျီ ဘလာဂိုဂျီဗစ် Vidoje Blagojevic နှင့် ဒရာဂန် အော့ရီနိုဗစ် Dragan Obrenovic တို့သည် ဘရာတူးနက် Bratunac နှင့် ဇဗော်နစ်က် Zvornik တပ်ရင်းများဟု လူသိများသော ဆာဘ်ဘရီးနီးကား ကို သိမ်းယူခြင်း၌ တိုက်ရိုက်ပါဝင်သည့် ဘော့စနီးယားဆာ့ဘ် တပ်ဖွဲ့၏ တပ်မှူးနှစ်ဦးဖြစ်ပါသည်။ သူတို့နှစ်ဦးသည် မျိုးဖြုတ်သတ်ဖြတ်မှုတွင် ပါဝင်မှု၊ လူသားဖြစ်မှုကို ဆန့်ကျင်ကျူးလွန်သောရာဇဝတ်မှုနှင့် စစ်ရာဇဝတ်မှုစွဲချက်များကို ရင်ဆိုင်နေရပါသည်။ တပ်ရင်း တရင်း၏ အင်ဂျင်နီယာချုပ်ဖြစ်သူ ဒရာဂန် ဂျော့ကစ် Drangan Jokic မှာ စစ်ရာဇဝတ်မှုနှင့် လူသားဖြစ်မှုကို ဆန့်ကျင်ကျူးလွန်သော ရာဇဝတ်မှုစွဲချက်များဖြင့် တရားရင်ဆိုင်နေရခြင်းဖြစ်ပါသည်။

၎င်းတို့ သုံးဦးစလုံးက စွဲချက်များအတွက် အပြစ်မရှိကြောင်းငြင်းဆိုခဲ့ပြီး၊ သူတို့၏ အထက်အရာရှိများနှင့် လုပ်ဖော် ကိုင်ဖက်များအပေါ် အပြစ်ပုံချရန်ကြိုးစားခဲ့ကြောင်း တရားလိုဘက်မှ အဆိုအရသိရပါသည်။ အကယ်၍ ပြစ်မှုထင်ရှားပါက ၎င်းတို့သည် အများဆုံးထောင်ဒဏ် တသက်ချမှတ်ခံရမည်ဖြစ်သည်။ (The Nation, 15/5/2003)

### ပထမဆုံးခွဲထွက်သွားသော ဆလိုဗေးနီးယားနိုင်ငံခေါင်းဆောင် မီလိုဆီဗစ်အမှု၌ ထွက်ဆိုချက်ပေး။

၁၉၉၁ ခုနှစ်တွင် ယူဂိုဆလားဗီးယားနိုင်ငံဟောင်းမှ ပထမဆုံး ခွဲထွက်သွားသော ဆလိုဗေးနီးယားနိုင်ငံခေါင်းဆောင် မီလန် ကူကန် (Milan Kucan) နှင့် မီလိုဆိုဗစ်တို့ ယူဂိုဆလား ဗီးယားနိုင်ငံဟောင်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး (အိုင်စီတီဝိုင်)မှာ ထိပ်တိုက်တွေ့ ခဲ့ပါသည်။ ကူကန်သည် တရားလိုဘက်မှ မျက်မြင်သက်သေအဖြစ် တရားရုံးတော်တွင် ဆားဗီးယား ခေါင်းဆောင်ဟောင်း မီလိုဆီဗစ်၏ အင်အားသုံးပြီး နယ်နိမိတ်ပြန်လည်ရေးဆွဲခြင်းကို ရည်ညွှန်း၍ ၎င်းသည် ဆာဘ့်လူမျိုးများအား ဆာဘ့်နိုင်ငံရေးအာဏာပိုင်အပြင်ဘက်သို့ မကျရောက်သွားစေရန် ထင်ထင်ရှားရှား ဆောင်ရွက်ခဲ့ကြောင်း ထွက်ဆိုသွားပါသည်။ (ICTJ, 22/5/2003)

### ကိုဆိုဗို အဲလ်ဘေးနီးယန် လေးဦးအား အိုင်စီတီဝိုင်မှ ပြစ်မှုထင်ရှားကြောင်း စီရင်ချက်ချ

၁၉၉၈–၉၉ယူဂိုဆလဗ် တပ်ဖွဲ့များကို ခုခံတိုက်ခိုက်သောစစ်ပွဲအတွင်း သူပုန်တပ်ဖွဲ့ ခေါင်းဆောင်များအဖြစ်နှင့် ကျူးလွန်ခဲ့သော ရက်စက်ယုတ်မာသော လုပ်ရပ်များအတွက် ကိုဆိုဗို အဲလ်ဘေးနီးယန် လေးဦးအား ယူဂိုဆလားဗီးယားနိုင်ငံဟောင်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ရာဇဝတ် ခုံရုံး (အိုင်စီတီဝိုင်) မှ ပြစ်မှုထင်ရှားကြောင်းဖြင့် အပြစ်ဒဏ်ချမှတ်လိုက်ပါသည်။

ရပ်စ်တင်မ် မတ်စ်တဖာ Rustem Mustafa နှင့် ၎င်းအမိန့်အောက်မှ အပေါင်းအပါ သုံးဦးသည် ဆာ့ဘ်ကြီးစိုးသော ဆလိုဘိုဒမ် မီလိုဆီဗစ် အစိုးရနှင့် ပူးပေါင်းသည်ဟုသံသယရှိသူ တခြား အဲလ်ဘေးနီးယန်းတိုင်းရင်းသားများအပေါ် သတ်ဖြတ်မှုများ၊ မတရားဖမ်းဆီးမှုများနှင့် ညှင်းပမ်း နှိပ်စက်ခြင်းတို့အား အမိန့်ပေးခြင်းတို့အတွက် ပြစ်မှုထင်ရှားကြောင်း သိရပါသည်။ ပြစ်ဒဏ်များမှာ ၅ နှစ်မှ ၁၇ နှစ် အထိ ဖြစ်ပါသည်။ အိုင်စီတီဝိုင်မှ ပဋိပက္ခနှင့်ပါတ်သက်၍ သူပုန်ဘက်သို့ ပြစ်မှု ထင်ရှားကြောင်းဖြင့် အပြစ်ဒဏ်ချမှတ်လိုက်ခြင်းသည် ယခုပထမဦးဆုံးအကြိမ်ဖြစ်ပါသည်။ (ICTJ, 18/7/2003)

**ခရိုအေးရှား စစ်တပ်အကြီးအကဲဟောင်း တရားစီရင်ခြင်းမခံရဘဲသေဆုံးသွား။**

ခရိုအေးရှန်း စစ်တပ်အကြီးအကဲဟောင်း ဂျန်ကို ဘိုဘတ်ကို Janko Bobetko သည် လွန်ခဲ့သော ဧပြီလ၊ အသက် ၈၄ အရွယ်တွင် နှလုံးရောဂါနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ အစိတ်အပိုင်းများယိုယွင်းပျက်စီးခြင်းကြောင့် သေဆုံးသွားခဲ့ပါသည်။ ခရိုအေးရှားနိုင်ငံ လွတ်လပ်ရေး ဖခင်ကဲ့သို့ သတ်မှတ်ခံခဲ့ရသည့် ဘိုဘတ်ကိုအား ယူဂိုဆလားဗီးယားနိုင်ငံဟောင်းဆိုင်ရာ အပြည်ပြည် ဆိုင်ရာရာဇဝတ်ခုံရုံး (အိုင်စီတီဝိုင်)က ၁၉၉၃ ခုနှစ် ဆာဘ်အရပ်သားနှင့် စစ်သားများအားသတ်ဖြတ် မှုအတွက် စွဲချက်တင်ခဲ့ပါသည်။ သူ့၏ဆိုးဝါးသောကျန်းမာရေးအခြေအနေကြောင့် သူသည်တရား စီရင်ရာသို့ တခါမျှ ပို့ဆောင်ခြင်းမခံခဲ့ရချေ။ (ICTJ, 1/5/2003)

**အရပ်သားများနေထိုင်ရာမြို့ကို အမြောက်များဖြင့်ပစ်ခတ်မှုအတွက် အပြစ်ရှိကြောင်း ယူဂိုဆလပ် ရေတပ်ဗိုလ်ချုပ်ဟောင်းဝန်ခံ။**

ယူဂိုဆလဗ် ရေတပ်ဗိုလ်ချုပ်ဟောင်း မီအိုဒရက် ဂျိုကစ် Miodrag Jokic သည် လူသတ်မှုနှင့် ထိခိုက်နစ်နာစေသောဖျက်ဆီးမှုများအတွက် အပြစ်ရှိကြောင်း ယူဂိုဆလားဗီးယားနိုင်ငံ ဟောင်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး (အိုင်စီတီဝိုင်) တွင် ဝန်ခံခဲ့ပါသည်။ သူသည် ၁၉၉၁ ခုနှစ် အောက်တိုဘာလနှင့် ဒီဇင်ဘာလအကြား ယူနက်စကို၏ ကမ္ဘာ့သမိုင်း အမွေအနှစ် ရှိရာ ခရိုအေးရှား ပင်လယ်ကမ်းခြေမြို့တမြို့ဖြစ်သည့် ဒူဘရိုနစ် Dubrovnik ကို အမြောက် များပစ်ခတ်ခြင်းဖြင့် အနည်းဆုံးလူပေါင်း ၄၃ သေဆုံးပြီး၊ များစွာဒဏ်ရာရှိစေကာ ရာပေါင်းများစွာ သော သမိုင်းဝင်အဆောက်အဦးများပျက်စီးစေခဲ့ပါသည်။ အပြစ်ရှိကြောင်း ဝန်ခံရန်အတွက် တရားလိုဘက်က တခြားစွဲချက်သုံးခုကို ရုတ်သိမ်းပယ်ဖျက်ပေးခဲ့ပြီး၊ အများဆုံးထောင်ဒဏ် ၁၀ နှစ်သာချမှတ်ပေးရန် တောင်းဆိုချက်ပြုလုပ်ပေးမည် ဖြစ်ပါသည်။ (ICTJ, 28/8/2003)

**အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုနှင့်ပတ်သက်၍ လူပေါင်း ၂၃ ဦးအား ဖမ်းဆီး။**

ဗူကိုဗာ (Vukovar) တွင် ခရိုအေးရှားလူမျိုး အရပ်သား ၂၀၀ ကျော်နှင့် စစ်သုံ့ပန်းများ အား ၁၉၉၁ တွင် အစုလိုက်ရက်စက်စွာသတ်ဖြတ်မှုနှင့် ဆက်နွယ်မှုရှိသူ လူပေါင်း ၂၃ ဦးအား ဆားဗီးယားရဲများက ဖမ်းဆီးလိုက်ကြောင်း ဆားဗီးယားပြည်ထဲရေးဝန်ကြီး ဒူစန် မီဟာလိုဗစ် Dusan Mihajlovic ကထုတ်ပြန်ကြေညာခဲ့ပါသည်။ (ICTJ, 27/5/2003)

**မကောင်းမှုဒုစရိုက်များကို သန့်စင်မည့်ဥပဒေကို ဆားဗီးယားပါလီမန်ကပြဋ္ဌာန်း။**

ဆားဗီးယားပါလီမန်သည် လူ့အခွင့်အရေးချိုးဖောက်သူများ နောက်ဆယ်နှစ်ကျော်တိုင် လူထုအုပ်ချုပ်ရေးဌာနရာထူးများရယူထားခြင်းကို တားမြစ်ကာကွယ်သည့် မကောင်းမှုဒုစရိုက်များကို

သန့်စင်မည့် ဥပဒေတရပ်ကို ပြဌာန်းလိုက်ပါသည်။ ၁၉၇၆ ခုနှစ်မှစ၍ လူ့အခွင့်အရေးချိုးဖောက်သူ လက်ရှိတာဝန်ထမ်းဆောင်ဆဲအရာရှိများအားဖြစ်စေ အနာဂါတ်တွင်တာဝန်ထမ်းဆောင်မည့် အရာရှိများအားဖြစ်စေ စုံစမ်းစစ်ဆေးမှုလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ရန် အဖွဲ့ဝင် ကိုးဦး ပါရှိသော ကော်မတီတရပ်ကို ပါလီမန်က ဇူလိုင်လအကုန်တွင် ခန့်အပ်မည်ဖြစ်ပါသည်။ (ICTJ, 2/6/2003)

## မီလိုဆီဗစ်၏ လုံခြုံရေးမှူးချုပ် သဟိတ်မြို့သို့ရောက်ရှိ။

ဆလိုဗိုဒန် မီလိုဆီဗစ် လက်အောက်မှ ဆားဗီးယား လျှို့ဝှက်ပုလိပ်အဖွဲ့ခေါင်းဆောင်ဟောင်း ဂျိုဗစ်ကာ စတန်နစ်စစ် Jovica Stanisic သည် သူ့အပေါ်စွဲဆိုထားသော လူသားဖြစ်မှုကို ဆန့်ကျင်ကျူးလွန်သော ရာဇဝတ်မှု (Crimes Against Humanity)စွဲချက်ကို ရင်ဆိုင်ရန် သဟိတ် မြို့ရှိ ယူဂိုဆလားဗီးယားနိုင်ငံဟောင်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး (အိုင်စီတီဝိုင်) သို့ရောက်ရှိလာပြီဖြစ်သည်။ သူသည် လွန်ခဲ့သည့် မတ်လ ဆားဗီးယားတွင် ဝန်ကြီးချုပ် ဇိုရန် ဂျင်ဂျစ် Zoran Djindjic လုပ်ကြံသတ်ဖြတ်မှုနှင့် ဆက်စပ်၍ဖမ်းဆီးခံရပြီး အိုင်စီတီဝိုင်က သူထိန်းသိမ်း ခံနေရစဉ် သူ့အပေါ်စွဲချက်တင်ခြင်းကို ပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။ စွဲချက်တွင် ၁၉၉၁ ခုနှစ် ခရိုအေးရှား ဗူကိုဗာတွင် တိုက်ခိုက်မှုအတွင်း ဆေးရုံလူနာပေါင်း ၂၀၀ ကျော်အား အစုလိုက်အပြုံလိုက် သတ်ဖြတ်မှု ၌ ပါဝင်ပတ်သက်ခဲ့သည်ဟူသောစွပ်စွဲချက်လည်း ပါဝင်ပါသည်။ (ICTJ, 12/6/2003)

## အထူးတပ်ဖွဲ့က ဗူကိုဗာသတ်ဖြတ်မှုဖြင့်သံသယရှိသူအား ဖမ်းဆီး။

ရဲများ၏တိုက်ခိုက်မှုမှ ဗစ်ဆီလင် ဆဲလ်ဂျီဗန်ကနင် Veselin Sljivancanin အား ၎င်းကို ထောက်ခံသူများက ကာကွယ်ရန်ကြိုးစားစဉ် ၁၀ နာရီကြာ နှစ်ဦးနှစ်ဘက်ကြား သဘောတူညီမှု မရဖြစ်နေပြီးမှ ဆာ့ဘ်အထူးတပ်ဖွဲ့က ၎င်းအားဖမ်းဆီးလိုက်ပါသည်။ သူသည် ၁၉၉၁ခုနှစ် ခရိုအေးရှား၊ ဗူကိုဗာတွင် ဖြစ်ပွားခဲ့သော အရပ်သား ၂၀၀ ကို အစုလိုက်အပြုံလိုက်သတ်ဖြတ်ခြင်းတွင် ပါဝင်ခဲ့သော သူ၏အခန်းကဏ္ဍအတွက် အိုင်စီတီဝိုင်မှ အလိုရှိနေသူဖြစ်ပါသည်။ ဆဲလ်ဂျီဗန်ကနင်အား ဖမ်းဆီးမှု သည် ဆားဗီးယားနှင့် မွန်တန်နီဂိုသို့ အမေရိကန်၏ ငွေကြေးထောက်ပံ့မှု သက်တမ်းတိုးမြှင့်ဖို့ အမေရိကန်ပြည်ထောင်စုမှ သတ်မှတ်ထားသော အဓိက အချက်တချက်ဖြစ်ပါသည်။ (ICTJ, 16/6/2003)

## ဘဲလ်ဂရိတ်မြို့ တရားစီရင်စစ်ဆေးမှုတွင် ကလေးလေးဦးထွက်ဆိုချက်ပေး။

၁၉၉၈–၉၉ စစ်ပွဲအတွင်း လုပ်ကြံသတ်ဖြတ်ရေး တပ်ဖွဲ့ကို ၎င်းတို့လူ့အဖွဲ့အစည်းအတွင်း ဦးဆောင်ခဲ့သည်ဟူသည့်စွဲချက်ဖြင့် ဘဲဂရိတ်မြို့ ဆာဘ် ရဲအရာရှိ ဆာဆာ ဆီဗက်တန် Sasa Cvjetan အမှု စီရင်စစ်ဆေးခြင်းတွင် ကိုဆိုဗို–အဲလ်ဗေးနီးယန် ကလေး ၄ ဦးတို့ တွက်ဆိုချက် ပေးခဲ့ကြပါသည်။ ထိုတပ်ဖွဲ့မှ သူတို့၏ ဆွေမျိုးများကို ရက်ရက်စက်စက်သတ်ဖြတ်ခြင်းကို တွေ့ခဲ့ရ သည်ဟု ဆိုသော ကလေးများကိုယ်တိုင်လည်း ဒါဏ်ရာများရရှိခဲ့သည်ဟုဆိုပါသည်။ လုံခြုံရေး တင်းကျပ်စွာချထားမှုအောက်မှ ထိုတရားစီရင်စစ်ဆေးခြင်းက ဆားဗီးယားတွင် အဲလ်ဘေးနီးယား လူမျိုးများအပေါ် ကျူးလွန်ခဲ့သော ဆာ့ဘ်တပ်ဖွဲ့များ၏ တာဝန်ရှိမှုအတွက် အပြစ်ပေးရန် ဆန္ဒရှိခြင်း အဖြစ်မှတ်ယူရပါသည်။ အင်္ဂလန်နိုင်ငံ၊ မန်ချက်စတာမြို့တွင် နေထိုင်လျက်ရှိသော ထိုကလေး တဦးခြင်းစီက တရားစီရင်မှုမတိုင်မီဆီဗက်တန်ကို ဘဲလ်ဂရိတ်အကျဉ်းထောင်တွင် မည်သူမည်ဝါဖြစ် ကြောင်း ထုတ်ဖော်ခဲ့ကြသည်။ (ICTJ, 11/7/2003)

## လူသားဖြစ်မှုကို ဆန့်ကျင်ကျူးလွန်သော ရာဇဝတ်မှုအတွက် အပြစ်ရှိကြောင်း ဘော့စနီးယားဆာဘ်တဦးက ဝန်ခံ။

အပြစ်ရှိကြောင်း ဝန်ချရန် သဘောတူညီနိုင်းခြင်း အစိတ်အပိုင်းတခုအဖြစ် ပရက်ဒရက် ဘာနိဗစ် Predrag Banovic သည် လူသားဖြစ်မှုကိုဆန့်ကျင်ကျူးလွန်သော ရာဇဝတ်မှု (Crimes Against Humanity) တခု အတွက် ယူဂိုဆလားဗီးယားနိုင်ငံဟောင်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး (အိုင်စီတီဝိုင်) တွင် အပြစ်ရှိကြောင်းဝန်ချထွက်ဆိုမည်ဖြစ်ပြီး အပြန်အလှန်အနေဖြင့် တရားလိုရှေ့နေများဘက်မှ တခြားစစ်ရာဇဝတ်မှု လေးခုကို ပယ်ဖျက်ရုပ်သိမ်းပေးမည်ဖြစ်သည်။ ဘာနိဗစ်သည် ကာရက်တာန် Keraterm ထိမ်းသိမ်းရေးစခန်းတွင် အစောင့်တဦးဖြစ်ခဲ့ပြီး အိုင်စီတီဝိုင်က သူ့အားဆိုးဝါးစွာပြုမူဆက်ဆံခြင်း၊ ညှင်းပမ်းနှိပ်စက်ခြင်းနှင့် အထိမ်းအသိမ်းခံ မူဆလင်လူမျိုးနှင့် ခရိုအက်လူမျိုးများအား သတ်ဖြတ်မှုဖြင့် စွဲချက်တင်ထားခြင်းဖြစ်ပါသည်။ လူသားဖြစ်မှုကို ဆန့်ကျင်ကျူးလွန်သော ရာဇဝတ်ပြစ်မှုသည် ထောင်ဒဏ်တသက်အထိ ချမှတ် အပြစ်ပေးနိုင်ပါသည်။ တရားသူကြီးများက အမိန့်ချမှတ်မည့် နေ့ရက်ကို သတ်မှတ်ခဲ့ခြင်းမရှိချေ။ (ICTJ, 27/6/2003)

## ဘော့စနီးယားရဲအရာရှိဟောင်း အပြစ်ရှိကြောင်း ဝန်ခံ။

ဘော့စနီးယားရဲအရာရှိဟောင်း ဒါကို မာဂျ Darko Mrdja သည် စစ်ရာဇဝတ်မှုဖြင့် အပြစ်ရှိကြောင်းဖြင့် ယူဂိုဆလားဗီးယားနိုင်ငံဟောင်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာရာဇဝတ်ခုံရုံးသို့ ဖွင့်ဟဝန်ခံခဲ့ပါသည်။ လူသတ်မှုနှင့် ဘော့စနီးယားအရှေ့ဘက်စွန်းရှိ ဗလာစစ် Vlasic တောင်အနီး မူဆလင်လူမျိုး ယောကျ်ားလေး ၂၂၈ ဦးအား ၁၉၉၂ ခုနှစ် တွင် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုနှင့်ဆက်နွယ်သော လူသားဖြစ်မှုကို ဆန့်ကျင်ကျူးလွန်သောရာဇဝတ်မှု (Crimes Against Humanity) စွဲချက်များအတွက် အပြစ်ရှိကြောင်းဝန်ခံခဲ့ပြီး တရားလိုဘက်ကလည်း အပြန်အလှန်အဖြစ် သူ့အားစွဲဆိုထားသော စွဲချက်တခုအားရုပ်သိမ်းပေးရန် သဘောတူခဲ့ပါသည်။ (ICTJ, 27/7/2003)

## ကွန်ဂိုတွင်ဖြစ်ပွားခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများကို အိုင်စီစီက ပထဦးဆုံးစစ်ဆေးနိုင်။

အပြည်ပြည်ဆိုင်ရာရာဇဝတ်တရားရုံး (အိုင်စီစီ) ၏ တရားလိုရှေ့နေချုပ် လူးဝစ် မော်ရီနို အော့ကမ်းပို Luis Moreno Ocampo က အိုင်စီစီသည် ၎င်း၏ ပထမဦးဆုံးသော အမှုကို ကွန်ဂိုအရှေ့ဖျားရှိ အိုင်တူရီ Ituri တွင်ဖြစ်ပွားခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် တာဝန်ရှိသူများအား စုံစမ်းစစ်ဆေးခြင်းဖြင့် စတင်မည်ဟု ဇူလိုင်လ ၁၆ ရက်နေ့တွင် ကြေညာခဲ့ပါသည်။ တရားလိုရှေ့နေအဖွဲ့မှ အမှုဖွင့်မည်ဖြစ်သောကြောင့် မော်ရီနို အော့ကမ်းပိုသည် တရားသူကြီးသုံးဦးပါဝင်သော အကြိုတရားစီရင်စစ်ဆေးရေးအဖွဲ့၏ သဘောတူခွင့်ပြုချက်ကို ပထမဦးဆုံး ရယူရမည်ဖြစ်ပါသည်။ (ICTJ, 20/7/2003)

## အတိတ်က လူ့အခွင့်အရေးချိုးဖောက်မှုများအားစုံစမ်းရန် ကော်မရှင်တခုထူထောင်မည်ဟု ကင်ညာနိုင်ငံအစိုးရက ထပ်မံပြောဆို

ကင်ညာနိုင်ငံ တရားစီရင်ရေးနှင့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးရာ ဝန်ကြီး ကရိုင်တူ မူရန်ဂီ (kiraitu murungi) က သမတဟောင်း ဒဲနီယလ် အရပ် မွိုင်အစိုးရလက်ထက် ညှင်းပမ်းနှိပ်စက်မှုများကို စုံစမ်းစစ်ဆေးရန် ကော်မရှင်တခုတည်ထောင်မည့်အစီအစဉ် ကို ထပ်မံအတည်ပြုပြောကြားခဲ့ပါသည်။ မူရန်ဂီ က ယခုအချိန်သည် ဤကဲ့သို့သော စုံးစမ်းစစ်ဆေးမှုပြုလုပ်ရန်

အချိန်အခါကောင်းဖြစ်သည်ဟု သူထင်မြင်ကြောင်း၊ အတိတ်က လူ့အခွင့်အရေး ချိုးဖောက်မှုများကို သေသေချာချာဖော်ထုတ်ရန် လုံလောက်သောအချက်အလက်များ မပြည့်စုံသည့်အချိန် ကင်ညာနိုင်ငံသားများအကြား မျှော်လင့်ချက်ထားခြင်းများ မြင့်မားခဲ့သည့်နှင့်ပတ်သက်၍ သူ၏ စိုးရိမ်ကြောင့်ကြမှုများကိုလည်း ထုတ်ဖော်ပြောကြားသွားခဲ့ပါသည်။ (BBC, 1/5/2003)

## အမေရိကန်က အီရတ်နိုင်ငံတွင် ရာဇဝတ်တရားရုံးတခုထူထောင်မည်ဟုထုတ်ပြန်ကြေညာ။

အီရတ်နိုင်ငံ အမေရိကန်ပြည်ထောင်စုအုပ်ချုပ်ရေးအဖွဲ့က အမေရိကန်နှင့် ဗြိတိသျှတပ်ဖွဲ့၏ သိမ်းပိုက်ထားခြင်းအား ဆန့်ကျင်ကျူးလွန်သော ရာဇဝတ်မှုကျူးလွန်သူများအား တရားစွဲဆိုရန် ဗဟိုရာဇဝတ်တရားရုံး ထူထောင်မည်ဟု ထုတ်ပြန်ကြေညာခဲ့ပါသည်။ အုပ်ချုပ်ရေးအဖွဲ့က တရားရုံး ထူထောင်ရေးလုပ်ငန်းစဉ်တွင် ၎င်းတို့သည် ဆဒမ်ဟူစိန် နှင့် နီးစပ်သူ တရားရေးအရာရှိအားလုံးကို အလုပ်မှဖြုတ်ပစ်မည်ဟုဆိုပါသည်။ အီရတ်နိုင်ငံမှ အမေရိကန်ပြည်ထောင်စု ထိပ်တန်းအရာရှိ တဦးဖြစ်သူ ပေါလ် ဘရမ်မာ Paul Bremer က ထိုတရားရုံးသည် လူသားဖြစ်မှုကို ဆန့်ကျင် ကျူးလွန်သော ရာဇဝတ်ပြစ်မှု (Crimes Against Humanity)ဖြင့် လူများအား တရားစီရင် နိုင်သော ခုံရုံးတခုအထိ တဖြည်းဖြည်း အသွင်ကူးပြောင်းသွားနိုင်ကြောင်း၊ သို့သော်လည်း ဤကိစ္စ အား အနာဂါတ် အီရတ်အစိုးရမှ ထိုဆုံးဖြတ်ချက်ကို ချမှတ်လိမ့်မည်ဖြစ်ကြောင်းဆိုပါသည်။ (ICTJ, 18/6/2003)

## ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမူကြမ်း ရဝမ်ဒါနိုင်ငံသားများ သဘောတူလက်ခံ

၁၉၉၄ ခုနှစ် မျိုးဖြုတ်သတ်ဖြတ်မှုပေါ်ပေါက်စေသော လူမျိုးရေးအစွန်းရောက်ဝါဒီများအား ထိန်းချုပ်ခြင်းနှင့် ဒီမိုကရေ စီတိုးတက်ထွန်းကားရေးအကြား ထိန်းညှိမှုတခုရယူရန် ကြိုးစားမှုဖြစ်သည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ မူကြမ်းတခုကို ရဝမ်ဒါနိုင်ငံသားများက သောင်းသောင်းဖြဖြ သဘော တူလက်ခံခဲ့ပါသည်။

အကြိုရလာဒ်များက မေလ ၂၆ ရက်နေ့တွင် ပြုလုပ်သော လူထုဆန္ဒခံယူပွဲတခုတွင် ဆန္ဒမဲပေးသူ ၉၀ ရာခိုင်နှုန်းကျော်သည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံမူကြမ်းကို သဘောတူလက်ခံကြောင်း၊ ခရိုင် ၁၂ ထဲမှ ၈ က ရလာဒ်များအရ ၉၀ ရာခိုင်နှုန်းကျော်က ထောက်ခံမဲပေးခဲ့ကြောင်း ရွေးကောက်ပွဲ ကော်မရှင် အမှုဆောင်အတွင်းရေးမှူးကဆိုပါသည်။

ဖွဲ့စည်းအုပ်ချုပ်ပုံ ပြဋ္ဌာန်းချက်များက တဦးတည်းရှိသော ကိုယ်စားလှယ်လောင်းတဦးက ဆန္ဒမဲ ၉၉ ဒသမ ၉၈ ရာခိုင်နှုန်းဖြင့် ဆန္ဒမဲရရှိခဲ့သော ၁၉၈၈ ခုနှစ်နောက်ပိုင်း ဗဟိုအာဖရိကနိုင်ငံ အတွက် ပထမဦးဆုံး သမတရွေးကောက်ပွဲ ကျင်းပနိုင်ရေးကို လမ်းခင်းပေးမည်ဖြစ်သည်။ ထို့ပြင် အရွယ်ရောက်ပြီးသူတိုင်းမဲပေးပိုင်ခွင့်ဖြင့် ပထမဦးဆုံးအကြိမ် အမျိုးသားလွှတ်တော်အဖွဲ့ဝင် ရွေးချယ်ရေးဆီလည်း ဦးတည်မည်ဖြစ်ပါသည်။

အသွင်ကူးပြောင်းရေးကာ ပါလီမန်ကပြုစုသော ထိုဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ မူကြမ်းအား လက်ခံ၊ မခံ တရားဝင်ဖြစ်စေရန် အနည်းဆုံးနိုင်ငံလူဦးရေ၏ ထက်ဝက်ဖြစ်သည့် မဲဆန္ဒရှင် ၃ ဒသမ ၉ သန်းမဲပေးရမည်ဖြစ်သည်။ အကယ်၍မဲဆန္ဒရှင်အများစုက ဖွဲ့စည်းအုပ်ချုပ်ပုံအသစ်ကို လက်ခံပါက တွတ်စီလူမျိုး သမတ ပေါလ် ကာဂါမီသည် အမြန်ဆုံးတရားဝင်ဖြစ်ကြောင်းကြေညာ၍ ဖွဲ့စည်းအုပ်ချုပ်ပုံ စတင်အသက်ဝင်လာမည်ဖြစ်ပြီး၊ လက်ရှိအသွင်ကူးပြောင်းရေးဥပဒေပြုအဖွဲ့များ သည် ရွေးကောက်ပွဲကျင်းပရန်အတွက် လိုအပ်သောဥပဒေများကို ထုတ်ပြန်လိမ့်မည်ဖြစ်ပါသည်။ စောင့်ကြည့်လေ့လာသူများက နိုင်ငံရေးလုပ်ရှားမှုများအပေါ် ချုပ်ချယ်မှုများကို လျော့ပါးစေပြီး၊

သမတအား အရွယ်ရောက်သူတိုင်း မဲပေးခြင်းဖြင့် ၇ နှစ် တစ်ကြိမ်ရွေးချယ်နိုင်မည့် ထိုအခြေခံမူကြမ်းကို ရာဝမ်ဒါနိုင်ငံသား မဲပေးသူများက ကျယ်ကျယ်ပြန့်ပြန့် လက်ခံအတည်ပြုလုပ်မည်ဟု ထင်မြင်ယူဆနေပါသည်။ (The Nation, 27/5/2003)

### သန္နမဲပေးရန်ရက်များ ရာဝမ်ဒါက သုံးဖြတ်သတ်မှတ်

လူပေါင်း ၈၀၀၀၀၀ အသတ်ခံခဲ့ရသော ၁၉၉၄ မျိုးဖြုတ်သတ်ဖြတ်မှုအပြီး ၉ နှစ်ကြာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလပြီးဆုံးသွားကြောင်း အမှတ်အသားအနေဖြင့် ရာဝမ်ဒါ အစိုးရသည် သမတနှင့် ပါလီမန်အမတ်များ ရွေးချယ်တင်မြှောက်ပွဲကျင်းပရန်ရက်များ သတ်မှတ်လိုက်ပါသည်။

အစိုးရကသမတရွေးကောက်ပွဲအား ဩဂုတ်လ ၂၅ ရက်နေ့တွင်ကျင်းပမည်ဖြစ်ပြီး ပါလီမန်အမတ်များ ရွေးကောက်ပွဲကို စက်တင်ဘာလ ၂၉ ရက်နေ့တွင် ကျင်းပမည်ဟု ဇူလိုင်လ ၃ ရက်နေ့တွင် ပြောဆိုခဲ့ပါသည်။ (The Nation, 5/7/2003)

### လူ့အခွင့်အရေးချိုးဖောက်သူများအား တရားစွဲဆိုခြင်းမှ ကာကွယ်ပေးထားသည့်ဥပဒေများရုပ်သိမ်း။

အာဂျင်တီးနား အောက်လွှတ်တော်သည် ၁၉၇၆ မှ ၁၉၈၃ ခုနှစ် "dirty War" အတွင်း ကျူးလွန်ခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှု ကျူးလွန်သူများအား လွှတ်ငြိမ်းချမ်းသာခွင့်ပေးထားသည့် ၁၉၈၆ "Full Stop" ဟုခေါ်သော ဥပဒေတခုနှင့် ၁၉၆၇ "Due Obedience" ခေါ်သောဥပဒေများကို အတည်ပြုပြဌာန်းခြင်းအား ဖျက်သိမ်းရန် ဆန္ဒမဲပေးခဲ့ပါသည်။ ထိုဥပဒေများ ရုပ်သိမ်းရေး နောက်ဆုံးဆုံးဖြတ်ချက်အတွက် ရရှိသောမဲဆန္ဒအရေအတွက်ကို ဆီးနိတ်လွှတ်တော်သို့ ပေးပို့ခဲ့ရာ အောက်လွှတ်တော်ကဲ့သို့ပင် ဆီးနိတ်လွှတ်တော်ကလည်း ဖျက်သိမ်းရန် ဆန္ဒမဲပေးခဲ့ပါသည်။ ယခုအခါ လူ့အခွင့်အရေးရုံးတင်စစ်ဆေးမှုအသစ်များ ရှေ့ဆက်လုပ်နိုင်၊ မနိုင်ကို တရားရုံးချုပ်မှ အပြီးသတ်စီရင်ချက် ချမှတ်မည်ဖြစ်ပါသည်။ ထိုဥပဒေများရုပ်သိမ်းခြင်းသည် စစ်ဘက်ဆိုင်ရာ အရာရှိများအား တရားစွဲဆိုခြင်း ဖြစ်ပေါ်စေနိုင်ပါသည်။ (ICTJ)

### အာဂျင်တီးနားသမတသစ်က တရားမျှတမှုကို ရှာဖွေပေးမည်ဖြစ်ကြောင်း အလေးအနက်ပြုထုတ်ဖော်ပြောကြား။

မကြာသေးမီကမှ ရွေးကောက်တင်မြှောက်ခံခဲ့ရသော အာဂျင်တီးနား သမတ နက်စ်တာ ကာချနာ Nestor Kirchner က သူသည် လူ့အခွင့်အရေးချိုးဖောက်သူတရားခံများအား ပြစ်မှုကျူးလွန်ရာသို့ တရားခံလွှဲပြောင်းခွင့်ပြုမည့်အကြောင်း၊ တရားရုံးချုပ်မှ လက်ရှိကျင်သုံးနေသော လွှတ်ငြိမ်းချမ်းသာခွင့်ဥပဒေ၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့်မညီသော အပြစ်မှလွှတ်ပေးခြင်းများကို ရှင်းလင်းထုတ်ဖေါ်စေကြောင်းနှင့် စစ်ဘက်ဆိုင်ရာအဆင့်မြင့်ရာထူးမှ ဖြုတ်ပစ်စေလိုကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။ သူ၏ပထမဦးဆုံးသောမိန့်ခွန်းတွင် သမတကြီးက ၁၉၇၆ မှ ၁၉၈၃ ခုနှစ် အာဂျင်တီးနားနိုင်ငံ၏ "dirty War" ကာလအတွင်းပျောက်ဆုံးသွားရသူ ၃၀၀၀၀ အတွက် တရားမျှတမှုကို ရှာဖွေပေးမည်ဟု အလေးအနက်ဂတိကဝတ်ပြုသွားပါသည်။ (ICTJ)

### အာဂျင်တီးနားရေတပ်ဗိုလ်ကြီးဟောင်း စပိန်နိုင်ငံသို့တရားစီရင်ရန် လွှဲပြောင်းပေးခြင်းခံရ။

၁၉၇၆ မှ ၁၉၈၃ ခုနှစ် "dirty War" နှင့် စပ်လျဉ်းပြီး အာဂျင်တီးနား ရေတပ်ဗိုလ်ကြီးဟောင်းတဦးဖြစ်သူ ရီကာဒို ကာဗယ်လ်ဒို Ricardo Cavallo အား မျိုးဖြုတ်သတ်ဖြတ်မှုနှင့်

အကြမ်းဖက်မှုစွဲချက်များအားရင်ဆိုင်ရန် မက္ကဆီကန် တရားရုံးချုပ်က အမိန့်ချမှတ်လိုက်ပြီး၊ မက္ကဆီကိုနိုင်ငံမှ စပိန်နိုင်ငံသို့ တရားခံလွှဲပြောင်းပေးလိုက်ပါသည်။ စပိန်တရားသူကြီး Baltasar Garzon က ကာဗယ်လ်လိုအား အာဂျင်တီးနားနိုင်ငံတွင် သေဆုံးသွားခဲ့ရသော စပိန်အရပ်သားများအတွက် စုံစမ်းစစ်ဆေးခြင်း၏ အစိတ်အပိုင်းတခုအနေဖြင့် တရားစွဲဆိုခဲ့ခြင်းဖြစ်ပါသည်။ စပိန်နိုင်ငံ မက်ဒရစ်ရောက်သောအခါ အာမခံဖြင့်လွှတ်မထားပဲ အကျဉ်းချထားခဲ့ပါသည်။ (ICTJ)